# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်　　၂၀၂၀ ပြည့်နှစ်၊ မေ ၁ ရက်၊ သောကြာနေ့　　အတွဲ (၅၉)၊ အမှတ် (၂၁၁)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

# COVID-19 ကပ်ရောဂါဆိုးကြီးကို ကျော်လွှားနိုင်ရန် ပြည်သူလူထုတစ်ရပ်လုံးက တုံ့ပြန်ဆောင်ရွက်နေသည့်အချိန်တွင် အလုပ်သမားများ၏ တက်ကြွစွာပူးပေါင်းပါဝင် လုပ်ဆောင်မှုများကို အသိအမှတ်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံမှ အလုပ်သမားနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ

(၂၀၂၀ ပြည့်နှစ်၊ မေလ ၁ ရက်)

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား–**

ယနေ့ကျရောက်သည့် အလုပ်သမားနေ့အခါသမယတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ အလုပ်သမားထုတစ်ရပ်လုံးနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရောက်ရှိနေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ COVID–19 ကပ်ရောဂါကြောင့် တွေ့ကြုံရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကိုလည်း ပြည်သူများနှင့်အတူ ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၁၉ ရာစုအတွင်း ကမ္ဘာတစ်လွှားမှ ဖိနှိပ်ခံအလုပ်သမားများသည် ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိရေးအတွက် အခက်အခဲများကြားမှ နည်းလမ်းမျိုးစုံဖြင့် တောင်းဆိုခဲ့ကြသည့် အလုပ်သမားကြီးများ၏

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID –19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

**နေပြည်တော် ဧပြီ ၃၀**

Coronavirus Disease 2019 (COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ဓာတ်ခွဲ) ပါမောက္ခ ဒေါ်ဌေးဌေးတင်က (COVID–19) ရောဂါရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊

*စာမျက်နှာ ၄ ကော်လံ ၁* ❇

# ၂၀၂၀ ပြည့်နှစ် အလုပ်သမားနေ့အား ဂုဏ်ပြုပါ၏။



မြန်မာ့အလင်း

# ၁၃၁ နှစ်မြောက် မေဒေး

ယနေ့ မေလ ၁ ရက်နေ့သည် မေဒေးဟုလည်း သိရှိကြသည့် ကမ္ဘာ့အလုပ်သမားနေ့ဖြစ်သည်။ မေဒေးကို ကမ္ဘာ့အလုပ်သမားနေ့ဟူ၍ စတင်သတ်မှတ်ခဲ့သည့် ၁၈၈၉ ခုနှစ်မှ စတင်ရေတွက်လျှင် နှစ်ပေါင်း ၁၃၁ နှစ်ပင် ရှိခဲ့ပြီဖြစ်သည်။

ကမ္ဘာ့အလုပ်သမားနေ့ စတင်ပေါ်ပေါက်ခဲ့သည့် ၁၉ ရာစု နှောင်းပိုင်းကာလသည် ပထမစက်မှုတော်လှန်ရေးခေတ်၊ ရေနွေးငွေ့စွမ်းအင်ဖြင့် အင်ဂျင်များကိုလည်းပတ်ပြီး ကုန်ပစ္စည်းများ အစုလိုက်အပြုံလိုက် ထုတ်လုပ်လာနိုင်သည့်ခေတ်၊ ငွေကြေးနှင့် စက်ကိရိယာ၊ စက်ရုံအလုပ်ရုံ စသည့်ကုန်ထုတ်လုပ်သည့် အရင်းအနှီးများကို ပိုင်ဆိုင်သည့် အရင်းရှင်နှင့် လုပ်အားကိုသာပိုင်ဆိုင်သည့် အလုပ်သမားဟူသည့် လူတန်းစားနှစ်ရပ်တို့ စတင်ပေါ်ပေါက်လာသည့်ခေတ်ဖြစ်သည်။ ထိုခေတ်ကာလ အရင်းရှင်တို့၏ အမြတ်အစွန်းကြီးကြီးမားမား ရယူလိုမှုလောဘဇောကြောင့် အလုပ်သမားလူတန်းစားတို့မှာ ဖိနှိပ်ခံ၊ ကုပ်သွေးစုပ်ခံ၊ အမြတ်ထုတ်ခံရသူများဘဝ ကျရောက်ရပြီး လူမှုရေး၊ ကျန်းမာရေး စသည့် အဆင့်အတန်းများမှာ ဆိုးဆိုးရွားရွား နိမ့်ကျခဲ့ရာ မသေရုံတစ်မည်မျှဖြင့် ရှင်သန်ခဲ့ကြရသည်။

အရင်းရှင်ခေတ်တွင် သန္ဓေတည်မွေးဖွားလာခဲ့သည့် အတွေးအခေါ်တစ်ရပ်မှာ ဆိုရှယ်လစ်ဝါဒဖြစ်သည်။ ဘုံဝါဒဟူ၍လည်း ဆိုကြသည်။ လူသားတို့၏ သမိုင်းကို ဆိုရှယ်လစ်ဝါဒီတို့က စီးပွားရေးအခြေခံအဆောက်အအုံအမြင်ဟုဆိုကာ သမိုင်းဦးဘုံမြေခေတ်၊ ကျေးပိုင်ကျွန်ပိုင်ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်နှင့် ဆိုရှယ်လစ်ခေတ်ဟူ၍ ခေတ်ကြီး ငါးခေတ် ပိုင်းခြားသတ်မှတ်ခဲ့သည်။ ခေတ်သစ်တစ်ခေတ် မွေးဖွားလာသည့်အခါ ခေတ်ဟောင်းက ပျက်သုဉ်းရသည့် သမိုင်းဖြစ်စဉ်ကို ဖော်ထုတ်ခဲ့ပြီး အရင်းရှင်ခေတ်ကို ခေတ်ပြောင်းတော်လှန်ရေး ဆင်နွှဲ၍ ဖျက်သိမ်းပြီး ပေါ်ပေါက်လာမည့် ဆိုရှယ်လစ်ခေတ်ကိုမူ နောက်ထပ်ပြောင်းလဲရန် မလိုတော့သည့် အန္တိမခေတ်ဟု ဆိုခဲ့သည်။ ဆိုရှယ်လစ်ဝါဒကို ယုံကြည်သည့် နိုင်ငံများလည်း ပေါ်ထွန်းလာခဲ့ပြီး ၂၀ ရာစုသည် အရင်းရှင်နိုင်ငံများနှင့် ဆိုရှယ်လစ်နိုင်ငံများ၊ အနောက်အုပ်စုနှင့် အရှေ့အုပ်စု၊ လက်ယာနှင့် လက်ဝဲတို့အကြား အယူဝါဒရေးနှင့် စစ်ရေးတို့ ယှဉ်ပြိုင်မှု ပြင်းထန်ခဲ့သည့် စစ်အေးကာလဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီး အပြီးတွင် လွတ်လပ်ရေးရရှိလာသည့် နိုင်ငံငယ်များအပေါ် အဆိုပါအုပ်စုကြီးနှစ်စုက ဩဇာလွှမ်းမိုးရန် အပြိုင်အဆိုင် ကြိုးပမ်းခဲ့ကြသည့် ကာလလည်း ဖြစ်သည်။

ဆိုရှယ်လစ်ဝါဒီတို့က ဆိုရှယ်လစ်စနစ်အတွင်း နောက်ထပ်ခေတ်ပြောင်းရန်မရှိတော့ဟု ၎င်းတို့၏ သီအိုရီအရ ယုံကြည်ခဲ့ကြသော်လည်း လက်တွေ့တွင်မူ ဆိုရှယ်လစ်နိုင်ငံများမှာ ရာစုနှစ်တစ်ခုစာပင် ခံနိုင်ရည်မရှိခဲ့။ စီမံကိန်းချ စီးပွားရေးစနစ်အောက်တွင် အရှုံးအမြတ်နှင့် ဈေးကွက်တို့ ပျောက်ဆုံးသွားခဲ့သလို ကုန်ထုတ်လုပ်မှုများလည်း ကျဆင်းသွားခဲ့သည်။ ကုန်ပစ္စည်းများ၏ အရည်အသွေး၊ ဝန်ဆောင်မှုအဆင့်အတန်း၊ လုပ်သားများ၏ ထုတ်လုပ်နိုင်သည့်စွမ်းအား၊ စားသုံးသူများ၏ ရွေးချယ်ခွင့် စသည်တို့လည်း ပျက်သုဉ်းသွားခဲ့ပြီး အရင်းရှင်လူတန်းစား၏နေရာတွင် အာဏာရှင်တို့နေရာယူလာသည်။ နောက်ထပ်နောက်ထပ် ဆင့်ပွားပေါ်လာသည့် ပြဿနာများနှင့် ဆိုရှယ်လစ်နိုင်ငံများ ရှုပ်ထွေးရစ်ပတ်နေချိန်တွင် အတိတ်ကာလက အရင်းရှင်နိုင်ငံများမှ အရင်းရှင်စနစ်မှာမူ ပြောင်းလွယ်ပြင်လွယ်ဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ကာ ကမ္ဘာကို ဦးဆောင်နိုင်ခဲ့ကြသည်။

မိမိတို့နိုင်ငံသည်လည်း တစ်ခေတ်တစ်ခါက လက်ဝဲယိမ်းခဲ့သည့်နိုင်ငံ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ဆိုသည့် ဝါဒတစ်ရပ်ကို ဆယ်စုနှစ်သုံးစုစာခန့် ကျင့်သုံးခဲ့ဖူးပြီး ခါးသီးသည့်အတွေ့အကြုံရှိခဲ့သည့်နိုင်ငံ ဖြစ်သည်။ မျက်မှောက်ကာလတွင်မူ ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးကာ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းနေပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ဦးတည်အကောင်အထည်ဖော်နေချိန်ဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်တွင် အရင်းရှင်တို့ ရှင်သန်ဖွံ့ဖြိုးဖို့လိုသည်။ သို့မှသာ စီးပွားရေးတိုးတက်မည်။ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရာတွင် အလုပ်သမားတို့သည်လည်း မပါ၍မဖြစ်။ သို့ဖြစ်ရာ အရင်းရှင်နှင့် အလုပ်သမားတို့မှာ စီးပွားဖက်၊ မိတ်ဖက်များဖြစ်ရမည်။ အပြန်အလှန်အကျိုးပြုနိုင်မှ နှစ်ဦးလုံးရှင်သန်နိုင်မည်။ အရင်းရှင်တို့က ၎င်းတို့စိုက်ထုတ်ထားသည့် အရင်းအနှီးအတွက် အကျိုးအမြတ်ရရှိရန် လိုအပ်သလို အလုပ်သမားအနေဖြင့်လည်း ၎င်း၏ လူမှုရေးလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် လိုအပ်သည်။ တစ်ဦး၏ လိုအပ်ချက်ကို တစ်ဦးက အပြန်အလှန် နားလည်ကြဖို့ပင်ဖြစ်သည်။

အထူးသတိပြုရမည့်အချက်မှာ အမှောင့်ပယောဂများနှင့် သွေးထိုးမြှောက်ပင့်မှုများကို နားမယောင်ရန်၊ ဥပဒေကို လေးစားလိုက်နာရန်နှင့် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့် တွေးခေါ်မြော်မြင်မှုများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး မျှော်တွေးနိုင်ကြရန် ဖြစ်ပါကြောင်း။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာန၏ အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူ

**နေပြည်တော် ဧပြီ ၃၀**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အခြေစိုက် အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာန (ASEAN Institute for Peace and Reconciliation–ASEAN IPR) တွင် အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်အထိ (၃)နှစ် သက်တမ်းတာဝန်ထမ်းဆောင်ရန် အဆိုပြုလျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။

လုပ်ငန်းတာဝန်နှင့် သတ်မှတ်အရည်အချင်းများအပါအဝင် အသေးစိတ်အချက်အလက်များကို အာဆီယံ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့၏ website များဖြစ်သည့် https://asean-aipr.org/ resources/ vacancy-executive- director/ နှင့် https://asean.org/ opportunities/ vacancies-asec/ တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ပိုင် မော်တော်ယာဉ် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေးကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၃၀**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ပိုင် မော်တော်ယာဉ် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့်စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့တွင် ကျင်းပရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံး စုံညီစွာ တက်ရောက်ကြပြီး စုံစမ်းစစ်ဆေးရေးလုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ဆောင်ရွက်မည့်နည်းလမ်းများကို ဆွေးနွေးကြသည်။

စုံစမ်းစစ်ဆေးရေးကော်မတီက လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာစံနှုန်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရေးကို သဘောတူကြပြီး စုံစမ်းစစ်ဆေးရေးကော်မတီ၏ မြေပြင်ကွင်းဆင်းစစ်ဆေးမှု လုပ်ငန်းများကိုလည်း အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တီးတိန်မြို့ပြည်သူ့ဆေးရုံအတွက် အသက်ရှူအထောက်အကူပြုကိရိယာ လှူဒါန်း

**ဟားခါး ဧပြီ ၃၀**

ချင်းပြည်နယ် ကိုဗစ် – ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကာလအတွင်း တီးတိန်မြို့ ပြည်သူ့ဆေးရုံ၌ အသုံးပြုနိုင်ရန်လိုအပ်လျက်ရှိသော ငွေကျပ်သိန်း၂၅၀ တန်ဖိုးရှိ အသက်ရှူအထောက်အကူပြုကိရိယာ တစ်လုံးကို ယနေ့နံနက် ၁၁ နာရီက တီးတိန်မြို့ ပြည်သူ့ဆေးရုံသို့ လာရောက်တပ်ဆင် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။



အဆိုပါစက်မှာ ဂျာမနီနိုင်ငံထုတ် Drager အမှတ်တံဆိပ် စက်အမျိုးအစားဖြစ်ပြီး ဝယ်ယူတပ်ဆင် လှူဒါန်းနိုင်ရန်အတွက် IGE Group ကုမ္ပဏီမှ ငွေကျပ် သိန်း ၁၅၀၊ New Day Energy ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀ စိုက်ထည့်လှူဒါန်းခဲ့ကြပြီး ပညာရှင်များက တီးတိန်မြို့ ပြည်သူ့ဆေးရုံ၌ ယနေ့နံနက် ၁၁ နာရီက တပ်ဆင်ပြီးခဲ့ကြောင်း သိရသည်။

အဆိုပါ စက်လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက တီးတိန်မြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပရာ ချင်းပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှစိုး၊ မြို့နယ်ဆရာဝန် ဒေါက်တာဇော်မြင့်နိုင်နှင့် အလှူရှင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး အလှူရှင်များအား ချင်းပြည်နယ်အစိုးရအဖွဲ့ကဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြင့်နိုင်စိုး (ပြန်/ဆက်)

# ပြည်သူသာလျှင် အဓိက

- ❑ COVID-19 ကပ်ရောဂါနှင့် အထွေထွေရိုက်ခတ်မှုကြောင့် ပိတ်သိမ်းသွားသည့် အလုပ်ဌာနများမှ လူမှုဖူလုံရေးအာမခံကြေး ထည့်ဝင်ထားသည့် အလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဖိုး၊ ခရီးစရိတ်များကို အလုပ်လက်မဲ့ဖြစ်သည့်နေ့မှ တစ်နှစ်အထိ တိုးမြှင့်ခံစားနိုင်ရန် စီမံဆောင်ရွက်ထား
- ❑ မြန်မာနိုင်ငံသားပိုင် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများနှင့် အငယ်စား၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လူမှုဖူလုံရေးရန်ပုံငွေမှ ကျပ် ၅၀ ဘီလီယံကို COVID-19 ရန်ပုံငွေထူထောင်ရာတွင် ထည့်သွင်း မတည်ခဲ့

◆ ရှေ့ဖုံးမှ

ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုသောအားဖြင့် မေလ ၁ ရက်နေ့ကို ကမ္ဘာ့အလုပ်သမားနေ့အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မေလ ၁ ရက်နေ့ကို ကမ္ဘာ့အလုပ်သမားနေ့အဖြစ် ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်းရာကျော်ခဲ့ပြီ ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်း အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆက်ဆံရေးကောင်းမွန်ပြီး တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များ ဖြစ်ပေါ်စေရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များရရှိစေရေး၊ ပြည်တွင်း၊ ပြည်ပ၌ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိစေရေးနှင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေး၊ လုပ်သားထု ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ပေးနိုင်ရန် လုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်သင်ကြားပေးရေး၊ အလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် လူမှုဖူလုံရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် လုပ်ငန်းခွင် မတော်တဆထိခိုက်မှု၊ လုပ်ငန်းခွင်ရောဂါရရှိခံစားရမှု လျှော့နည်းကျဆင်းရေး၊ အလုပ်သမားရေးရာ အငြင်းပွားမှုများကိုလွတ်လပ်ပြီး တရားမျှတမှုရှိသော သုံးပွင့်ဆိုင်စနစ်ဖြင့် ညှိနှိုင်းဖျန်ဖြေဆုံးဖြတ်ပေးရေးတို့အတွက် ဥပဒေများပြဋ္ဌာန်းပြီး စည်းကြပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မူဝါဒပိုင်းနှင့် လက်တွေ့ကျင့်သုံးမှုပိုင်းတွင် လူမှုရေးတွေ့ဆုံဆွေးနွေးမှုများအားကောင်းရန်ဆောင်ရွက်ခြင်း၊ ကောင်းမွန်သော ဥပဒေမူဘောင်များနှင့် အလေ့အကျင့်ကောင်းများကို လိုက်နာကျင့်သုံးခြင်းတို့ဖြင့် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်ရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

စတုတ္ထစက်မှုတော်လှန်ရေး (Industrial Revolution 4.0) ခေတ်ကာလတွင် အလုပ်သမားများ၏ ကျွမ်းကျင်မှု အရေးပါလာသောကြောင့် မြန်မာလုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority–NSSA) ဖွဲ့စည်းခဲ့ပါသည်။

NSSA ၏ ဦးဆောင်မှုဖြင့် လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များက အလုပ်အကိုင် (၅၂)မျိုးအတွက် ကျွမ်းကျင်မှု “စံ” များရေးဆွဲသတ်မှတ်ထားပါသည်။ NSSA အသိအမှတ်ပြုကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ရေးဌာနများတွင် အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသောကြောင့် အလုပ်ရှင်များအနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးရန်လည်း အလေးထားတိုက်တွန်းလိုပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

အလုပ်သမားများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေးတို့အပြင် အခြေခံလိုအပ်ချက်များကို ပြည့်မီစေရန် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေနှင့်အညီ အနည်းဆုံးအခကြေးငွေကို တတိယအကြိမ် ပြင်ဆင်သတ်မှတ်နိုင်ရေး အမျိုးသားကော်မတီက သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်ကော်မတီများ၏ အကြံပြုချက်များရယူကာ သုံးပွင့်ဆိုင်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို အထောက်အကူဖြစ်စေရန် Decent Work Country Programme–DWCP (2018–2021) ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီဖွဲ့စည်း၍ အထူးအလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား-**

အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုရရှိခံစားနိုင်ရေး၊ ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်ရေးအတွက် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလထိ လူမှုဖူလုံရေးစီမံကိန်း အကျုံးဝင်သည့် အာမခံအလုပ်သမားအင်အား ၁ ဒသမ ၄၆ သန်းကျော်ရှိပြီဖြစ်ပါသည်။ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရန် သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း၊ စီမံခန့်ခွဲမှုကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း၊ ဥပဒေရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲခြင်းတို့ကို ILO နှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ နည်းပညာအကူအညီ ထောက်ပံ့မှုများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

COVID-19 ကပ်ရောဂါနှင့် အထွေထွေရိုက်ခတ်မှုကြောင့် ပိတ်သိမ်းသွားသည့် အလုပ်ဌာနများမှ လူမှုဖူလုံရေးအာမခံကြေး ထည့်ဝင်ထားသည့် အလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဖိုး၊ ခရီးစရိတ်များကို အလုပ်လက်မဲ့ဖြစ်သည့်နေ့မှ တစ်နှစ်အထိ တိုးမြှင့်ခံစားနိုင်ရန် စီမံဆောင်ရွက်ထားပါသည်။ မြန်မာနိုင်ငံသားပိုင် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများနှင့် အငယ်စား၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လူမှုဖူလုံရေးရန်ပုံငွေမှ ကျပ် ၅၀ ဘီလီယံကို COVID-19 ရန်ပုံငွေထူထောင်ရာတွင် ထည့်သွင်း မတည်ခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်သူတစ်ရပ်လုံးအနေဖြင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အထူးသဖြင့် COVID-19 ကပ်ရောဂါရိုက်ခတ်မှုကြောင့် လတ်တလောဖြစ်ပေါ်နေသည့် အခက်အခဲအကျပ်အတည်းများကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများနှင့် ကျွမ်းကျင်ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများ အားလုံးပါဝင်ပြီး စုပေါင်းအားဖြင့် သတိ၊ ဝီရိယ၊ ပညာ အားကိုး၍ ပူးပေါင်းရင်ဆိုင်ကျော်လွှားရမည်ဖြစ်ပါသည်။ COVID-19 ကပ်ရောဂါဆိုးကြီးကို ကျော်လွှားနိုင်ရန် ပြည်သူလူထုတစ်ရပ်လုံးက တုံ့ပြန်ဆောင်ရွက်နေသည့်အချိန်တွင် အလုပ်သမားများ၏ တက်ကြွစွာပူးပေါင်းပါဝင် လုပ်ဆောင်မှုများကိုလည်း အသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား-**

အလုပ်သမားများအနေဖြင့် ပြင်ဆင်ပြဋ္ဌာန်းထားသည့် အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ အဖွဲ့အစည်းဝင်အလုပ်သမားများ ကိုယ်တိုင်ဖွဲ့စည်းပုံစည်းမျဉ်းနှင့် လုပ်ငန်းစဉ်များကိုချမှတ်ပြီး လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည့် အလုပ်သမားအဖွဲ့အစည်းများလည်း ပေါ်ပေါက်လာပြီဖြစ်ပါတယ်။ ထိုအဖွဲ့အစည်းများသည် မိမိအဖွဲ့အစည်း၊ မိမိအသိုက်အဝန်း၊ မိမိအဖွဲ့ဝင်များ၏ အကျိုးစီးပွားများကို ဖော်ဆောင်ပေးရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေး၊ နိုင်ငံရေး အမြတ်ထုတ်ရန်အတွက် ဥပဒေနှင့်မညီသည့် ဆူပူမှု၊ ဆန္ဒပြမှုများ ဖြစ်ပွားစေရန် ဘေးက သွေးထိုးလှုံ့ဆော်မှုများ ဝင်ရောက်လာတတ်သည်ကိုလည်း အထူးသတိပြုကြရန် လိုအပ်မည်ဖြစ်ပါသည်။

ဈေးကွက်စီးပွားရေးစနစ်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားထု၏ အင်အားသည် အဓိကကျသကဲ့သို့ အလုပ်အကိုင်များ ဖန်တီးပေးသည့် အလုပ်ရှင်များသည်လည်း အလုပ်သမားများအတွက် မရှိမဖြစ်သော မိတ်ဖက်ဖြစ်ပါသည်။ ထို့ကြောင့် အလုပ်ရှင်နှင့် အလုပ်သမားများ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိတို့အကျိုးစီးပွားဖြစ်ထွန်းစေနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူဖြစ်စေပါသည်။ ထို့ပြင် လုပ်ငန်းခွင်ဘေးကင်း လုံခြုံပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် လုပ်သားအရင်းအမြစ် ဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးနိုင်မှသာ ဈေးကွက်စီးပွားရေးအတွက် တည်ငြိမ်သည့် အခြေအနေကောင်းများရရှိပြီး အားကောင်းသည့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ သို့မှသာ အလုပ်သမားထုအတွက်လည်း ရေရှည်တည်တံ့သည့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာကာ မိမိတို့၏ စွမ်းဆောင်ရည်အပေါ်မူတည်ပြီး ထိုက်သင့်သည့် ဝင်ငွေကောင်းများ ရရှိခံစားနိုင်ကြမည် ဖြစ်ပါသည်။

အလုပ်သမားများ လုပ်သလောက် အကျိုးခံစားခွင့်ရရှိ၍ သင့်တင့်သည့် လူနေမှုဘဝပိုင်ဆိုင်ကာ နေ့ချင်းရေးအတွက် ပူပန်စရာမလိုသည့် အဆင့်မျိုး ရရှိအောင် နိုင်ငံတော်အစိုးရအနေဖြင့် ဆက်လက်ကြိုးစားဖော်ဆောင်ပေးသွားမည် ဖြစ်ပါသည်။ စီးပွားရေးမိတ်ဖက်များအဖြစ် အပြန်အလှန်အကျိုးပြုနေသည့် အလုပ်သမားများနှင့် အလုပ်ရှင်များသည်လည်း နိုင်ငံတော်အစိုးရနှင့်အတူ ဟန်ချက်ညီပူးပေါင်း၍ ရင်ဆိုင်ကြုံတွေ့နေရသည့် အတားအဆီးအခက်အခဲများကို မဆုတ်မနစ်သော ကြိုးစားအားထုတ်မှုဖြင့် ကျော်ဖြတ်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော် တည်ဆောက်ရေးတို့တွင် တစ်တပ်တစ်အား ပါဝင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

## ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ကို ခေတ္တရွှေ့ဆိုင်းကြောင်းနှင့်ပတ်သက်၍ ပြည်သူလူထုကို အသိပေး

လက်ရှိဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကြောင့် ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်ကို မေလတွင် ပြန်လည်စတင်ရန် လျာထားခဲ့သော်လည်း လက်ရှိ ရောဂါကူးစက်မှုအခြေအနေကြောင့် ထပ်မံရွှေ့ဆိုင်းသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို အသိပေးအပ်ပါသည်။

ကာကွယ်ဆေးထိုး စုရပ်များမှတစ်ဆင့် ကာကွယ်ဆေးလာထိုးသော ကလေးငယ်များ၊ ကလေး အုပ်ထိန်းသူ/မိဘများနှင့် ကျန်းမာရေးဝန်ထမ်းများကို ရောဂါမကူးစက်စေရန် ပုံမှန် ကာကွယ်ဆေးထိုးအစီအစဉ်ကို မေလတွင် မထိုးသေးဘဲ ထပ်မံရွှေ့ဆိုင်းရခြင်းဖြစ်ပါသည်။

ဆေးရုံများတွင် ထိုးနှံပေးလျက်ရှိသော အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး (မွေးကင်းစ)၊ ဘီစီဂျီကာကွယ်ဆေး(မွေးကင်းစ) နှင့် မေးခိုင်-ဆုံဆို့ ကာကွယ်ဆေး(ကိုယ်ဝန်ဆောင်)များကို ဆက်လက်ထိုးနှံပေးပါမည်။ ထို့အပြင် ဆေးရုံတက်ကုသမှုခံယူပြီး ဆေးရုံဆင်းမည့် ကလေးများကိုလည်း အကြိမ်ပြည့်ရန် လိုအပ်သော ကာကွယ်ဆေးများကို ထိုးနှံပေးပါမည်။

ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ကို ကြိုတင်အသိပေး၍ အမြန်ဆုံး ပြန်လည်စတင်သွားမည်ဖြစ်ရာ ပြန်လည်စတင်မည့်အချိန်တွင် မိဘပြည်သူများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်များကို တိကျစွာလိုက်နာ၍ မိမိကလေးများကို မပျက်မကွက် ကာကွယ်ဆေးထိုး/တိုက် သွားကြရန် တိုက်တွန်းအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ) ဦးရဲမင်းဇော် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများကို အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

*❊ ရှေ့ဖုံးမှ*

ခွဲစိတ်ခွဲစမ်းသပ်စစ်ဆေးခြင်း လုပ်ငန်းများနှင့် ဆက်စပ်သောပစ္စည်းများ ထောက်ပံ့ရေး၊ (COVID–19) ရောဂါရှာဖွေနိုင်သော စမ်းသပ်မှုအရေအတွက် ပိုမိုတိုးမြှင့်နိုင်ရေး နည်းလမ်းများ၊ ရောဂါဗေဒဆရာဝန်များ၏ ဇီဝလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ရောဂါရှာဖွေရေးအတွက် ရယူရသည့် နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်များ နည်းစနစ်မှန်စွာ ရယူခြင်း၊ ထုပ်ပိုးခြင်း၊ ပေးပို့သယ်ဆောင်ခြင်းကိစ္စရပ်များကိုလည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာလှက (COVID–19)ရောဂါကုသရေးအတွက် ဆေးရုံများ ပြင်ဆင်ထားရှိမှု၊ ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်နေမှု၊ (COVID–19) ရောဂါ လူနာများအား ကုသစောင့်ရှောက်ပေးနေမှု အခြေအနေတို့ကိုလည်းကောင်း၊ တောင်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး တွဲဖက်ကုသရေးတာဝန်ခံ၊ ရန်ကုန်ဆေးတက္ကသိုလ်(၁) အပူပိုင်းနှင့် ကူးစက်ရောဂါပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါ်မိုးမိုးစမ်းက(COVID–19) ရောဂါ၏ ရောဂါလက္ခဏာပြောင်းလဲလာမှု၊ ရောဂါကူးစက်နိုင်သည့် အခြေအနေများ၊ (COVID–19) ရောဂါမပြန့်ပွားစေရန် ဆောင်ရွက်နေမှု၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များ လိုက်နာမှု၊ လက်ရှိအခြေအနေတွင် ဆေးရုံများ၌ (COVID–19)လူနာများအား နိုင်နိုင်နင်းနင်း ကုသပေးနိုင်မှု၊ နိုင်ငံတကာတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ဆရာဝန်များနှင့် အတွေ့အကြုံများဖလှယ်ပြီး (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အကောင်းဆုံးနည်းလမ်းများ ဖော်ထုတ်နေမှုတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုအနေဖြင့် (COVID–19) ရောဂါနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ လိုက်နာပြီး ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ပေးကြရန်၊ မိမိကိုယ်ကို ကာကွယ်ရန်နှင့် မိမိကတစ်ဆင့် တခြားသူအား မကူးစက်စေရေး သတိပြုကြရန်နှင့် နိုင်ငံတော်အစိုးရက ဖြည့်ဆည်းပေးရမည့် ကိစ္စရပ်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

### နိုင်ငံတော်က တာဝန်ယူမည်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် မိမိတို့နိုင်ငံသည် ချမ်းသာသည့် နိုင်ငံမဟုတ်သော်လည်း တတ်နိုင်သမျှ အကောင်းဆုံး ကုသမှုပေးနေပါကြောင်း၊ ရောဂါပြင်းထန်သည်ဖြစ်စေ၊ မပြင်းထန်သည်ဖြစ်စေ ဆေးရုံတွင် ခေါ်ယူကုသပေးနေပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ဘက်က များစွာကြိုးစားရပါကြောင်း၊ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုသည် အင်မတန်မှ လိုအပ်ပါကြောင်း၊ ရှိသမျှ အရင်းအမြစ်များဖြင့် နိုင်ငံတော်က တာဝန်ယူမည်ဟု အစကတည်းက ဆုံးဖြတ်ထားပါကြောင်း။

ကျန်းမာရေးဌာနဘက်က မည်မျှကြိုးစားကြိုးစား၊ ပြည်သူများအနေဖြင့် မိမိကိုယ်တိုင် ပူးပေါင်းဆောင်ရွက်ရမှ ဖြစ်မည်ဆိုသည်ကို နားလည်ရန် အင်မတန်အရေးကြီးပါကြောင်း၊ နိုင်ငံတော်ကလည်း ကျန်းမာရေးဝန်ကြီးဌာန၏ အလုပ်များ၊ ကျန်းမာရေးဌာနအသီးသီး၏ အလုပ်များကို ပံ့ပိုးပေးရန် ကြိုးစားဆောင်ရွက်နေပါကြောင်း၊ ယခုကဲ့သို့ ရုန်းကန်ရချိန်တွင် ပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ လူများစွာ ရောဂါဖြစ်လာလျှင် နိုင်ငံတော်တွင်ရှိသည့် ကျန်းမာရေး အရင်းအမြစ်များဖြင့် ယင်းစိန်ခေါ်မှုကြီးကို ရင်ဆိုင်ကျော်လွှားနိုင်ရန် များစွာရုန်းကန်ရမည်ဖြစ်ပါကြောင်း။

ယခုဆိုလျှင် ထိုင်းနိုင်ငံဘက်မှ အလုပ်သမားများ ပြန်လည်ဝင်ရောက်လာရန် ပြင်ဆင် နေကြပြီဖြစ်ပါကြောင်း၊ ဧပြီ ၃၀ ရက်နောက်ပိုင်းအထိ စောင့်ဆိုင်းရန် တရားဝင်ပန်ကြားထားပါကြောင်း၊ ဝင်ရောက်လာမည့် လူဦးရေ အင်မတန်များပြားမည်ဖြစ်ပါကြောင်း၊ နောက်ဆုံးသတင်းများအရ လူဦးရေ တစ်သိန်းကျော်နိုင်သည်ဟု သိရှိရပါကြောင်း၊ အထူးသဖြင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများ ဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံသားများဖြစ်ပါက တရားဝင်သွားရောက်သည်ဖြစ်စေ၊ တရားမဝင်သွားရောက်သည်ဖြစ်စေ ပြန်လည်လက်ခံမည်ဖြစ်ပါကြောင်း။

ယခုအချိန်တွင် ပြည်သူများအနေဖြင့် များစွာပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အားလုံးက မည်သူမဆိုဖြစ်နိုင်သည်၊ ယင်းရောဂါကို ရနိုင်သည်ဆိုသည့် စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အားလုံးက သွေးစည်းရန်၊ စည်းလုံးညီညွတ်ရန်၊ ကိုယ်ချင်းစာစိတ်ရှိရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များကိုလည်း များစွာဂုဏ်ယူပါကြောင်း၊ ယနေ့ဆိုလျှင် (COVID–19)ရောဂါ ရင်ဆိုင်ရေး၊ ကျော်လွှားရေး၊ ယင်းစိန်ခေါ်မှုကို အနိုင်ယူရေးအတွက် ပူးပေါင်းဆောင်ရွက်နေသည့်အတွက် မိမိတို့အနေဖြင့် များစွာအားတက်ပါကြောင်း၊ ကျေးဇူးတင်သင့် တင်ထိုက်သူကို ကျေးဇူးတင်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ပါကြောင်း၊ (COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် ပါဝင်သူအားလုံးကို ပြည်သူများကိုယ်စား၊ နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အတွက် ထမ်းဆောင်ရမည့် တာဝန်များကို ထမ်းဆောင်ပေးသည့်အတွက်လည်း ကျေးဇူးတင်ပါကြောင်း။

### တာဝန်သိစိတ်ဖြင့် ပါဝင်ရမည်

ပြည်သူများသည်သာ အဓိကဖြစ်ပါကြောင်း၊ (၅၅)သန်းသော ပြည်သူများ ပါဝင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် (COVID–19)ရောဂါ စိန်ခေါ်မှုကြီးကို ကျော်လွှားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက မည်မျှကြိုးစားကြိုးစား၊ ဝန်ကြီးဌာနက လုပ်ဆောင်ရုံဖြင့် မပြီးပါကြောင်း၊ နိုင်ငံတော်ကလည်း ရှိသမျှအရင်းအမြစ်များကို မည်မျှထုတ်ပြီးသုံးသုံး မပြီးပါကြောင်း၊ ပြည်သူများ ပါဝင်ပြီး တစ်ဦးချင်းတစ်ဦးချင်းက တာဝန်သိစိတ်ဖြင့် ပါဝင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ဆောင်ရွက်နေသည့် လုပ်ငန်းများအားလုံး အောင်မြင်ပါစေ။ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်ပေးသည့် ကုသိုလ်ကောင်းမှုများအတွက်လည်း များစွာ ခံစား၊ စံစားရပါစေ။ နှစ်သစ်တွင်လည်း နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

> ◆ **ကျန်းမာရေးဌာနဘက်က မည်မျှကြိုးစားကြိုးစား၊ ပြည်သူများအနေဖြင့် မိမိကိုယ်တိုင် ပူးပေါင်းဆောင်ရွက်ရမှ ဖြစ်မည်ဆိုသည်ကို နားလည်ရန် အင်မတန်အရေးကြီး**
>
> ◆ **နိုင်ငံတော်ကလည်း ကျန်းမာရေးဝန်ကြီးဌာန၏ အလုပ်များ၊ ကျန်းမာရေးဌာနအသီးသီး၏ အလုပ်များကို ပံ့ပိုးပေးရန် ကြိုးစားဆောင်ရွက်နေ**

## နယ်စပ်ရေးရာဝန်ကြီးဌာနက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ သန့်ရှင်းသောသောက်သုံးရေ လှူဒါန်း

**နေပြည်တော် ဧပြီ ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ ယခုလို ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလ၌ ရင်ဆိုင်ကြုံတွေ့ရသည့် သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ မဖြစ်ပေါ်စေရန်နှင့် သန့်ရှင်းသော သောက်သုံးရေဖူလုံစေရေးအတွက် နှစ်စဉ်နှစ်တိုင်း ရေလှူဒါန်းမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ **(ယာပုံ)**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၉ ရက်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများ ဦးဆောင်၍ ပျဉ်းမနားမြို့နယ်အတွင်းရှိ စက်ကုန်းကျေးရွာသို့ ရေဂါလန် ၄၀၀၀၊ ဖက်ကုန်းကျေးရွာသို့ ရေဂါလန် ၂၀၀၀ စုစုပေါင်း ရေဂါလန် ၆၀၀၀ ကို အိမ်ထောင်စုများအလိုက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်ဖြင့် သယ်ဆောင်၍ စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့သည်။

ထို့အပြင် ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ရေရှားပါးသည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ မိုးမကျမီကာလအထိ သန့်ရှင်းသော သောက်သုံးရေများ အလှည့်ကျ ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဧပြီ ၂ ရက်မှ ၂၉ ရက်ထိ ရေဂါလန် စုစုပေါင်း ၁၀၈၀၀၀ လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုသားချင်းများ



တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးဟာ ပြည်ထောင်စုသားချင်းများ ဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့သာ စည်းလုံးညီညွတ်မှုကို ရရှိစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းမှာ မတူညီတဲ့လူမျိုး၊ မတူတဲ့ဘာသာစကား၊ မတူတဲ့ကိုးကွယ်မှုများရှိလင့်ကစား၊ စည်းလုံးညီညွတ်စွာနေရေးကို ဦးတည်ကြရပါမယ်။ ကျွန်မတို့အားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်တာနဲ့အညီ ဒီပြည်ထောင်စု၊ ဒီမြေ၊ ဒီရေကို ချစ်မြတ်နိုးပြီး ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တိုးတက်ဖွံ့ဖြိုးမှုနဲ့ သာယာခိုင်မာတဲ့ ပြည်ထောင်စုတစ်ခု တည်ဆောက်ရေးကို တန်ဖိုးထားကြဖို့က အင်မတန်မှ အရေးကြီးပါတယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

---

** ကျော်ဖုံးမှ*

လွှတ်တော်ကိုယ်စားလှယ်များ၏ ကျန်းမာရေးစစ်ဆေးစောင့်ရှောက်မှု ခံယူနိုင်ရေးနှင့် သွားလာနေထိုင်ရေးတို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း၍ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အစည်းအဝေးကာလမတိုင်မီ ကြိုတင်၍ COVID-19 ရောဂါ ရှိ မရှိ စစ်ဆေးပေးနိုင်ရေးအတွက် အစည်းအဝေး တက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နေပြည်တော်သို့ မေ ၉ ရက်ထက် မစော ၁၀ ရက်ထက် နောက်မကျစေဘဲ လာရောက်ကြရန် ပြင်ဆင်ခေါ်ယူသွားမည် ဖြစ်ပါကြောင်း၊ မဲဆန္ဒနယ်မြေအသီးသီးမှ အစည်းအဝေး တက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ အချိန်မီ လာရောက်နိုင်ရေးကိုလည်း သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ထားပါကြောင်း၊ ယခု ကျင်းပပြုလုပ်မည့် လွှတ်တော်များ၏(၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်နှင့် လုံခြုံရေးနှင့် ကျန်းမာရေးကို အထူးဂရုပြုဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုကော်မတီနာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမန်းဝင်းခိုင်သန်းက (၁၆)ကြိမ်မြောက် လွှတ်တော်ပုံမှန်အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၂၇ ရက်တွင် စတင်ကျင်းပရန် လျာထားခဲ့သော်လည်း COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေကြောင့် ရွှေ့ဆိုင်းထားခြင်း ဖြစ်ပါကြောင်း၊ ယခုအခါတွင် လွှတ်တော်အစည်းအဝေးခေါ်ယူဆောင်ရွက်ပေးရမည့် လုပ်ငန်းကိစ္စရပ်များအတွက် ကန့်သတ်ကာလ အခြေအနေအရ လွှတ်တော်အစည်းအဝေးကို ခေါ်ယူပေးရခြင်း ဖြစ်ပါကြောင်း၊ COVID-19ရောဂါ ကူးစက်ဖြစ်ပွားမှု အန္တရာယ်ကာကွယ်ထိန်းချုပ်ရေးအတွက် သင့်လျော်ကောင်းမွန်သည့် အစီအစဉ်များဖြင့် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေး နည်းလမ်းများကို ဝိုင်းဝန်းအကြံပေးကြရန်နှင့် ပူးပေါင်းဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၀) တွင် အမှာစကားပြောကြားစဉ်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက လုပ်ငန်းကော်မတီများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူးများနှင့် လွှတ်တော်ရုံး အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

*◆ ကျော်ဖုံးမှ*

ကိုရီးယားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသော မြန်မာနိုင်ငံသား ၉၆ ဦးအား ပထမအသုတ်အဖြစ် မြန်မာနိုင်ငံသို့ ပြန်လာနိုင်ရေးအတွက် နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် Coronavirus Diseases 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံမှ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကိုရီးယားသမ္မတနိုင်ငံရှိ မြန်မာသံရုံး နှင့် ကိုရီးယားသမ္မတနိုင်ငံ အစိုးရတို့အကြား ညှိနှိုင်းမှုများ ပြုလုပ်၍ စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း ဖြစ်သည်။





ကိုရီးယားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

အဆိုပါ မြန်မာနိုင်ငံသား ၉၆ ဦး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များအား အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ရေး၊ ကျန်းမာရေး စိစစ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့် နေရာ သို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၃၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**နေရာကျဲကျဲ**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# အမျိုးသားရေးတက်ကြွလှုပ်ရှားသူ အမ်အေဒေါ်အုန်း သို့မဟုတ် ပါဠိ(အရှေ့တိုင်းပညာဌာန) မန္တလေးတက္ကသိုလ်၏မိခင်ကြီး

ဒေါက်တာအောင်သန်းဝင်း (အရှေ့တိုင်းပညာ)



အမ်၊ အေ ဒေါ်အုန်း၊ ဌာနမှူး( ၁၉၄၇-၅၈) နှင့် ပါမောက္ခ/ဝိဇ္ဇာမဟာဌာနမှူး(၁၉၅၈-၆၆)

**မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံးတွင် မြန်မာအမျိုးသမီးများသည် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားစေရန် စံနမူနာပြ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစရိုက် လက္ခဏာများ၊ မပျောက်ပျက်စေရန်နှင့် အမျိုးအနွယ် မတိမ်ကောစေရန် ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ မြန်မာအမျိုးသမီးတို့သည် မျိုးဆက်သစ်လူငယ်များစွာကို မွေးထုတ်ပေးလျက်ရှိသော မိခင်တာဝန်တစ်ခုတည်းသာမက စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု စသောနိုင်ငံတော်၏ လိုအပ်ချက်များကိုလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးလျက်ရှိသည်။ ထိုအထဲတွင် ပါမောက္ခ၊ အမ်အေ ဒေါ်အုန်း သည်လည်း တစ်ဦးအပါအဝင် ဖြစ်သည်။**

ဆရာမကြီးသည် အပျိုကြီးဖြစ်သော်လည်း မျိုးဆက်သစ်လူငယ်များစွာကို မွေးထုတ်ပေးသော အမျိုးသားရေး တက်ကြွလှုပ်ရှားသူဖြစ်ခြင်း၊ မန္တလေး တက္ကသိုလ် စတင်တည်ထောင်သူများတွင် ပါဝင်သူ တစ်ဦးဖြစ်ခြင်း၊ မျိုးဆက်သစ်ကျောင်းသား၊ လူငယ်များ ကို နိုင်ငံ့သားကောင်းရတနာများအဖြစ် မွေးထုတ်ပေးသော ပါမောက္ခတစ်ဦးဖြစ်ခြင်း၊ နိုင်ငံတော်မှ နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့် ချီးမြှင့်ခံထားရသူဖြစ်ခြင်း စသည်တို့ကြောင့် အမ်အေဒေါ်အုန်းသည် လေးစား၊ အားကျ၊ အတုယူဖွယ်ကောင်းသော ပထမဆုံးသော အမျိုးသမီး ပါဠိပါမောက္ခ ဖြစ်ပေသည်။

စစ်ကြိုခေတ် တက္ကသိုလ်နယ်မြေတွင် ဂုဏ်ပုဒ် အသီးသီးနှင့် ထင်ပေါ်ကျော်ကြားသော အမျိုးသမီးများ ပေါ်ပေါက်ခဲ့ရာ ရွှေမန်းသူ မအုန်းဟုဆိုလျှင် ရဲရဲတောက် သပိတ်မှောက် ကျောင်းသူအဖြစ်နှင့် လည်းကောင်း၊ တပင်တိုင်မင်းသမီးအဖြစ်နှင့် လည်းကောင်း မသိသူ မရှိသလောက်ပင် ကျော်ကြားသည်။ စစ်ပြီးခေတ်၌ကား အမ်အေမအုန်း၊ ပါဠိဒေါ်အုန်းဟူ၍ ပညာရေး လောက၊ နိုင်ငံရေးလောက၊ စာပေလောကတို့၌ ထင်ရှားလာခဲ့သူဖြစ်သည်။

## ပညာသင်ယူခဲ့သောကျောင်းများ

၁၉၁၃ ခုနှစ် ဇူလိုင်လ ၆ ရက် တနင်္ဂနွေနေ့တွင် အဖဦးကျော်ရာ (ရွှေဘို) နှင့် အမိ ဒေါ်ခင် (အင်းဝ) တို့က မန္တလေးမြို့ ကဋ္ဌဏီမဟီရပ်ကွက် တရုတ်တန်းတွင် ဖွားမြင်ပြီး မွေးချင်းရှစ်ယောက်အနက် သတ္တမမြောက် ဖြစ်သည်။ ၁၉၂၅ ခုနှစ်၌ အမျိုးသမီးနေရှင်နယ်ကျောင်း တွင် စတင်ပညာသင်ကြားခဲ့သည်။ စတုတ္ထတန်း အောင်မြင်ပြီးနောက် အမျိုးသားနေရှင်နယ်ကျောင်းသို့ ပြောင်းရွှေ့ပညာသင်ကြားသည်။ ၁၉၃၀ ပြည့်နှစ်တွင် အမျိုးသားနေရှင်နယ်ကျောင်းမှ ပါဠိနှင့် သင်္ချာ နှစ်ဘာသာဂုဏ်ထူးဖြင့် ဆယ်တန်းအောင်မြင်သည်။ ၁၉၃၁ ခုနှစ်၌ မန္တလေးအစိုးရဆရာဖြစ်သင် (နော်မံ) ကျောင်းမှ ဆယ်တန်းဆရာဖြစ် လက်မှတ်ရခဲ့သည်။ ၁၉၃၂-၃၃ ၌ မန္တလေးဥပစာကောလိပ်မှ ပါဠိနှင့် သဘာဝတ္ထ(ယုတ္တိဗေဒ) နှစ်ဘာသာဂုဏ်ထူးဖြင့် ဥပစာ တန်း(အိုင်အေ) အောင်မြင်ခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပါဠိဝိဇ္ဇာဂုဏ်ထူးတန်းတက်ရောက် ရာ ၁၉၃၆ ခုနှစ်တွင် အောင်မြင်ခဲ့သည်။ ၁၉၃၇ မှ ၁၉၃၈ ခုနှစ်အထိ မဟာဝိဇ္ဇာတန်းသို့ ဆက်လက်တက်ရောက် ခဲ့ရာ ပါဠိမဟာဝိဇ္ဇာဘွဲ့ကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

## ဆောင်ရွက်ခဲ့သော လုပ်ငန်းတာဝန်များ

၁၉၃၆ မှ ၁၉၄၁ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် ပါဠိဌာန၌ နည်းပြအဖြစ် လည်းကောင်း၊ အင်းလျားဆောင် ဒုတိယအဆောင်မှူးအဖြစ် လည်းကောင်း တာဝန် ထမ်းဆောင်ခဲ့သည်။ ၈-၁၂-၁၉၄၁ မှ ၁၉၄၇ ဧပြီလ အတွင်းဖြစ်ပွားသော ဒုတိယကမ္ဘာစစ်ကြီးအပြီး၌ ပညာရေးဝန်ကြီး ဦးရာဇတ်၏ တာဝန်ပေးချက်အရ မန္တလေးဥပစာကောလိပ် စတင်တည်ထောင်သည့် ၁၉၄၇ ခုနှစ် ဇွန်လမှစ၍ မန္တလေးတက္ကသိုလ်၌ ၁၉၆၆ ခုနှစ် အငြိမ်းစားယူချိန်အထိ မန္တလေးတက္ကသိုလ်တွင် တစ်ဆက်တည်း တာဝန်ထမ်းဆောင်ခဲ့သည်။

၁-၆-၁၉၄၇ မှ ၃၁-၅-၁၉၄၈ အထိ မန္တလေးဥပစာ ကောလိပ် ပါဠိဌာန လက်ထောက်ကထိကနှင့် အမျိုးသမီးအဆောင်မှူး၊ ၁-၆-၁၉၄၈ မှ ၃၁-၅-၁၉၅၁ အထိ မန္တလေး ဒီဂရီကောလိပ် ပါဠိဌာန လက်ထောက် ကထိကနှင့် အမျိုးသမီးအဆောင်မှူး၊ ၁-၆-၁၉၅၁ မှ ၁၈-၈-၁၉၅၈ အထိ မန္တလေးတက္ကသိုလ် ပါဠိကထိကနှင့် အမျိုးသမီး အဆောင်မှူး၊ (၁-၁၀-၁၉၅၇ မှ ၁-၄-၁၉၅၈ အထိ ကျောင်းအုပ်ကြီး ဦးကိုလေး နိုင်ငံခြားသို့ သွားရောက်စဉ် ခေတ္တကျောင်းအုပ်ကြီးတာဝန် ပူးတွဲ ထမ်းဆောင်သည်။) ၁၉-၈-၁၉၅၈ မှ ၁၁-၁၁-၁၉၆၆ အထိ သီးခြားတက္ကသိုလ် ပါဠိဌာန၌ ပါမောက္ခအဖြစ်ဖြင့် လည်းကောင်း၊ အမျိုးသမီးကျောင်းဆောင် (ရွှေမန်းဆောင်) အဆောင်မှူးအဖြစ်ဖြင့် လည်းကောင်း အဆင့်ဆင့်တာဝန် ထမ်းဆောင်ခဲ့သည်။ ၂၁- ၁၁- ၁၉၅၈ နေ့၌ မန္တလေး တက္ကသိုလ်၏ ပထမဆုံးသော ဝိဇ္ဇာမဟာဌာနမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

## အမျိုးသားရေးလှုပ်ရှားမှုများ

ဒေါ်အုန်း၏မိသားစုများသည် မျိုးချစ်စိတ်ပြင်းပြသော ဂျီ၊ စီ၊ ဘီ၊ အေလက်ဟောင်း ဝံသာနုအမာခံကြီးများ ဖြစ်ကြ သည်။ အမျိုးသားရေးလှုပ်ရှားမှုရှိတိုင်းကျရာ တာဝန်ကို တက်တက်ကြွကြွ ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည်။ အစ်မလတ် ဒေါ်သိုက်နှင့် ဒေါ်နှင်းဦးတို့မှာ အစိုးရကျောင်း များတွင်လခကောင်းကောင်းနှင့် လုပ်ဆောင်နိုင်စွမ်းရှိကြသော်လည်း အမျိုးသားနေရှင်နယ်ကျောင်းဝယ် လခမမှန် တစ်လှည့်မှန်တစ်လှည့်၊ ခေတ်ကပင် အမျိုးသားရေးလှုပ်ရှား ရင်း ဆရာမလုပ်ခဲ့ကြသည်။ ဒေါ်အုန်းသည်လည်း ငယ်ရွယ် စဉ်ကပင် အမျိုးသားရေး၊ နိုင်ငံရေးတို့နှင့် ယဉ်ပါးကာ အမျိုးသားရေးလှုပ်ရှားမှုများနှင့် လွတ်လပ်ရေးတိုက်ပွဲများ တွင် ကျရာနေရာမှ ကျေပွန်စွာဆောင်ရွက်ခဲ့သည်။

> **ဆရာမကြီးသည် အပျိုကြီးဖြစ်သော်လည်း မျိုးဆက်သစ်လူငယ်များစွာကို မွေးထုတ်ပေးသော အမျိုးသားရေးတက်ကြွလှုပ်ရှားသူဖြစ်ခြင်း၊ မန္တလေး တက္ကသိုလ် စတင်တည်ထောင်သူများတွင် ပါဝင်သူတစ်ဦးဖြစ်ခြင်း၊ မျိုးဆက် သစ်ကျောင်းသား၊ လူငယ်များကို နိုင်ငံ့သားကောင်းရတနာများအဖြစ် မွေးထုတ် ပေးသော ပါမောက္ခတစ်ဦးဖြစ်ခြင်း၊ နိုင်ငံတော်မှ နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့် ချီးမြှင့်ခံထားရသူဖြစ်ခြင်း စသည်တို့ကြောင့် အမ်အေဒေါ်အုန်းသည် လေးစား၊ အားကျ၊ အတုယူဖွယ်ကောင်းသော ပထမဆုံးသော အမျိုးသမီး ပါဠိပါမောက္ခ ဖြစ်ပေသည်။**

၁၉၃၁ ခုနှစ် ဩဂုတ်လ၌ ပြည်လုံးကျွတ် အမျိုးသမီး ညီလာခံကြီး မန္တလေး အိမ်တော်ရာဘုရားဝင်းအတွင်း ကျင်းပခဲ့သည်။ ထိုညီလာခံတွင် ဂျီ၊ စီ၊ ဘီ၊ အေလက်ဟောင်း ကြီးရွှေလက်ဝါးနှင့် ပယင်းရောင် အားတိုးဆေး ဦးကျော်ရန် ၏သမီး ဒေါ်ထား-အက်ဖ်အေ၊ကာလကတ္တား ယူနီဗာစီတီက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒေါ်အုန်းကအတွင်းရေးမှူး အဖြစ်လည်းကောင်း တာဝန်ယူခဲ့သည်။၁၉၂၀ ပြည့်နှစ် သပိတ်ကြောင့် ပေါက်ဖွားလာသည့် သက်တမ်းခုနစ်နှစ်မျှ သာရှိသော မန္တလေးဥပစာကောလိပ်ကို ဖျက်သိမ်းပစ်မည် ဟု ရန်ကုန်တက္ကသိုလ် အာဏာပိုင်တို့က ရာဇသံပေးသဖြင့် ၁၉၃၂ ခုနှစ်တွင် ကျောင်းသား ကျောင်းသူတို့သည် အိမ်တော်ရာဘုရားသို့ ချီတက်၍ ကန့်ကွက်ဆန္ဒပြကြသည်။ ဦးကျော်ငြိမ်း၊ ဗိုလ်ခင်မောင်လေး၊ ဒေါ်အုန်း၏ မောင်သခင် သိန်းအောင်၊ တက်ဘုန်းကြီးသိန်းဖေမြင့်၊ မြန်မာ့လမ်းစဉ် သတင်းစာ ဦးစိန်ဝင်းတို့နှင့်အတူဒေါ်အုန်းသည် ဆန္ဒပြပွဲကို ခေါင်းဆောင်ခဲ့သည်။ ၁၉၃၄ ခုနှစ် ပါဠိဝိဇ္ဇာဂုဏ်ထူးတန်း တက်ရင်း အင်းလျားဆောင် သမဂ္ဂကိုယ်စားလှယ်၊ အင်းလျားဆောင်သဟာယနှင့် စာဖတ်အသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၆ ခုနှစ်တွင် ကိုအောင်ဆန်း၊ ကိုကြီးနုတို့ကို တက္ကသိုလ်မှ ထုတ်ပယ်လိုက်၍ ပေါ်ပေါက်လာသောသပိတ် ကြီးတွင် အမာခံကျောင်းသူကြီးများဖြစ်ကြသော ဒေါ်အမာ၊ ဂျူံမကြီး၊ ဒေါက်တာ ဒေါ်ခင်အေးမြင့်တို့နှင့်အတူ ကျောင်းသူများကို ခေါင်းဆောင်ကာ သပိတ်မှောက်ခဲ့သည်။ သပိတ်စခန်းဖြစ်သော ရွှေတိဂုံဘုရား မော်လမြိုင်ဇရပ်တွင် သပိတ်မှောက်သည့်နေ့မှစပြီး သပိတ်လုပ်ငန်းတာဝန်များ ကိုထမ်းဆောင်လျက် ရှိရာ သပိတ်စခန်းရုပ်သိမ်းမှသာလျှင် ဒေါ်အုန်းသည် အိမ်သို့ပြန်ခဲ့သည်။ ၁၉၃၅ ခုနှစ်အက်ဥပဒေ အရ ဗြိတိသျှအစိုးရက အိန္ဒိယပြည်မှ ဗမာပြည်ကို ခွဲထုတ် ပြီးလျှင် ဗမာပြည်အား(၉၁) ဌာနအုပ်ချုပ်ရေးပေးအပ်လိုက် သည်။ထို့ကြောင့် ၁၉၃၆ ခုနှစ်နိုဝင်ဘာလ၌ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပရမည်ဖြစ်သည်။ မန္တလေးမြို့ ကျုံးထောင့်၌ ရွေးကောက်ပွဲဝင်ရန် ပဏာမဆွေးနွေးပွဲ အတွက် တစ်ပြည်လုံးဆိုင်ရာ ငါးပွင့်ဆိုင်အဖွဲ့မှ ညီလာခံကြီး ခုနစ်ရက်တိုင်တိုင်ကျင်းပရာ အမျိုးသမီးနေ့၌ ဆရာတော် ဦးဥတ္တမ၏ နမဝမ်းကွဲတော်သူ ရခိုင်အမျိုးသမီးကြီး ဒေါ်မြမေက ဥက္ကဋ္ဌ၊ ဒေါ်အုန်းက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၈ ခုနှစ်တွင် ရေနံမြေသပိတ် အရေးအခင်း ပေါ်ပေါက်လာရာ ဒေါ်အုန်း၏မောင် သခင်သိန်းအောင်နှင့် ဦးလှရွှေ ဦးစီးသော တက္ကသိုလ်ကျောင်းသားသမဂ္ဂက ကိုဗဆွေနှင့် ကိုဗဟိန်းကိုလွှတ်ပေးရန် အတွင်းဝန်ရုံးကို ဝိုင်းဝန်းပိတ်ဆို့ကန့်ကွက် ဆန္ဒပြရန်၊ ထိုသို့ဆန္ဒပြရာ၌လည်း ကျောင်းသားသမဂ္ဂက ကျောင်းသားများသာမကကျောင်းသူ များပါ ပါဝင်သင့်ကြောင်း ဆုံးဖြတ်ကြသည်။ ထိုအခါ ဒေါ်အုန်းသည် အင်းလျားဆောင်၏ ဟောကျူတာပင် ဖြစ်လင့်ကစား အမျိုးသားရေးစိတ်ဓာတ် ပြင်းပြစွာဖြင့် ရဲရဲ ဝံ့ဝံ့ပင် ဒေါ်ခင်မြ(အငြိမ်းစားပါမောက္ခ၊ ပညာရေးတက္ကသိုလ်) နှင့် အတူ ကျောင်းသူများကို စည်းရုံးသိမ်းသွင်းကာ ခေါင်းဆောင်၍ဆန္ဒပြခဲ့သည်။ ဆန္ဒပြရာမှ အပြန်တွင် အင်းလျားအဆောင်မှူးကြီး မစ္စစ်ဗိုက်က ဒေါ်အုန်းအား ခေါ်ယူပြစ်တင် ကြိမ်းမောင်းပြီး သက်ဆိုင်ရာအာဏာပိုင် အဖွဲ့ထံသို့ တိုင်တန်းစာပေးပို့ခဲ့သည်။

၁၉၄၀ ပြည့်နှစ်တွင် သခင်မြတာဝန်ယူသော ပြည်တွင်း တော်လှန်ရေးလုပ်ငန်းများကို အစ်ကိုကြီးသခင်အေးမောင် ကြီး၏ အိမ်၌ဌာနချုပ်ပြုလုပ်လျက် ဆောင်ရွက်ကြသည်။ ဒေါ်အုန်းသည် ရန်ကုန်မှပြန်တိုင်း သခင်သိန်းအောင်၊ တက်ဘုန်းကြီးသိန်းဖေမြင့်၊ ဦးကျော်ငြိမ်း၊ သခင်အေး မောင်ကြီး၏ဇနီး သခင်မဒေါ်ကြည်တို့နှင့် လျှို့ဝှက်လုပ်ငန်း များလုပ်ဆောင်ခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ပါတော်မူနေ့ ကျင်းပရေးနှင့်ပတ်သက်၍ အစ်ကိုကြီး သခင်အေး မောင်ကြီး ထောင်ကျသွားသော်လည်း သူ့အိမ်၌ပင် စခန်းချလျက် ဦးကျော်ငြိမ်း၏ ညွှန်ကြားချက်များကို ဗိုလ်ဇေယျ၊ တက်ဘုန်းကြီးသိန်းဖေမြင့်၊ သံမဏိမောင် မောင်၊ ဗိုလ်ခင်မောင် လေး၊ သခင်အေးမောင်ကြီး၏ဇနီး သခင်မဒေါ်ကြည်တို့၏ လျှို့ဝှက်ဆောင်ရွက်ချက်များကို ကူညီခဲ့သည်။

ရဲဘော်သုံးကျိပ်တို့နှင့်ထားခဲ့သောကတိကို ဂျပန်တို့ ချိုးဖောက်၍ဂျပန်တို့ကို ပြန်လည်တိုက်ထုတ်ရန် လူငယ်၊ လူရွယ်များမွေးထုတ်ပေးရန် အာရှလူငယ်အစည်းအရုံး ကို ရန်ကုန်၌တည်ထောင်သည်။ ရန်ကုန်ဌာနချုပ်၏ ဆုံးဖြတ်ချက်အရဒေါ်အုန်းအား ဗဟိုဌာနချုပ်၊ အမျိုးသမီး ဌာနခွဲ၌ ဥက္ကဋ္ဌခန့်အပ်ရာ ဒေါ်အုန်းသည် အသက် (၇၀) အရွယ် အမေကြီးနှင့် (၁၀)နှစ်အရွယ် မောင်ငယ်လေးကို ခေါ်ဆောင်ကာ ၃၀-၈-၁၉၄၃ မှ ၄-၁-၁၉၄၅ အထိ ရန်ကုန်အာရှလူငယ် အစည်းအရုံးဗဟိုဌာနချုပ်၏ အမျိုးသမီးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၅ ခုနှစ်တွင် ပညာရေးဝန်ကြီး ဆရာကြီး ဦးရာဇတ် (ဥက္ကဋ္ဌ)၊ ထိပ်တင်ကိုယ်တော်ကြီး (ဒုဥက္ကဋ္ဌ)၊ အစ်ကိုကြီး သခင်အေးမောင်ကြီးနှင့် လူထုဦးလှ(အတွင်း ရေးမှူးများ) ပါဝင်သော A.F.O (Anti Fascist Organization) အဖွဲ့တွင် ပထမဆုံးအမျိုးသမီးအမှုဆောင်ဖြစ်ခဲ့ သည်။နဂါးဒေါ်ဦး (ငွေထိန်း)၊ ဒေါ်မာလာ (ပြန်ကြားရေး)၊ အယ်နီဒေါ်စောမြ (အတွင်းရေးမှူး) များပါဝင်သော အမျိုးသမီးအဖွဲ့တွင် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် လခပေါင်းစုံသပိတ်တွင် အမျိုးသမီးအဖွဲ့ အနေဖြင့် ရိက္ခာတာဝန်ယူခဲ့သည်။ ခေတ္တစခန်းချရာ စကုတိုက်ကို ဌာနချုပ်ပြု၍ သခင်အေးမောင်လေး၊ ဒေါ်နှင်းဦး၊ သံမဏိမောင်မောင် (ခေါ်) ကိုအောင်သူ၊ ဗိုလ်မုတ်ဆိပ် (ခေါ်) ကိုခင်မောင်တို့က သပိတ်ပွဲနှင့် လွတ်လပ်ရေးတိုက်ပွဲအတွက် လျှို့ဝှက်လုပ်ငန်းများ လုပ်ခဲ့သည်။

လုပ်ဖော်ကိုင်ဖက် ဝန်ကြီးဟောင်း ဦးကျော်ငြိမ်း စသော ဆိုရှယ်လစ်ခေါင်းဆောင်ကြီးများက နောင်တွင် ဝန်ကြီး တစ်နေရာပေးရန်ရည်ရွယ်ပြီး မန္တလေးတက္ကသိုလ် ပညာရေးလောကကိုစွန့်လွှတ်၍ ရန်ကုန်ဗဟိုဌာနချုပ် ဆိုရှယ်လစ်အဖွဲ့လက်အောက်ခံလွတ်လပ်ရေး အမျိုး သမီးအဖွဲ့၌ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရန်ခေါ်ယူသည်။ သို့သော်လည်း ဒေါ်အုန်းသည် အထက်ဗမာပြည် ကျောင်းသား ကျောင်းသူများ၏အကျိုးကို ပဓာနပြု လျက် မန္တလေးမြို့တွင်သီးခြားတက္ကသိုလ်ကြီး အောင်မြင် အထမြောက်စွာ အကောင်အထည်မပေါ်မချင်း မန္တလေး ပညာရေးလောကမှ မည်သည့်ဌာနသို့မျှ မသွားဟူသော အဓိဋ္ဌာန်ဖြင့် ကွယ်လွန်သူ ပညာရေးဝန်ကြီးဟောင်း ဆရာကြီး ဦးရာဇတ်၏ တာဝန်ပေးချက်ကို အခက်အခဲ အမျိုးမျိုးကြားမှ အောင်မြင်ထမြောက်အောင် ဦးကို လေးနှင့် အတူ လက်တွဲဆောင်ရွက်ခဲ့သည်။ ထိုသို့သော ကြိုးစားအားထုတ်မှုများကြောင့်ပင်လျှင် မန္တလေး တက္ကသိုလ်ကြီးသည် ၁၉၅၇ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် သီးခြားတက္ကသိုလ်ကြီးအဖြစ် ရပ်တည် နိုင်တော့သည်။

## လူမှုရေးဆောင်ရွက်ချက်များ

၁၉၃၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အင်းလျား ဆောင်အသင်း၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် စန္ဒရားချန်ပီယံ မောင်ကျော်၊ တယောမြကေတုတို့နှင့် တွဲဖက်၍ တပင်တိုင်အကဖြင့် ကူညီခဲ့သည်။

*စာမျက်နှာ ၈ သို့*

# ဟိုင်းကြီးကျွန်းတွင် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြသူများ ရာသီဥတုအခြေအနေကို စောင့်ကြည့်ကာ လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိ

**ဟိုင်းကြီးကျွန်း ဧပြီ ၃၀**

ယခုရက်ပိုင်းအတွင်း ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ကြသူများအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ရာသီဥတုဆိုင်ရာ ထုတ်ပြန်ချက်များအပြင် ရာသီဥတုအခြေအနေများကို စောင့်ကြည့်ကာ လုပ်ငန်းခွင် ဝင်ရောက်လျက်ရှိကြောင်း သိရှိရသည်။

ဧပြီ ၂၉ ရက်က မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ပင်လယ်ပြင်ရာသီဥတုဆိုင်ရာ ထုတ်ပြန်ချက်များအရ ဟိုင်းကြီးကျွန်းမြို့ရှိ ကမ်းနီးငါးဖမ်းလုပ်ငန်း လုပ်ကိုင်ကြသည့် စက်လှေအများစုမှာ ကမ်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။ သို့သော်လည်း ဧပြီ ၃၀ ရက်တွင် ရာသီဥတုသာယာနေသည့်အတွက် ကမ်းနီးစက်လှေတချို့ ပင်လယ်ပြင်သို့ ပြန်လည်ထွက်ခွာပြီး ငါးဖမ်းလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ သို့ရာတွင် ရာသီဥတုအခြေအနေကြောင့် ကမ်းဝေးငါးဖမ်းလုပ်ငန်း လုပ်ကိုင်ကြသည့် ငါးဖမ်းရေယာဉ်များ ပြန်လည်ဝင်ရောက်လာကြခြင်းကိုမူ မတွေ့ရှိရသေးပေ။

"ဒီရက်ပိုင်းအတွင်း ရာသီဥတု အပြောင်းအလဲဖြစ်သွားပြီးတာနဲ့ ငါးသလောက် အစအနတွေ့ရတယ်လို့ ပင်လယ်ပြင်က ရေလုပ်သားတွေဆီက ကြားရတယ်။ ဒါကြောင့် ရာသီဥတု အခြေအနေလေး ကောင်းနေတုန်း ကမ်းဝေးတွေ ငါးဆက်ဖမ်းနေကြတာနဲ့ တူပါတယ်။ ငါးပျောက်နေတာ နှစ်လ၊ သုံးလလောက်ရှိပြီ။ ရေလုပ်ငန်းရှင်တွေ အရှုံးပေါ်နေကြတာ၊ တချို့ပြန်ဝင်လာတာ အရင်းမကျေလို့ နားထားရတဲ့ အစင်းတွေလည်း ၁၅ စင်းလောက်ရှိနေပြီ။ ရာသီဥတုမကောင်းလို့ ပြန်ဝင်ခိုင်းတာနဲ့ နီးစပ်ရာခိုလှုံရမယ့်နေရာတွေကို ချက်ချင်းပြန်မောင်းဝင်နိုင်ဖို့ ပြင်ဆင်ထားပါတယ်"ဟု ဒေသခံ ရေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ယခုလကုန်အထိသာ ငါးဖမ်းခွင့်ရတော့မှာ ဖြစ်ပြီး ဇွန် ၁ ရက်ကစပြီး ပင်လယ်ပြင် ငါးဖမ်းခွင့်ကို သုံးလပိတ်တော့မှာဆိုတော့ ပြီးခဲ့တဲ့လတွေက အရှုံးတွေကို ဒီရက်ပိုင်းအတွင်းသာ ပြန်ရှာခွင့်ရတော့တာမို့ ရေလုပ်သားတွေအနေနဲ့ ရာသီဥတုအခြေအနေကြားထဲက ကျားကုတ်ကျားခဲ ရှာဖွေနေကြတာရပါ"ဟု ဒေသခံ လှေဦးစီးတစ်ဦးက ပြောသည်။

ဟိုင်းကြီးကျွန်းမြို့နှင့် ရေမိုင် ၁၂ မိုင်ခန့်သာ ကွာဝေးသော လိပ်ကျွန်း(ခ) သမီးလှကျွန်း၏ အနီးတွင် ယခုရက်ပိုင်းအတွင်း ညဘက်လာရောက်၍ စုစည်းကာ ကျောက်ထိုးနေကြပြီး နံနက်ပိုင်းတွင် သက်ဆိုင်ရာ ငါးဖမ်းကွက်များဆီသို့ ငါးဖမ်းရန် မောင်းနှင်ထွက်ခွာသွားကြသော ဒေသခံကမ်းဝေးငါးဖမ်းရေယာဉ်တချို့ကိုလည်း တွေ့ရှိရကြောင်း သမီးလှကျွန်း (ခ) လိပ်ကျွန်းရှိ ပင်လယ်လိပ်ထိန်းသိမ်းရေးစခန်း တာဝန်ခံအရာရှိက ပြောသည်။

ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းသည် ဟိုင်းကြီးကျွန်းဒေသ၏ အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုဖြစ်ပြီး နှစ်စဉ်မိုးကြိုကာလများ၌ ဖြစ်ပေါ်တတ်သည့် ရာသီဥတုအခြေအနေများနှင့် ပတ်သက်၍ ဒေသခံ ရေလုပ်သားများအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ရာသီဥတုဆိုင်ရာ ထုတ်ပြန်ချက်များအပြင် ပင်လယ်ပြင် ရာသီဥတုအခြေအနေကို စောင့်ကြည့်ကာ လုပ်ငန်းခွင်အတွင်း သတိပြုလုပ်ကိုင်နေကြရကြောင်း သိရသည်။ **ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



ဟိုင်းကြီးကျွန်းမြို့ ပင်လယ်ဝအနီး တွေ့ရသော ကမ်းနီးငါးဖမ်းစက်လှေများ။

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဧပြီ ၃၀**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၇၉၃၁ | ၁၅၀ |

| ပြန်လည်သက်သာသူ | သေဆုံးသူ |
|---|---|
| ၂၈ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၃၀၇၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရသူ - ၁၇ (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိ၊ သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၁၆ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | - |
| ၄ | ချင်း | ၆ | - |
| ၅ | ရှမ်း (ရှေ့) | ၃ | - |
| ၆ | မန္တလေး | ၃ | - |
| ၇ | ရှမ်း (တောင်) | ၂ | - |
| ၈ | ရှမ်း (မြောက်) | ၂ | - |
| ၉ | နေပြည်တော် | ၁ | - |
| ၁၀ | မွန် | ၁ | - |
| ၁၁ | မကွေး | ၁ | - |
| ၁၂ | ကချင် | ၁ | - |
| စုစုပေါင်း | | ၁၅၀ | ၆ |

❖ အောက်ပါပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| တိုင်းဒေသကြီး | ပြည်နယ် |
|---|---|
| ဧရာဝတီ တိုင်းဒေသကြီး | ကယားပြည်နယ် |
| တနင်္သာရီ တိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| | ကရင်ပြည်နယ် |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန　　၃၀-၄-၂၀၂၀ ရက် ည (၈း၀၀) နာရီ

## ၃၀-၄-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၀၆၇၉၄၆ | ၁၄၇၄၈၀ | ၆၂၁၆၁ |
| ၂။ | စပိန် | ၂၃၉၆၃၉ | ၁၃၇၉၈၄ | ၂၄၅၄၃ |
| ၃။ | အီတလီ | ၂၀၃၅၉၁ | ၇၁၂၅၂ | ၂၇၆၈၂ |
| ၄။ | ပြင်သစ် | ၁၆၆၄၂၀ | ၄၈၂၂၈ | ၂၄၀၈၇ |
| ၅။ | အင်္ဂလန် | ၁၆၅၂၂၁ | စိစစ်ဆဲ | ၂၆၀၉၇ |
| ၆။ | ဂျာမနီ | ၁၆၁၉၈၅ | ၁၂၃၅၀၀ | ၆၅၀၄ |
| ၇။ | တူရကီ | ၁၁၇၅၈၉ | ၄၄၀၄၀ | ၃၀၈၁ |
| ၈။ | ရုရှား | ၁၀၆၄၉၈ | ၁၁၆၁၉ | ၁၀၇၃ |
| ၉။ | အီရန် | ၉၄၆၄၀ | ၇၅၁၀၃ | ၆၀၂၈ |
| ၁၀။ | တရုတ် | ၈၂၈၆၂ | ၇၇၆၁၀ | ၄၆၃၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃၀-၄-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၁၆၁၆၉ | ၁၁၈၈ | ၁၄ |
| အင်ဒိုနီးရှား | ၁၀၁၁၈ | ၁၅၂၂ | ၇၉၂ |
| ဖိလစ်ပိုင် | ၈၄၈၈ | ၁၀၄၃ | ၅၆၈ |
| မလေးရှား | ၆၀၀၂ | ၄၁၇၁ | ၁၀၂ |
| ထိုင်း | ၂၉၅၄ | ၂၆၈၄ | ၅၄ |
| ဗီယက်နမ် | ၂၇၀ | ၂၂၂ | ၀ |
| မြန်မာ | ၁၅၀ | ၂၈ | ၆ |
| ဘရူနိုင်း | ၁၃၈ | ၁၂၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၁၉ | ၀ |
| လာအို | ၁၉ | ၈ | ၀ |

## COVID-19 ကူးစက်ရောဂါဖြစ်ပေါ်နေချိန် မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ သတိပြုလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးပန်ကြားခြင်း

- မြန်မာနိုင်ငံတွင် မုန်တိုင်းအဖြစ်များသောကာလမှာ မိုးဦးကာလနှင့် မိုးနှောင်းကာလတို့ဖြစ်ရာ ယခု COVID-19 ကူးစက်ရောဂါဖြစ်ပွားနေချိန်တွင် ရာသီကာလအလိုက် ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများကို ပိုမိုသတိပြုဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် COVID-19 ကူးစက်ရောဂါ ဖြစ်ပွားစဉ်ကာလတွင် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ စီမံခန့်ခွဲဆောင်ရွက်ရာ၌ COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကိုလည်း ပေါင်းစပ်ထည့်သွင်းပြီး ကြိုတင်စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။
- ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ မုန်တိုင်းဖြစ်ပေါ်နိုင်သည့် ရာသီကာလတွင် မိသားစုအလိုက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရာ၌ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့်ညွှန်ကြားချက်များကိုလည်း မမေ့မလျော့ ထည့်သွင်းဆောင်ရွက်နိုင်ပါရန်နှင့် အောက်ပါအတိုင်း သတိပြုနေထိုင်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်-
  - မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပါ။ မိမိ၏ အိမ်နီးချင်းများကိုလည်း အသိပေးနှိုးဆော်ပါ။
  - အိမ်ပေါ်သို့ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။
  - COVID-19 ကူးစက်ရောဂါဖြစ်ပွားနေချိန်ဖြစ်သဖြင့် တတ်နိုင်ပါက မိမိအိမ်၌သာ ခိုလှုံနေထိုင်နိုင်ရေးအတွက် နေအိမ်အဆောက်အဦများအား လေဒဏ်၊ မိုးဒဏ်ခံနိုင်စေရန် ကြိုတင်ပြင်ဆင်ပါ။
  - မိမိနေအိမ်သည် လုံခြုံမှုမရှိနိုင်ဟုယူဆပါက မိသားစုများအရေးပေါ်ပြောင်းရွှေ့ရန် ဘေးလွတ်ကင်းသည့်နေရာ ကြိုတင်ရွေးချယ်ထားပါ။ အဆိုပါနေရာတွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၃)ပေအကွာ နေနိုင်ရေးဆောင်ရွက်ပါ။ ဆပ်ပြာ၊ လက်သန့်ဆေးရည်၊ မျက်နှာနှင့်နှာခေါင်းစည်းများ ကြိုတင်စုဆောင်း ယူဆောင်သွားပါ။ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါ။
  - မိမိအစီအစဉ်ဖြင့် ပြောင်းရွှေ့မည့်နေရာမရရှိနိုင်ပါက ဒေသရှိ တာဝန်ရှိဌာန၊ အဖွဲ့အစည်းများ၏ စီမံဆောင်ရွက်မှုကို လိုက်နာဆောင်ရွက်ပါ။
  - ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းနှင့်အတူ မုန်တိုင်းဒီရေတက်ရောက်နိုင်ကြောင်း၊ ကုန်းတွင်းပိုင်းဒေသများသည် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းရာမှ လျှပ်တပြက် ရေကြီးမှုများ ဖြစ်ပေါ်နိုင်ကြောင်း အထူးသတိပြုနေထိုင်ပါ။
  - လှေများ၊ အသက်ကယ်ဗောကွင်းများ၊ Life Jacket များနှင့် ရေလုံသော ပလတ်စတစ်ပုံးများ ကြိုတင်စုဆောင်းပါ။
  - မိသားစုအလိုက် (၁)ပတ်စာခန့် အရေးပေါ် အသင့်စားအစားအစာများ၊ ဆေးဝါး၊ သောက်ရေများ ကြိုတင်စုဆောင်းထားပါ။
  - မိသားစုများ တကွဲတပြားစီဖြစ်သွားပါက ပြန်လည်ဆုံတွေ့နိုင်မည့်နေရာကို ကြိုတင်သတ်မှတ်ထား၍ မိသားစုဝင်အားလုံး သိရှိပါစေ။
  - လေပြင်းတိုက်ခတ်မှုများ၊ မိုးရွာသွန်းမှုများ၊ လျှပ်စီးလက်ခြင်းနှင့် မိုးခြိမ်းခြင်းများဖြစ်ပွားနေချိန်တွင် ဖုန်းများကို အသုံးမပြုပါနှင့်။
- ပြည်သူလူထုအနေဖြင့် COVID-19 ကူးစက်ရောဂါဖြစ်ပွားနေချိန် ယခုကာလတွင် မုန်တိုင်းဘေး၊ ရေဘေးအန္တရာယ်များ ဖြစ်ပွားနိုင်သည်ကိုလည်း ကြိုတင်သတိပြုနိုင်ပါရန်၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များကို အလေးထားဂရုပြုနားထောင်ရန်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့လည်း ဆက်သွယ်သတင်းယူခြင်း၊ အကူအညီတောင်းခံနိုင်ခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## သီပေါမြို့၌ မြို့လယ်ချောင်းပြန်လည်တူးဖော်၊ လယ်မြေများအကျိုးရှိစွာ သုံးစွဲနိုင်မည်

**သီပေါ ဧပြီ ၃၀**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် ဖာဖိတ်ဆည်ကြီးမှ ရေဖြင့် မိုးရာသီတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးဌာနမှလူအား၊ယန္တရားအင်အားတို့ဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဖေဖော်ဝါရီလမှ စတင်ကာ ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

အဆိုပါ မြို့လယ်ချောင်းတူးဖော်ရေးလုပ်ငန်းများကို ဘူတာတံုဒင်ချောင်းမှ တိန်းချေတိန်းစံအုပ်စု နောက်ကပ်ကျေးရွာအထိ အကျယ် ၆ ပေ၊ အနက် ၃ ပေနှင့် အရှည်ပေပေါင်း ၆၆၅၀ ကျော်ကို လူအား၊ ယန္တရားအင်အားတို့ဖြင့် မြို့နယ်စည်ပင်သာယာရေးအမှုဆောင် အရာရှိ၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်စည် ကြီးကြပ်ကာ တာဝန်ခံအင်ဂျင်နီယာ ဒေါ်အေးသီတာနှင့်အဖွဲ့က ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြို့လယ်ချောင်းသည် မြို့တောင်ဘက်ရှိ ရပ်ကွက် တစ်ရပ်ကွက်၊ ကျေးရွာ ငါးရွာမှ လယ်မြေများ ရေဖူလုံစွာ သောက်သုံးနိုင်မည့်အပြင် ရေတွင်းရေကန်များ ရေခန်းခြောက်ခြင်းမှ ကင်းဝေးပြီး မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

မြို့လယ်ချောင်းကြီး တိမ်ကောမှုနှင့်ပတ်သက်ပြီး စည်းကမ်းမဲ့သူတချို့၏ ချောင်းအတွင်းသို့ အမှိုက်များ မဆင်မခြင် ပစ်ချနေသဖြင့် နှစ်ပေါင်း ၃၀ ကျော်ကာလအတွင်း ယခုအကြီးစား ပြန်လည်တူးဖော်ဆောင်ရွက်ခြင်းဖြစ်သဖြင့် ရေစီးရေလာကောင်းမွန်အောင် အမှိုက်များ ချောင်းအတွင်းသို့ မပစ်ချရန် လိုအပ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ပြောသည်။

**စိုင်း(သီပေါ)**



*စာမျက်နှာ ၆ မှ*

၁၉၃၄ မှ ၁၉၄၁ ခုနှစ်အထိ ရွှေတိဂုံဘုရား ညောင်ရေအိုးသန့်ရှင်းရေးလုပ်ငန်းများတွင် အင်းလျားကျောင်းသူများကို ဒေါ်စောသင်(အမ်အေ၊မြန်မာစာ)နှင့် အတူခေါင်းဆောင်တာဝန်ယူခဲ့သည်။ အမျိုးသားနေ့တိုင်း စီတန်းလှည့်လည်ပွဲတွင် ဒေါ်ခင်မြ၊ပါမောက္ခ-ငြိမ်း၊ ပညာရေးတက္ကသိုလ်နှင့်အတူ အင်းလျားကျောင်းသူများကိုခေါင်းဆောင်၍ ပါဝင်ဆင်နွှဲခဲ့သည်။ ၁၉၃၅ ခုနှစ် နဂါးနီအသင်း စတင်တည်ထောင်ရန် စိုင်းပြင်းသည်မှစ၍ အသင်းကြီး အထမြောက်အောင်မြင်သည်အထိ ဒေါ်ခင်မြနှင့်အတူပူးတွဲအားပေးကူညီခဲ့သည်။၁၉၃၆ ခုနှစ် ရန်ကုန်မြို့မအမျိုးသားကျောင်းရန်ပုံငွေ အလှူပွဲတွင် တပင်တိုင်အကဖြင့် ကူညီခဲ့သည်။ ၁၉၄၀ ပြည့်နှစ် ဂျူဗလီဟောတွင် တက္ကသိုလ်ကျောင်းသား သမဂ္ဂရန်ပုံငွေအလှူပွဲသွင်းရာ ပွဲဝိုင်းစသည်မှ ပြီးမြောက်သည့်တိုင် သမဂ္ဂဥက္ကဋ္ဌဟောင်း သံအမတ်ကြီး ဦးလှမောင်နှင့် လက်တွဲဆောင်ရွက်ခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၃ ခုနှစ်အထိ အင်းဝမြို့တွင် စစ်ပြေးအဖြစ် ခိုလှုံနေစဉ် အင်းဝဂုဏ်ရည်အမည်ဖြင့် စေတနာကျောင်းဖွင့်ကာ သခင်အေးမောင်လေး၊ ဦးကြည်မြ၊ ဒေါ်နှင်းဦးတို့နှင့်အတူ လူငယ်၊ လူရွယ်များ၏ ပညာတတ်မြောက်ရေးကို အခမဲ့သင်ကြားမြှင့်တင်ပေးခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် စစ်ဒဏ်ကြောင့်ပျက်စီးယိုယွင်းသွားသော မန္တလေးမြို့ နေရှင်နယ်အမျိုးသားကျောင်း ရန်ပုံငွေအတွက် မြို့ဂုဏ်ရောင်ရုံ၌ အလှူပွဲသွင်းရာ တပင်တိုင်အကဖြင့် ကပြပါဝင်ကူညီခဲ့သည်။ ဇွန်လတွင် ပြန်လည်ဖွင့်လှစ်သော မန္တလေးနေရှင်နယ် အမျိုးသားကျောင်းတွင် စေတနာဆရာအဖြစ်ဖြင့် အခမဲ့လုပ်အားပေးခဲ့သည်။ ၁၉၄၉ မှ ၁၉၅၁ အထိ ထောင်စစ်ဆေးရေး အကြီးအကဲအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၅၂ မှ ၁၉၅၈ ခုနှစ်အထိ မန္တလေးအနုပညာနှင့်ပန်းချီကျောင်းတွင် အုပ်ချုပ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ အထက်ဗမာပြည်အလေးမနှင့် မောင်မယ်ပြိုင်ပွဲများတွင် အမြို့မြို့အရွာရွာ၏ ဖိတ်ကြားချက်အရ အကဲဖြတ်ဒိုင်လူကြီးအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ် ဇွန်လ ၇ ရက်နေ့တွင် နိုင်ငံတော်က ဒေါ်အုန်းအား နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်) ချီးမြှင့်သည်။

### မြန်မာ့ဂီတအနုပညာကိုလေ့လာခြင်း

အမ်အေဒေါ်အုန်းသည် မြန်မာ့ဂီတအနုပညာကိုလည်း အမြတ်တနိုးတန်ဖိုးထား သေချာကျနစွာ လေ့လာခဲ့သည်။ ပတ္တလားပညာကို မြန်မာ့ဂီတပညာရှင် ဆရာကြီး ဦးဘကလေးထံ၌ လေ့လာသင်ယူခဲ့၏။ မန္တလေးပန်းချီကျောင်း ဆရာဦးသန်းအောင်ထံမှ မဟာဂီတပညာကို စနစ်တကျသင်ယူခဲ့သည်ဟု ဆိုပါသည်။ အမ်အေဒေါ်အုန်းသည် သီချင်းကြီး၊ သီချင်းခန့်အပုဒ် ၃၀ ခန့်ကို သေချာကျနစွာ သီဆိုတီးမှုတ်နိုင်ပြီး နှံ့သာနီတောင်နှင့် ရှိစုံရွက်ကြာ ပတ်ပျိုးများကို အနှစ်သက်ဆုံးဖြစ်သည်ဟု ဆိုကြပါသည်။

ဂီတစာဆိုရွှေတိုင်ညွှန့်သည် အငြိမ့်မင်းသမီး မဟုတ်သော ဒေါ်အုန်းအတွက် ကကွက်ကောင်းသည့် တေးသီချင်းတစ်ပုဒ်ကို စပ်ဆိုပေးခဲ့သည်။ ယင်းတေးသီချင်းတွင် "ရတနာပုံ မန်းရွှေမြို့သူ၊ သဘောကောင်းနှင့်စေတနာဖြူ၊ ဘာစီတီ နာမည်ယူ၊ ကျောင်းကြီးကောလိပ်သူ၊ အဟုတ်ကိုပင်သဘောဖြူ၊ တကယ့်ကိုပင် မနောဖြူ"စသည့် တေးစာသားများ ပါဝင်သည်။

### ပြည်ပလှုပ်ရှားမှုများ

၁၉၅၂ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုဖလှယ်ရေးဖိတ်ကြားချက်အရ ယဉ်ကျေးမှုဝန်ကြီး ဦးထွန်းဖေခေါင်းဆောင်သော တရုတ်ပြည်သွား ပထမဆုံးမြန်မာချစ်ကြည်ရေးအဖွဲ့တွင် ပထမဆုံးအမျိုးသမီးကိုယ်စားလှယ်အဖြစ် လိုက်ပါသွားခဲ့သည်။ ဧပြီလမှ မေလတိုင် တရုတ်ပြည်အနှံ့အပြား လေ့လာခဲ့သည်။ ထို့နောက် အမေရိကန်အစိုးရ၏ ကျွမ်းကျင်သူလဲလှယ်ရေးအစီအစဉ်အရ ၁၉၅၂ ခုနှစ် ဩဂုတ်လမှ ၁၉၅၃ ခုနှစ် မေလအထိ အမေရိကတိုက်နယ်တစ်ခွင် အနှံ့အပြား လှည့်လည်လေ့လာခဲ့သည်။ ရောက်ရှိရာတက္ကသိုလ်များ၌ ယုဝတီအသင်းများ၏ ဖိတ်ကြားချက်အရ မြန်မာအမျိုးသမီးများအကြောင်း ဟောပြောခဲ့ရသည်။ ထိုသို့လေ့လာနေစဉ် အမေရိကန်အစိုးရ၏အစီအစဉ်ကို ခေတ္တရပ်နား၍ ၁၃-၃-၁၉၅၃ မှ ၄-၄-၁၉၅၃ အထိ မြန်မာနိုင်ငံအစိုးရ၏ တာဝန်ပေးချက်အရ ကုလသမဂ္ဂ လူမှုရေးနှင့်လုံခြုံရေးကောင်စီလက်အောက်ခံအမျိုးသမီးများ အခွင့်အရေးကော်မရှင်တွင် ရက်သတ္တသုံးပတ်တိုင်တိုင် မြန်မာနိုင်ငံအစိုးရ မြန်မာအမျိုးသမီး ကိုယ်စားလှယ်အဖြစ် တက်ရောက်ဆွေးနွေးခဲ့သည်။ ထို့ပြင် အင်္ဂလန်နိုင်ငံ စကော့တလန်တက္ကသိုလ်တွင် ဗြိတိသျှကောင်စီ၏ ဧည့်သည်တော်အဖြစ် တစ်လခန့် လေ့လာခွင့်ရရှိခဲ့၏။

### စာပေရေးသားပြုစုခြင်း

ဒေါ်အုန်းသည် အမ်အေဘွဲ့ရရှိပြီးနောက် အမ်အေမအုန်းကလောင်အမည်ဖြင့် မဂ္ဂဇင်းစာစောင်များတွင် ဆောင်းပါးများ ရေးသားခဲ့သည်။ အမ်အေဒေါ်အုန်း၏ ဆောင်းပါးများကို မြန်မာ့အလင်းသတင်းစာ၊ နဂါးနီဂျာနယ်၊ မြဝတီ၊ ရှုမဝမဂ္ဂဇင်းစသည်တို့တွင် တွေ့ရသည်။ အမ်အေဒေါ်အုန်းသည် စာရေးဆရာမတစ်ဦးအဖြစ် စာအုပ်စာပေများ ရေးသားပြုစုခဲ့ရာတွင် ဆိုဗီယက်လောက (၁၉၄၃)၊ မိန်းမကိစ္စ၊ မလောက(၁၉၄၄-၁၉၄၅) စသည့်လုံးချင်းစာအုပ်တို့ကို ရေးသားထုတ်ဝေခဲ့သည်။ ယုဝတီဂျာနယ်တွင်လည်း ဆောင်းပါးများရေးသားခဲ့ရာ၌ အဆင်မပြေသောအိမ်ထောင်ရေး (၁၆-၁-၁၉၄၈)၊ လွတ်လပ်သောမြန်မာပြည်နှင့် မိန်းမများ (၁၅-၂-၁၉၄၈)၊ မေတ္တာပို့သန့်စင်နည်း (၄-၄-၁၉၄၈)၊ ကိုယ့်ဒူး ကိုယ်ချွန် (၁၅-၆-၁၉၄၈)၊ ဇာတ်တူသား(၁၆-၅-၁၉၄၈)၊ လောကနိဗ္ဗာန် (၇-၉-၁၉၄၈)၊ ကမ္ဘာ့ငြိမ်းချမ်းရေးလမ်းစဉ် (၁၄-၉-၁၉၄၈)၊ လူရည်ချွန်၊ ခြတောင်ပို့၊ စိတ်စသည့် ဆောင်းပါးများကို ရေးသားခဲ့သည်။

### ပညာရပ်ဆိုင်ရာကျမ်းစာအုပ်များ ရေးသားပြုစုခြင်း

ပါမောက္ခအမ်အေဒေါ်အုန်းသည် ဌာနသုံးပါဠိသဒ္ဒါကျမ်းများ၊ ဘာသာဗေဒကျမ်းများကိုလည်း ရေးသားပြုစုခဲ့၏။ ထို့ပြင် ပါဠိစာပေသမိုင်း(၁၉၅၀)၊ ထေရီ၊ ထေရာ၊ ဓမ္မပဒ၊ စရိယာပိဋကတ် ကျမ်းစာအုပ်များကိုလည်း ရေးသားပြုစုခဲ့သည်။ အင်္ဂလန်နိုင်ငံပါဠိကျမ်းစာအဖွဲ့ (PTS) မှ ရိုက်နှိပ်ထုတ်ဝေရန်အတွက် ၁၉၅၆ ခုနှစ်တွင် စရိယပိဋက အဋ္ဌကထာကျမ်းကိုလည်း ပါဠိဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခဲ့သည်။

သမိုင်းအဆက်ဆက် မြန်မာအမျိုးသမီးတို့၏ စွမ်းဆောင်မှုသည် မြင့်မားကြပြီး လွတ်လပ်ရေးရရှိရန် တိုက်ပွဲဝင်ရာတွင်လည်း အမျိုးသားများနှင့်တန်းတူ ပါဝင်တိုက်ခိုက်ခဲ့ကြသည်။ ထို့အတူ အမ်အေဒေါ်အုန်းသည်လည်း မျိုးချစ်စိတ်ပြင်းထန်သော လွတ်လပ်ရေးတိုက်ပွဲဝင်စာရေးဆရာ၊ စာပေပညာရှင် ပါဠိပါမောက္ခအဖြစ် မြန်မာ့သမိုင်းတွင် လွန်စွာထင်ရှားသည်။ ထို့ပြင် အမ်အေဒေါ်အုန်းသည်မန္တလေးယူနီဗာစီတီကောလိပ်အား သီးခြားတက္ကသိုလ်အဖြစ် ရပ်တည်လာနိုင်သည်အထိ အခက်အခဲပေါင်းစုံကို ကျော်ဖြတ်ကာ ဦးကိုလေးနှင့်အတူ လက်တွဲ၍ ဆောင်ရွက်ခဲ့သည်။ ခက်ခက်ခဲခဲတည်ထောင်ခဲ့ရသော မန္တလေးတက္ကသိုလ်နှင့် သူမ၏ဌာနတို့ကိုပစ်ပြီး မည်သည့်ဌာနသို့မျှ မပြောင်းဟု သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။ အမ်အေဒေါ်အုန်းသည် မန္တလေးယူနီဗာစီတီကောလိပ်စတင်တည်ထောင်သည့် ၁၉၄၇ ခုနှစ် ဇွန်လမှ ၁၉၆၆ ခုနှစ် ပင်စင်ယူသည်အထိပါဠိ (အရှေ့တိုင်းပညာဌာန)၊ မန္တလေးတက္ကသိုလ်တွင်သာ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ကြောင့် အမ်အေဒေါ်အုန်းသည် မန္တလေးတက္ကသိုလ် တည်ထောင်သူသာမကပါဠိ (အရှေ့ တိုင်းပညာဌာန)၊ မန္တလေးတက္ကသိုလ်၏ မိခင်ကြီးဖြစ်ကြောင်း မှတ်တမ်းတင်ဂုဏ်ပြုရေးသားတင်ပြလိုက်ရပေသည်။ ။



○ *ကျောဖုံးမှ*

များနှင့်အညီ လက်ရှိ ထုတ်ချေးပေးလျက်ရှိသော စိုက်ပျိုးရေးချေးငွေ၊ JICA, Two Step Loan ချေးငွေ၊ MEB, Two Step Loan ချေးငွေများအပေါ် ကောက်ခံသည့် အတိုးနှုန်းများကို အောက်ဖော်ပြပါအတိုင်း လျှော့ချပြင်ဆင် ကောက်ခံသွားမည် ဖြစ်ပါသည် -

| စဉ် | ချေးငွေအမျိုးအစား | လက်ရှိအတိုးနှုန်း (၁ နှစ်) | ပြင်ဆင်သည့်အတိုးနှုန်း (၁ နှစ်) |
|---|---|---|---|
| (က) | စိုက်ပျိုးစရိတ်ချေးငွေ | ၇ ရာခိုင်နှုန်း | ၅ ရာခိုင်နှုန်း |
| ( ခ ) | JICA, Two Step Loan | ၆.၅ ရာခိုင်နှုန်း | ၅ ရာခိုင်နှုန်း |
| ( ဂ ) | MEB, Two Step Loan | ၈ ရာခိုင်နှုန်း | ၆.၅ ရာခိုင်နှုန်း |

၄။ တောင်သူများ၏ စုဆောင်းအပ်နှံငွေအပေါ် ပေးမည့်အတိုးနှုန်းကိုလည်း ထုတ်ချေးငွေ အပေါ် အတိုးနှုန်းနှင့် လိုက်လျောညီထွေဖြစ်စေရန် လက်ရှိအတိုးနှုန်း ၁ နှစ် ၆.၅ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းသို့ ပြင်ဆင်သတ်မှတ်မည် ဖြစ်ပါသည်။

၅။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးငွေနှင့် စုဆောင်းအပ်ငွေတို့အပေါ် ပြင်ဆင်သတ်မှတ်သည့် အတိုးနှုန်းသည် ၂၀၂၀ ပြည့်နှစ်၊ မေလ (၁) ရက်နေ့မှ စတင် အကျိုးသက်ရောက်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

# နေပြည်တော်ကောင်စီသို့ ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးသုံးအထောက်အကူပစ္စည်းများ လာရောက်လှူဒါန်း

**နေပြည်တော် ဧပြီ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်း များတွင် အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့်အထောက် အကူပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော် ကောင်စီရုံးဧည့်ခန်းမ၌ ကျင်းပရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော် ကောင်စီဝင်များဖြစ်ကြသည့် ဦးတင်ထွန်း၊ ဦးအေးမောင်စိန်၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏာစိုးနှင့် တာဝန်ရှိ သူများ တက်ရောက်သည်။

လှူဒါန်းပွဲတွင် ဦးဝင်းသိန်း - ဒေါ်ကြည်ပြာ (ဝင်းတော်ဝင် ကုမ္ပဏီမိသားစု)က ငွေကျပ် ၁၅၀၀၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးဝတ်စုံ ၃၀၊ နှာခေါင်းစည်း အခု ၈၀၀၊ လက်အိတ် ၇၀၀၊ နေပြည်တော်စိုက်ပျိုးရေးဦးစီး ဌာန ဝန်ထမ်းများက ငွေကျပ် ၁၀၀၀၀၀၀ တန်ဖိုးရှိ နှာခေါင်းစည်း အခု ၃၃၅၀ တို့ကို သက်ဆိုင်ရာတာဝန်ရှိသူ များက လှူဒါန်းကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူ ခဲ့ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ချီးမြှင့်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါပစ္စည်းများအား နေပြည်တော်ကောင်စီမှ တစ်ဆင့် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ လိုအပ်သည့်နေရာများတွင် ဖြန့်ဝေ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(မြန်/ဆက်)**



# ချင်းရွှေဟော် မြန်မာ - တရုတ် နှစ်နိုင်ငံ နမ့်ဖာဟော် နယ်စပ်တံတားပေါ်၌ ကိုဗစ် - ၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်းများ လှူဒါန်း

**ချင်းရွှေဟော် ဧပြီ ၃၀**

ချင်းရွှေဟော် မြန်မာ-တရုတ်နှစ်နိုင်ငံ နမ့်ဖာဟော်နယ်စပ် တံတားပေါ်၌ တရုတ်နိုင်ငံ လင်ချန်းမြို့ ဒုတိယ မြို့တော်ဝန်နှင့်အဖွဲ့က ကိုဗစ် - ၁၉ ကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်း များတွင် အသုံးပြုနိုင်ရန်အတွက် နှာခေါင်းစည်းများကို ဧပြီ ၂၉ ရက် နံနက် ၉ နာရီက ပေးအပ်လှူဒါန်းခဲ့ သည်။

အဆိုပါ နမ့်ဖာဟော်နယ်စပ် တံတားပေါ်၌ တရုတ်နိုင်ငံ လင်ချန်း မြို့ ဒုတိယမြို့တော်ဝန် မစ္စတာ လူကြည့်ဟွင် ဦးဆောင်သည့်အဖွဲ့နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်မြို့၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ ဟိုပန်ခရိုင်နှင့် လားရှိုး ခရိုင်၊ ကွမ်းလုံမြို့နယ်များမှ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်း ကော်မတီများ ပူးပေါင်းကာ နယ်စပ် ရေးရာ ရောဂါကာကွယ်ထိန်းချုပ် ကုသရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရောဂါ ကာကွယ်ထိန်းချုပ်ရေးသတင်း အချက်အလက်ဆိုင်ရာ ကိစ္စရပ်များ ကို အပြန်အလှန်အလွှတ် သဘော ညှိနှိုင်းဆွေးနွေးပြီး ချင်းရွှေဟော်၊ ဟိုပန်၊ ကွမ်းလုံမြို့နယ်များ၏ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ရေးလုပ်ငန်းများတွင် အသုံးပြုနိုင် ရေးအတွက် နှာခေါင်းစည်း အခုရေ ငါးသောင်းကို ပေးအပ်လှူဒါန်း ခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများ က လက်ခံရယူခဲ့ကြောင်း သိရ သည်။

**ဇင်ဇင်**
**(မြန်/ဆက်)**

# ပန်းတနော်၌ လေဘေးသင့်ပြည်သူများအား လက်ဝယ်အရောက် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ပန်းတနော် ဧပြီ ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲ မှုဦးစီးဌာန မအူပင်ခရိုင်ရုံးမှ တာဝန် ရှိသူများသည် ပန်းတနော်မြို့နယ် သုံးခွကျေးရွာအုပ်စု ဇလက်ကျေးရွာ နှင့် ဘွတ်အိုင်ကျေးရွာတို့၌ ဧပြီ ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော လေပြင်း တိုက်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် နေအိမ် သုံးလုံးနှင့် အမိုးလန် ပျက်စီးခဲ့သည့် နေအိမ် ၁၄ လုံး၊ စုစုပေါင်း နေအိမ် ၁၇ လုံး၊ အိမ်ထောင်စု ၁၇ စုမှ လူဦးရေ ၇၁ ဦး အတွက် ဆန်ရိက္ခာ ခုနစ်ရက်စာ ရန်ပုံငွေကျပ် ၁၄၉၁၀၀၊ ပြိုကျ ပျက်စီးသွားသော နေအိမ် သုံးလုံး အတွက် နေအိမ်တစ်လုံးလျှင် ငွေကျပ် ၁၀၀၀၀၀၊ အမိုးလန်ပျက်စီးသွား သော နေအိမ် ၁၄ လုံးအတွက် တစ်လုံး လျှင် ငွေကျပ် ၄၀၀၀၀ စုစုပေါင်း ကယ်ဆယ်ရေး ရန်ပုံငွေကျပ် ၁၀၀၉၁၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၈ မျိုးပါ သုံးပုံးနှင့် Care Myanmar ပိုက်ဖျာ သုံးချပ်တို့ကို ဧပြီ ၂၉ ရက် နေ့တွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုဦးစီးဌာန မအူပင်ခရိုင်ရုံးမှ တာဝန်ရှိသူများသည် ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖ များ ရှေ့မှောက်၌ လေဘေးသင့် ပြည်သူများ လက်ဝယ်အရောက် ကွင်းဆင်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပန်းတနော်)**

# မွန်ပြည်နယ်အတွင်း လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းများက လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၃၀**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုများ ဖြစ်ပေါ်နေချိန် မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်းရှိလယ်ယာအထောက်အကူ ပြုဝန်ဆောင်မှု သမဝါယမအသင်းများသည် မိုးစပါး အတွက် မြေယာပြုပြင်ခြင်း၊ ထွန်ယက်ခြင်း၊ နွေစပါးများကို ရိတ်သိမ်းခြွေလှေ့ခြင်း၊ ကြိတ်ခွဲခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာ မော်လမြိုင်မြို့နယ် သမဝါယမအသင်းစုမှ ဖားအောက်ကျေးရွာ၊ ကျားဘို ကျေးရွာနှင့် ရိုးဂိုးကျေးရွာရှိ မြေကေ ၇၀၀ ကို မြေသား ပြုပြင်ခြင်းနှင့် မြေကေ ၂၇၇ ကေကို စပါးရိတ်သိမ်း ခြွေလှေ့ခြင်း၊ မုဒုံမြို့နယ် သမဝါယမအသင်းစုနှင့် ဗညားမွန် လယ်ယာဝန်ဆောင်သမဝါယမအသင်းမှ ထုံမံကျေးရွာ နှင့် ကမာဝက်ကျေးရွာရှိ မြေကေ ၅၄၇ ကေကို မြေသား ပြုပြင်ခြင်း၊ ချောင်းဆုံမြို့နယ် သမဝါယမအသင်းစုမှ ကုလားတို့ကျေးရွာ၊ နတ်မော်ကျေးရွာ၊ ဟင်္သာကျွန်း ကျေးရွာနှင့် မရမ်းကျေးရွာရှိ မြေကေ ၃၅၀ ကို မြေသား ပြုပြင်ခြင်း၊ ကျိုက်မရောမြို့နယ် သမဝါယမအသင်းစုမှ ကျုံစိန်ကျေးရွာ၊ ခရုံကျေးရွာ၊ ကျုံမနင်းကျေးရွာ၊ ကျိုက်ပရုံ ကျေးရွာ၊ ကျခတ်ကုန်းကျေးရွာရှိ မြေကေ ၃၁၀ ကို မြေသား ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

ထို့အတူ သံဖြူဇရပ်မြို့နယ် သမဝါယမအသင်းစုမှ မင်းလှမြို့နယ်ရှိ လယ်ကေ ၁၀၈၀ ကို စပါးရိတ်သိမ်း ခြွေလှေ့ခြင်း၊ ရေးမြို့နယ်သမဝါယမအသင်းစုနှင့် ရွှေစင် မြေမွေး/ထွေမှ ပလိုင်ကီးကျေးရွာ၊ အဘော်ကျေးရွာ၊ အစင် ကျေးရွာ၊ ဇီးဖြူသောင်ကျေးရွာ၊ ပဲခူးတိုင်းဒေသကြီး မင်းလှ မြို့ရှိ မြေကေ ၅၁၆ ကေကို ကေကွက်ဖော် မြေသားပြုပြင် ခြင်းနှင့် လယ်ကေ ၁၉၈ ကေကို စပါးရိတ်သိမ်းခြွေလှေ့ ခြင်း၊ ပေါင်မြို့နယ်သမဝါယမအသင်းစု၊ ချမ်းမြေ့သာယာ လယ်/ထွေနှင့် သိဒ္ဓိအောင်လယ်/ထွေမှ ရင်းငြိမ်ကျေးရွာနှင့် ဝဲပတန်ကျေးရွာရှိ မြေကေ ၅၇၀ ကို မြေသားပြုပြင်ခြင်း၊ လယ်ကေ ၂၀၀၀ ကို စပါးရိတ်သိမ်းခြွေလှေ့ခြင်း၊ ကျိုက်ထို မြို့နယ် ထွန်းရတနာလယ်ယာဝန်ဆောင်မှု သမဝါယမ အသင်းမှ ကော့ထင်းကျေးရွာနှင့် ဘိုးရာကြီးကျေးရွာရှိ မြေကေ ၃၀၀ ကို မြေသားပြုပြင်ခြင်းများ ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာဖွယ်ရာရှိသော မုန်တိုင်းနှင့် စပ်လျဉ်းသည့် အသိပေးချက်


(က) မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလား ပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် (နောက် ၂၄ နာရီအတွင်း) (၁.၅.၂၀၂၀) ရက်ခန့်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ပြီး၊ ပိုမိုအားကောင်းလာကာ (နောက် ၇၂ နာရီအတွင်း) (၃.၅.၂၀၂၀) ရက်ခန့်တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အဆိုပါ မုန်တိုင်းငယ်သည် ကနဦးတွင် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး၊ နောက်ပိုင်းတွင် မြောက်-အရှေ့မြောက်သို့ ကွေ့ကာ မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားမည်ဟု ထုတ်ပြန်ပေးထားပါသည်။

(ခ) မိုးလေဝသခန့်မှန်းရေး မော်ဒယ်များ၏ (၃၀-၄-၂၀၂၀)ရက်နေ့၊ မြန်မာစံတော်ချိန် နံနက် (၀၀:၃၀) နာရီအချိန်ကို အခြေခံသည့် ခန့်မှန်းချက်များတွင် မုန်တိုင်းအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-


- အိန္ဒိယမိုးလေဝသဌာန၏ Global Forecasting System (GFS) Model ၏ ခန့်မှန်းချက်တွင် (၁၀.၅.၂၀၂၀) ရက်နေ့တွင် မုန်တိုင်းမှာ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် ဆက်လက် တည်ရှိနေသေးကြောင်း တွေ့ရှိရပါသည်။





- အမေရိကန်နိုင်ငံ၊ National Ocean and Atmospheric Administration (NOAA)/NWS/NCEP ၏ Global Forecasting System (GFS) Model ၏ခန့်မှန်းချက်တွင် (၇.၅.၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် ညနေ(၀၆:၃၀) နာရီအချိန်ခန့်တွင် မုန်တိုင်းငယ်အဆင့်ဖြင့် ရခိုင်ကမ်းရိုးတန်းကို ဖြတ်ကျော်နိုင်ပြီး ညသန်းခေါင်ယံအချိန်တွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများကို ဆက်လက် ဖြတ်ကျော်ဝင်ရောက်နိုင်သည်ကို တွေ့ရပါသည်။





- မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ Weather Research and Forecast (WRF) Model ၏ ခန့်မှန်းချက်တွင် (၈-၅-၂၀၂၀) ရက်နေ့တွင် မုန်တိုင်းမှာပင်လယ်ပြင်၌ သာလျှင် တည်ရှိနေပြီး၊ အရှေ့မြောက်ဘက်သို့ ဦးတည်ရွေ့လျားလာကြောင်း တွေ့ရပါသည်။





- Joint Typhoon Warning Center (JTWC) ၏ မုန်တိုင်းများ အခြေအနေနှင့်ပတ်သက်၍ ခန့်မှန်းချက်များတွင် လက်ရှိအချိန်အထိ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်း ရပ်ဝန်းဖြစ်ပေါ်နိုင်သည့်အခြေအနေကို ဖော်ပြထားခြင်း မရှိသေးကြောင်း တွေ့ရပါသည်။




- European Center for Medium Range Weather Forecast (ECMWF) Model ၏ ခန့်မှန်းချက်တွင် (၆-၅-၂၀၂၀)ရက်နေ့၊ မြန်မာစံတော်ချိန် ညနေ (၀၆:၃၀)နာရီအချိန်၌ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို မုန်တိုင်းငယ်အဆင့်ဖြင့် ဖြတ်ကျော်နိုင်ကြောင်း တွေ့ရပါသည်။




- NAVGEM (Navy Global Environmental Model)၏ ခန့်မှန်းချက်တွင် (၇-၅-၂၀၂၀) ရက်နေ့၌ ဆိုင်ကလုန်းမုန်တိုင်းအဆင့်ဖြင့် ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ်ကမ်းခြေကြားသို့ ဝင်ရောက်နိုင်ကြောင်း တွေ့ရပါသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မြေပြင်မိုးလေဝသအခြေအနေများ၊ အထက် လေထုအခြေအနေများ၊ သင်္ချာပုံစံပြု မိုးလေဝသခန့်မှန်းချက်များ၊ ဂြိုဟ်တုဓာတ်ပုံများ၊ ရေဒါပုံရိပ်များနှင့် မုန်တိုင်းခန့်မှန်းခြင်းနည်းစနစ်များအပြင် ဒေသတွင်း အမျိုးသားမိုးလေဝသဌာနများ၏ ခန့်မှန်းချက်များကိုပါ ရယူပြီး မုန်တိုင်းခန့်မှန်းချက်၊ သတိပေးချက်များကို ထုတ်ပြန်ပေးလျက်ရှိပါသည်။ ယခုအခါ မေလဆန်းအတွင်း ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာဖွယ်ရာရှိသည့် မုန်တိုင်းနှင့် ပတ်သက်၍ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်သည့်အချိန်မှ မုန်တိုင်းအဖြစ်ရောက်ရှိပြီး မုန်တိုင်းကမ်းခြေကို ဖြတ်ကျော်သည့်အချိန်အထိ (၂၄/၇) စောင့်ကြည့်လျက်ရှိပြီး မုန်တိုင်းသတင်း/သတိပေးချက်များကို မိဘပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။ ထို့အပြင် မုန်တိုင်းနှင့်ပတ်သက်၍ နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေသည့် အခြေအနေများကိုပါ ထုတ်ပြန်ပေးသွားမည်ဖြစ်သည့်အတွက် မုန်တိုင်းနှင့်ပတ်သက်သည့် ကောလာဟလသတင်းများကို မယုံကြည်ကြပါရန် အသိပေးအပ်ပါသည်။


**မိုး/ဇလ**

# တိုင်းဒေသကြီး၊ ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်ခတ်၊ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၃၀**

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများဖြစ်ပွားလျက်ရှိရာ ဧပြီ ၂၈ ရက်မှ ၃၀ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာ၊ အင်းတော်မြို့နယ်များ၌ နေအိမ် ၁၈ လုံး အမိုးအကာလန် ပျက်စီးခြင်း၊ ပဲခူးတိုင်းဒေသကြီး၊ မိုးညို၊ ကြို့ပင်ကောက်၊ အုတ်ဖိုမြို့နယ်များ၌ နေအိမ် ၁၃ လုံး ပြိုကျပျက်စီး၍ နေအိမ် ၁၉ လုံးနှင့် ဘာသာရေးအဆောက်အဦ တစ်လုံး အမိုးအကာလန် ပျက်စီးခြင်း၊ မကွေးတိုင်းဒေသကြီး၊ ဆော၊ တောင်တွင်းကြီးမြို့နယ်များ၌ နေအိမ် ၁၇ လုံး၊ ဘာသာရေး အဆောက်အဦ တစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်၊ ပန်းတနော်၊ မော်လမြိုင်ကျွန်းနှင့် မြန်အောင်မြို့နယ်များ၌ နေအိမ် ၁၁ လုံး၊ ဘာသာရေး အဆောက်အဦ တစ်လုံး ပြိုကျပျက်စီးကာ နေအိမ်အလုံး ၂၀၊ ဘာသာရေးအဆောက်အဦ တစ်လုံး အမိုးအကာလန် ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ထို့အတူ ဧပြီ ၉ ရက်မှ ၃၀ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ် ၂၂၈ လုံးနှင့် ဘာသာရေးအဆောက်အဦ နှစ်လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၄၁၇၁ လုံးနှင့် ဘာသာရေးအဆောက်အဦ ၇၅ လုံး အမိုးအကာလန်ပျက်စီးခြင်းများဖြစ်ပွားခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းဖိုးများ ထောက်ပံ့ခြင်းများအတွက် စုစုပေါင်း ငွေကျပ် ၂၂၃ ဒသမ ၆ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။



ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါကြောင်း သိရသည်။ **သတင်းစဉ်**

# ပလက်ဝဒေသခံများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် ရိက္ခာများ သယ်ဆောင်လာသည့် လုပ်ငန်းယာဉ်များနှင့် WFP မှ မော်တော်ယာဉ်များအား AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် ဧပြီ ၃၀**

ချင်းပြည်နယ် ပလက်ဝဒေသရှိ ဒေသခံပြည်သူများအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် WFP မှ ထောက်ပံ့သော ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်မှ ထောက်ပံ့လှူဒါန်းသော စားသောက်ဖွယ်ရာ ပစ္စည်းများအား ရာသီဥတုဆိုးရွားမှုကြောင့် လမ်းပျက်စီးမှုများနှင့် AA အကြမ်းဖက် သောင်းကျန်းသူများက နှောင့်ယှက်ဟန့်တားမှုများကြားမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြိုးစားအားထုတ်၍ ဧပြီ ၂၉ ရက် ညနေပိုင်းတွင် ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ထိုသို့ပို့ဆောင်ရာတွင် လမ်းကြောင်းအခြေအနေနှင့် လုံခြုံရေးအခြေအနေအရ လုပ်ငန်းယာဉ် ၃၁ စီးက ရှေ့မှ စတင်ထွက်ခွာခဲ့ပြီး WFP မှ ခြောက်ဘီးယာဉ်ငါးစီးက နောက်မှ ကပ်လျက်လိုက်ပါကာ ယာဉ်ပေါ်လိုက် လုံခြုံရေးအဖွဲ့များ၊ လမ်းလုံခြုံရေးအဖွဲ့များဖြင့် လုံခြုံရေးဆောင်ရွက်၍ ထွက်ခွာခဲ့ကြောင်း၊ ယင်းသို့ထွက်ခွာခဲ့ရာ ဆမီးမြို့၏ အနောက်ဘက် မီတာ ၁၀၀၀၀ ခန့်အကွာသို့ အရောက်၌ AA အကြမ်းဖက်သောင်းကျန်းသူများက နောက်မှလိုက်ပါလာသည့် WFP မှ မော်တော်ယာဉ်များကိုသာ ဦးတည်ပစ်မှတ်ထားရွေးချယ်၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် လမ်းလုံခြုံရေးဆောင်ရွက်နေသည့် အဖွဲ့များနှင့် ယာဉ်ပေါ်ပါ လုံခြုံရေးအဖွဲ့များက ပြန်လည်ပစ်ခတ်ခဲ့ရာ AA အကြမ်းဖက်သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ရကြောင်း။

အဆိုပါ နှောင့်ယှက်ပစ်ခတ်မှုကြောင့် WFP မှ ယာဉ်မောင်း ပခုက္ကူမြို့နေ ဦးဝင်းကိုအောင်၏ မျက်နှာတွင် မော်တော်ယာဉ်လေကာမှန်စထိမှန်၍ ပြတ်ရှဒဏ်ရာရရှိခဲ့ပြီး ၎င်းမောင်းနှင်သည့် ခြောက်ဘီးယာဉ်၏ ဆီတိုင်ကီနှင့် ရှေ့လေကာမှန် လက်နက်ငယ်ကျည်ထိမှန်ပျက်စီးခဲ့ကြောင်း၊ ထို့ပြင် အခြားမော်တော်ယာဉ် လေးစီးတွင်လည်း ရှေ့ / နောက်လေကာမှန်များ၊ တံခါးများ၊ ဘီးများနှင့် ကိုယ်ထည်များ လက်နက်ငယ်ထိမှန်ပျက်စီးခဲ့ကြောင်း။

ယင်းသို့ မော်တော်ယာဉ်များ ထိမှန်ပျက်စီးခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်ခုခံကာကွယ်ခဲ့မှုများကြောင့် အဆိုပါထောက်ပံ့ရေးပစ္စည်းများနှင့် ရိက္ခာများကို ယနေ့ညနေ ၄ နာရီခွဲ ခန့်တွင် ပလက်ဝနယ်မြေခံ တပ်ဌာနချုပ်ဝန်းကျင်သို့ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် WFP မှ ယာဉ်မောင်း ဦးဝင်းကိုအောင်အား ယာဉ်ပေါ်တွင် လိုက်ပါလာသည့် လုံခြုံရေးအဖွဲ့မှဆေးမှူးဖြင့် လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပလက်ဝ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးတို့အတွက် လုံခြုံရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထောက်ပံ့ရေးပစ္စည်းများနှင့် ရိက္ခာများကို ပလက်ဝ ဒေသခံများ လက်ဝယ်သို့အရောက်ပေးပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**




AA အကြမ်းဖက်အဖွဲ့၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ရှေ့လေကာမှန် လက်နက်ငယ်ကျည်ထိသည့် မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။

# AA အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဧပြီ ၃၀**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်း ရာမောင်တံတားအနီး၌ ဇက်ကူးရန် စောင့်ဆိုင်းလျက်ရှိသော ယာဉ်မောင်းတစ်ဦးသည် AA အကြမ်းဖက် သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ပဲခူးမြို့ရှိ ဆေးလိပ်ဖိုတစ်ခုမှ ဆေးပေါ့လိပ်များအား ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ပို့ဆောင်ရန်အတွက် ယာဉ်မောင်း ဦးသိန်းနိုင်စိုးသည် ဟီးနိုးအမျိုးအစား ၁၂ ဘီးယာဉ်အားမောင်းနှင်၍ ယာဉ်နောက်လိုက်ဖြစ်သူ ဦးသန်းဇော်နှင့်အတူ ထွက်ခွာခဲ့ရာ ဧပြီ ၂၈ ရက် မွန်းလွဲပိုင်းတွင် မင်းပြားမြို့ ရာမောင်တံတားအနီးသို့ ရောက်ရှိခဲ့ပြီး ဇက်ကူးရန်စောင့်ဆိုင်းခဲ့ကြောင်း၊ ယင်းသို့ စောင့်ဆိုင်းနေစဉ် အနောက်ဘက်ရှိ တောင်ကုန်းမှ တိုက်ပွဲဖြစ်ပွားသံများကြားသဖြင့် ကားအောက်သို့ဝင်ရောက်ပုန်းအောင်းနေခဲ့ကြောင်း၊ အသံများငြိမ်သွားချိန်တွင် အပြင်သို့ထွက်၍ ကားဘေး၌ထိုင်နေစဉ် ယာဉ်မောင်း ဦးသိန်းနိုင်စိုး၏ လက်မောင်းကို လက်နက်ငယ် ကျည်ထိမှန်ခဲ့ပြီး ယာဉ်အား ဆက်လက်မောင်းနှင်နိုင်ခြင်း မရှိသဖြင့် ယာဉ်နောက်လိုက် ဦးသန်းဇော်အား စစ်တွေမြို့သို့ ဆက်လက်မောင်းနှင်စေခဲ့ကြောင်း၊ ယောချောင်းတံတားသို့အရောက်တွင် တံတားလုံခြုံရေးအဖွဲ့များသို့ သတင်းပို့ခဲ့ရာ လိုအပ်သည့် ဆေးကုသမှုများပြုလုပ်ပေးခဲ့ပြီး အမ်းမြို့ရှိ တပ်မတော်ဆေးရုံသို့ပို့ဆောင်ကာ ခွဲစိတ်ဆောင်၌ ခွဲစိတ်ပါရဂူဖြင့် အနီးကပ်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် စိုးရိမ်ဖွယ်ရာမရှိကြောင်း။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရာမောင်တံတားအနီးတွင် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရန်နှင့် နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် မကြာခဏပြုလုပ်လျက်ရှိပြီး ဧပြီ ၂၀ ရက် ညနေပိုင်းတွင်လည်း ကိုဗစ် - ၁၉ ရောဂါ စောင့်ကြည့်ခံရသူများ၏ နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာများကို ရန်ကုန် မြို့သို့ပို့ဆောင်စစ်ဆေးရန် ထွက်ခွာလာသည့် WHO မှ UN တံဆိပ်ပါ မော်တော်ယာဉ်အား မင်းပြားမြို့နယ် ရာမောင်ဇက်ဆိပ်အနီး၌ AA အကြမ်းဖက် သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် အရပ်သား ဝန်ထမ်း ၁ ဦး ဒဏ်ရာရရှိခဲ့ပြီး ၁ ဦး သေဆုံးခဲ့သည့်ဖြစ်စဉ်အပါအဝင် အခြားအကြမ်းဖက် လုပ်ရပ်များကိုလည်း လုပ်ဆောင်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မင်းဘူးမြို့၌ ဆိုင်ကယ် ၁၂ စီး ခိုးယူသူ သုံးဦး ဖမ်းဆီးရမိ

**မင်းဘူး ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မင်းဘူးမြို့တွင် ဆိုင်ကယ်ခိုးယူသူ သုံးဦးနဲ့ ဆိုင်ကယ် ၁၂ စီးခိုးယူမှုအား စစ်ဆေးဖော်ထုတ်နိုင်ခဲ့ကြောင်း မင်းဘူးမြို့မရဲစခန်းမှ သိရသည်။

မင်းဘူးမြို့မရဲစခန်းမှ နယ်ထိန်း ဒုရဲအုပ် ကျော်ငြိမ်းနှင့် တပ်ဖွဲ့ဝင်များသည် ဧပြီ ၂၇ ရက် ည ၁၁ နာရီခွဲခန့်က လှည့်ကင်းဆောင်ရွက်နေစဉ် မင်းဘူးမိုတယ်အနီး ဈေးဘက်သွားလမ်းကြားတွင် မသင်္ကာဖွယ် လူတစ်ဦးကို ဆိုင်ကယ်တစ်စီးနှင့် အတူတွေ့ရှိသဖြင့် စစ်ဆေးရာ ၎င်းမှာ မကျီးပင်ကျေးရွာနေ မျိုးမင်းထွန်းဖြစ်ပြီး ဆိုင်ကယ်ကို စစ်ဆေးရာ အထောက်အထား တစ်စုံတစ်ရာ ပြောပြနိုင်ခြင်း မရှိ၍ ခိုးယူလာကြောင်းတွေ့ရှိရသဖြင့် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မျိုးမင်းထွန်းအား အခြားခိုးမှုများ ကျူးလွန်ထားခြင်း ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခဲ့ရာ ၎င်းနှင့်အတူ သန်းထိုက်အောင်(ခ)ဆန်းကွဲ၊ ဇော်ထိုက်(ခ) ဖြူတုတ် တို့သည် ဆိုင်ကယ် ၁၂ စီး ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပြီး အခြားခိုးမှုများပေါ်ပေါက်နိုင်ရေး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကျော်ငြိမ်းထံမှ သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**

# မိုးကုတ်မြို့တွင် လုယက်မှုကျူးလွန်ခဲ့သူများအား ဖမ်းဆီးရမိ

**မိုးကုတ် ဧပြီ ၃၀**

မိုးကုတ်မြို့ ကန်တော်ရပ် ကျောက်မျက်ရုံးရှေ့တွင် ဧပြီ ၂၆ ရက် ညစနာရီခွဲခန့်က လုယက်မှုမှ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိသဖြင့် အရေးယူထားကြောင်း သိရသည်။

ဧပြီ ၂၆ ရက် ည ၈ နာရီခွဲက ဒေါ်တင်အုန်းနှင့် မြေးဖြစ်သူတို့ ဆိုင်ကယ်မောင်းနှင်လာစဉ် လူနှစ်ဦးက ဆိုင်ကယ်ချင်းယှဉ်ကာ မောင်းနှင်လာပြီး ဒေါ်တင်အုန်း၏ လွယ်အိတ်ကို ဆွဲယူထွက်ပြေးသဖြင့် ၎င်း၏ သမီးဖြစ်သူ ဒေါ်သန္တာ သက်သက်လှိုင်က ပြစ်မှုကျူးလွန်သူကို အရေးယူပေးပါရန် အမှုဖွင့်တိုင်ကြားခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များ၏ စုံစမ်းချက်အရ ဖုန်းတစ်လုံးအား လိုက်လံရောင်းချနေသော ဂျစ်တူး(ခ)ထက်ဝေယံအား မသင်္ကာ၍ ဖမ်းဆီးစစ်ဆေးခဲ့ရာ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့ကြသည့် မိုးအောင်(ခ) နိုင်ဝင်းထွန်း (ခ)ကတုံးနှင့် အိငယ်(ခ)ဇော်ဝင်းလွင်တို့ နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်စစ်ဆေးမှုအရ အိတ်အတွင်းပါရှိသည့် ငွေကျပ် နှစ်သိန်းနှင့် နားကပ်နှစ်ရန်ကို ဘိန်းဖြူနှင့် အလဲအလှယ်လုပ်ခဲ့ပြီး ဖုန်းများအား လိုက်လံရောင်းချနေစဉ် ဖမ်းဆီးရမိခဲ့ခြင်းကြောင့် အဆိုပါ လုယက်မှုကျူးလွန်သူ သုံးဦးကို မိုးကုတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးကုတ်(ပြန်/ဆက်)**

# မြို့နယ်အချို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၃၀**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၅ ရက်မှ ၂၇ ရက်အတွင်း နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် အောင်ချမ်းသာဘုရားဝင်းအတွင်းမှ အခြားသား ၂၈ ဒသမ ၅၉၄၀ တန်၊ ရမည်းသင်းမြို့နယ် နန်းလုံကျေးရွာ၏မြောက်ဘက် ပေါက်အင်းဘုရားအနီးမှ တရားမဝင်သစ် ၄ ဒသမ ၄၃၈၀ တန်၊ နေပြည်တော်-ရန်ကုန် အမြန်လမ်း မိုင်တိုင်(၄၂/၁) အနီး ယာဉ်တစ်စီးနှင့်အတူ ကျွန်းပါကေးအကြမ်းတုံး ၀ ဒသမ ၆၂၈၆ တန်၊ ဒိုက်ဦးမြို့နယ် အောင်စိုးမိုးကျေးရွာအနီးမှ တရားမဝင်ကျွန်း/ပျဉ်းကတိုးခွဲသား ၄ ဒသမ ၇၉၄၀ တန်၊ နေပြည်တော်-ရန်ကုန် အမြန်လမ်း မိုင်တိုင်(၇၀/၄) အနီး နှစ်ဆန်းယာဉ်တစ်စီးပေါ်မှ တရားမဝင် ပျဉ်းကတိုးသစ်ခွဲသား ၇ ဒသမ ၀၈၈၀ တန်၊ အင်္ဂပူမြို့နယ် ကညင်စုကျေးရွာအနီး သဲဖြူချောင်းအတွင်းမှ တရားမဝင်တရုတ်နီ (Lotus) ၁၈ ကောင်အင်ဂျင်တစ်လုံးပါ သစ်စက် ဆက်စပ်ပစ္စည်းများနှင့် တရားမဝင်သစ် ၄ ဒသမ ၀၄၀၄ တန်၊ သာပေါင်းမြို့နယ် အောင်တပ်ကျေးရွာအုပ်စု လက်ခုတ်ချောင်းအစုကြီးရွာအနီးမှ တရားမဝင် တောင်သရက်ခွဲသား ၅ ဒသမ ၉၆၈၇ တန်၊ ပုသိမ်မြို့နယ် ရ.က.အ(၉) ထင်းပုံဆိပ်ရှိ ဦးအေးကို၏ အစလ သစ်စက်ဝင်းအတွင်းမှ တရားမဝင် တောင်သရက်ခွဲသား ၃ ဒသမ ၇၀၄၂ တန်ကို ပြစ်မှုကျူးလွန်သူတစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သစ်စက်နှင့် ပြစ်မှုကျူးလွန်သူအား သစ်တောဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာ ရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

❖ *ကျောဖုံးမှ*

မန်ယူအသင်းမှ စီရော်နယ်ဒို ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိ သွားပြီးနောက် နံပါတ် (၇) ဂျာစီ၏ အောင်မြင်မှု၊ ထည်ဝါမှုအခန်းကဏ္ဍ ပျောက်ဆုံးခဲ့ သည်။ ၎င်းနောက်ပိုင်း ဒီပေး၊ ဒီမာရီယာတို့ ဝတ်ဆင်ကစားခဲ့သော်လည်း ဖိအားများနေခဲ့၍ ထင်သလောက် အောင်မြင်မှု မရရှိခဲ့ပေ။ လက်ရှိတွင် ဆန်းချက်ဇ်က အဆိုပါ နံပါတ်(၇) ဂျာစီဖြင့် ဝတ်ဆင်ကစားနေသော်လည်း သွင်းဂိုးအနည်းငယ်သာ သွင်းယူထားနိုင်သေးပြီး အငှားထွက်ကစားရသည့် အနေအထားတွင်ရှိနေသောကြောင့် နံပါတ် (၇)၏ ထည်ဝါမှု ယနေ့အထိ ပျောက်ဆုံးနေဆဲဟုပင် ဆိုနိုင်သည်။ ဆန်ချိုသာ မန်ယူသို့ ပြောင်းရွှေ့ရောက်ရှိလာပါက အောင်မြင်မှု စိုက်ထူနိုင်ခဲ့သော နံပါတ် (၇) ဂျာစီကို ဝတ်ဆင်ကစားခွင့်ရဖွယ် ရှိနေသည်။ ဒေါ့မွန်အသင်းသည် ကိုရိုနာ ဗိုင်းရပ်စ်ကြောင့် အပြောင်းအရွှေ့ဈေးကွက်မငြိမ်မသက် ဖြစ်နေစေကာမူ ဆန်ချို၏ ပြောင်းရွှေ့ကြေးပေါ် သတ်မှတ်ထားသည့် ဈေးနှုန်းထက် လျှော့နည်းခဲ့လျှင် လက်ခံစဉ်းစားဖွယ် မရှိကြောင်းလည်း သတင်းများဆိုထားသည်။ ထို့အပြင် မကြာသေးခင်က ဒေါ့မွန်အသင်းသည် ဆန်ချိုကို လွယ်လွယ် ပြောင်းရွှေ့ခွင့် ပြုဖွယ်မရှိဘဲ ၎င်းရရှိနေသည့် တစ်နှစ် ပေါင် ၅ ဒသမ ၂ သန်းကို ပေါင် ၈ ဒသမ ၇ သန်းအထိ တိုးပေးပြီး အသင်း၌ ထိန်းထားရန် ပြင်ဆင်နေကြောင်းလည်း ဂျာမန်အခြေစိုက်သတင်းစာဘီလ်တွင် ဖော်ပြထားသည်။

ထို့ကြောင့် မန်ယူသို့ ဆန်ချို၏ အပြောင်းအရွှေ့ဖြစ်မြောက်လာဖွယ် ရှိမလား စိတ်ဝင်စားဖွယ်ရာဖြစ်ပြီး အကယ်၍ ထိုအပြောင်းအရွှေ့ဖြစ်မြောက်လာပါက ဆန်ချိုအနေဖြင့် နံပါတ် (၇) ဂျာစီ ဝတ်ဆင်ကစားပြီး အောင်မြင်မှုများ ရယူပေးနိုင်မလား စောင့်ကြည့်ချင်စရာ ဖြစ်ပါသည်။

**အောင်ဇော်**

# ဗြိတိန်တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၆၀၀၀ ကျော်အထိ ရောက်ရှိ

**လန်ဒန် မေ ၃၀**

**ဗြိတိန်နိုင်ငံတွင် လွန်ခဲ့သော ၂၈ ရက် နေ့လယ်ပိုင်းအထိ ကိုဗစ်- ၁၉ တွေ့ရှိကြောင်း ကြေညာချက်ထုတ်ပြန်ပြီးနောက် ကိုဗစ်-၁၉ ကြောင့် ဆေးရုံ၊ စောင့်ရှောက်ရေးဂေဟာများနှင့် တခြားကြီးမားသည့် လူမှုအသိုက်အဝန်းများ၌ သေဆုံးသူ စုစုပေါင်းမှာ ၂၆၀၉၇ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဒိုမီနစ်ရာ့ဘ်က မေ ၂၉ ရက်က ပြောကြား လိုက်သည်။**



ဗြိတိန်ကျန်းမာရေးဝန်ကြီး မက်တ်ဟန်ကော့ခ်

အစိုးရထုတ်ပြန်သည့်စာရင်းဇယားများတွင် ယခုလို ဆေးရုံများ၊ စောင့်ရှောက်ရေးဂေဟာများနှင့် လူမှုအသိုက်အဝန်းများ၏ သေဆုံးသည့်စာရင်းများပါလာခြင်းသည် ပထမဆုံးဖြစ်သည်။ မေ ၂၈ ရက် နေ့လယ်အထိရရှိသော စာရင်းနှင့် နှိုင်းယှဉ်လျှင် ယခုနောက်ဆုံးထုတ်ပြန်လိုက်သည့်စာရင်းတွင် သေဆုံးသူပေါင်း ၃၈၁၁ ဦး ဖြစ်လာကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီး ဒိုမီနစ်ရာ့ဘ်က သေဆုံးသူပေါင်း ၃၈၁၁ ဦးစာရင်းသည် မတ် ၂ ရက်မှ မေ ၂၈ ရက် အထိ စာရင်းဖြစ်ပြီး အဆိုပါစာရင်းတွင် မေ ၂၉ ရက် နေ့လယ် လွန်ခဲ့သော၂၄ နာရီအတွင်း သေဆုံးသည့်ပမာဏ ၇၆၅ ဦး လည်းပါဝင်ကြောင်း ပြောသည်။

အသစ်ထုတ်ပြန်လိုက်သောကိန်းဂဏန်းသည် ကိုဗစ်-၁၉ ဖြစ်ပွားမှုကို ရှင်းလင်းစွာဖော်ပြလိုက်သည့် ရုပ်ပုံတစ်ခုပင်ဖြစ်ကြောင်း၊ အစိုးရသည် စောင့်ရှောက်ရေးဂေဟာများတွင် ရင်ဆိုင်ကြုံတွေ့နေရသည့်စိန်ခေါ်မှုများကို အကောင်းဆုံးဖြည့်ဆည်းပေးနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မေ ၂၉ ရက်နံနက်ပိုင်းအထိ ဗြိတိန်တွင် လူပေါင်း ၆၃၂၇၉၄ ဦးအထိ စမ်းသပ်စစ်ဆေးခဲ့ရာ ၎င်းတို့အနက် လူပေါင်း ၁၆၅၂၂၁ ဦးတွင် ကိုဗစ် -၁၉ တွေ့ရှိကြောင်း ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်ရေးဌာနက ပြောကြားခဲ့သည်။ ကျန်းမာရေးဝန်ကြီး မက်တ်ဟန်ကော့ခ်က အစိုးရအနေဖြင့် ယခုလအကုန်အထိ တစ်ရက်လျှင် စုစုပေါင်း တစ်သိန်းအထိ စမ်းသပ်မည်ဟူသည့် ရည်မှန်းချက်အတိုင်း ပြည့်မီအောင်ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ အစောပိုင်းတွင် ကျန်းမာရေးဌာနက လူနာထောင်ပေါင်းများစွာ ကိုဗစ်-၁၉ ကို ကုသနိုင်ရန်အလားအလာရှိသောကုသမှုများကို ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါ ကုသမှုများတွင် ကိုဗစ်-၁၉ ကို ကုသနိုင်ရန် အလားအလာရှိသော ဆေးဝါးခြောက်မျိုးလည်း အပါအဝင်ဖြစ်သည်။ ကနဦးစမ်းသပ်ထုတ်လုပ်ထားသည့် ကိုဗစ်-၁၉ ကုသနိုင်ရန် အလားအလာရှိသော ဆေးဝါးများကို ဆိုးကျိုးနှင့် ကောင်းကျိုးများသိစေရန်၊ လူနာများတွင် စမ်းသပ်ရန် အာရုံစိုက်လုပ်ဆောင်လျက်ရှိကြောင်းလည်း သိရသည်။

ဗြိတိန်သုတေသီနှင့် ဆန်းသစ်တီထွင်ထုတ်လုပ်မှုဆိုင်ရာ အမှုဆောင်အရာရှိချုပ် ပါမောက္ခ မာ့ခ်ဝယ်ပို့တ်က ယခု ကနဦးတီထွင်ထုတ်လုပ်သည့် ဆေးဝါးများသည် ကိုဗစ်- ၁၉ တိုက်ဖျက်ရာတွင် အကောင်းဆုံးအာမခံပေးနိုင်သည့် ဆေးဝါးများဖြစ်အောင် အလျင်အမြန်လုပ်ဆောင်ရန် လိုကြောင်း ပြောကြားလိုက်သည်။ **ဆင်ဟွာ**

# ကိုဗစ်-၁၉ ဖြစ်နေစဉ်အတွင်း အမေရိကန်ဗဟိုဘဏ်အတိုးနှုန်းကို သုညနီးနီးထားရှိ

**ဝါရှင်တန် မေ ၃၀**

ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုသည် နိုင်ငံအတွင်း ပျံ့နှံ့ဖြစ်ပွားလျက်ရှိသောကြောင့် အမေရိကန်ပြည်ထောင်စု ငွေကြေးစီးဆင်းမှုကို ထိန်းချုပ်သော အဖွဲ့အစည်း (ဖက်ဒရယ်ရီဆာ့ဗ် သို့ ဗဟိုဘဏ်) က ၎င်း၏ စံနှုန်းသတ်မှတ်ချက်အဖြစ် အတိုးနှုန်းကို သုညနီးနီးထားရှိလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၂၉ ရက်က ဖော်ပြလိုက်သည်။

ဆက်လက်ဖြစ်ပွားလျက်ရှိသော ကျန်းမာရေးအကျပ်အတည်းသည် စီးပွားရေးဆောင်ရွက်မှု၊ အလုပ်အကိုင်နှင့်အလုပ်သမားဈေးကွက်၊ ငွေကြေးဖောင်းပွခြင်းအပေါ် များစွာအကျိုးသက်ရောက်လျက်ရှိပြီး စီးပွားရေးရေ့အလားအလာအပေါ် အန္တရာယ်ဖြစ်စေကြောင်း ဖက်ဒရယ်ရီဆာ့ဗ်က ၎င်း၏ ကြေညာချက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ထို့အပြင် ဖက်ဒရယ်ရီဆာ့ဗ်က ဖက်ဒရယ်ငွေကြေးသတ်မှတ်နှုန်းကိုလည်း ၀ ရာခိုင်နှုန်းမှ ၀ ဒသမ ၂၅ ရာခိုင်နှုန်းအတွင်းထားရှိဖို့ နှစ်ရက်ကြာပြုလုပ်ခဲ့သော ဖက်ဒရယ်ရီဆာ့ဗ် အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည်။

ယခုပမာဏကို အလုပ်အကိုင်အခြေအနေများပုံမှန်ပြန်ဖြစ်ချိန်အထိ၊ ဈေးနှုန်းများတည်ငြိမ်သွားသည်အထိ ထားရှိမည်ဖြစ်ကြောင်း ဗဟိုဘဏ်က ဆက်လက်ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ နှင့် ပြည်သူ့ကျန်းမာရေးကာကွယ်ရန် ဆောင်ရွက်ချက်များကြောင့် စီးပွားရေးလုပ်ဆောင်မှုများ ကျဆင်းလာပြီး အလုပ်အကိုင်ဆုံးရှုံးမှုများ မြင့်တက်လာကြောင်း ဗဟိုဘဏ်က ပြောကြားလိုက်သည်။ ယင်းအခြေအနေများက ဘဏ္ဍာရေးအခြေအနေပေါ် ဆိုးကျိုးသက်ရောက်စေကြောင်းလည်း ဗဟိုဘဏ်က ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**



ဗဟိုဘဏ်အဆောက်အအုံရှေ့မျက်နှာစာကို တွေ့ရစဉ်။

# ကမ္ဘာ့ပြည်သူများ စည်းလုံးညီညွတ်မှုရှိရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တိုက်တွန်း

**ဂျီနီဗာ မေ ၃၀**

ကမ္ဘာ့ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယခုအခါတွင် သုံးသန်းကျော်လာပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောကြားလိုက်သည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်းများစွာသည် မိမိနိုင်ငံသူ၊ နိုင်ငံသားများ၏ အသက်အိုးအိမ်စည်းစိမ်များ ကာကွယ်ရန်နှင့် ဘဝအခြေအနေပုံမှန်ပြန်လည်ရောက်ရှိရန် ကိုဗစ်-၁၉ ကို တိုက်ဖျက်လျက်ရှိသည်။

ကမ္ဘာ့စီးပွားရေး အခြေအနေသည် ဒုက္ခသုက္ခများနှင့် ရင်ဆိုင်နေရချိန် ဥရောပရှိ အချို့နိုင်ငံများသည် ကိုဗစ်- ၁၉ အဝင်အထွက်ပိတ်ဆို့ကန့်သတ်မှုများကို ဖြေလျှော့လျက်ရှိသလို တချို့နိုင်ငံများကလည်း အဝင်အထွက် ပိတ်ဆို့ကန့်သတ်မှုလွန်ကာလများတွင် စည်းကမ်းပိုမိုလိုက်နာကြရန် တိုက်တွန်းလျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ်အက်ဒ်ဟာနွန်က ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်အတွင်း ကမ္ဘာ့လူထုကို စည်းလုံးညီညွတ်ကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

ဂရင်းနစ်စံတော်ချိန် ၀၅၀၀ တွင် လက်ခံရရှိသော ကမ္ဘာ့ကိုဗစ်- ၁၉ ဖြစ်ပွားသည့်အတည်ပြု လူနာစာရင်းမှာ ၃၀၂၄၀၅၉ ဦးရှိပြီး သေဆုံးသူပေါင်းမှာလည်း ၂၀၈၁၁၂ ဦးရှိကြောင်းနှင့် အမေရိကန် ပြည်ထောင်စုသည် အတည်ပြုလူနာစာရင်းနှင့် သေဆုံးသည့်စာရင်းတွင် ထိပ်ဆုံးက ရပ်တည်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားလိုက်သည်။

ဂျွန်ဟော့ကင်း တက္ကသိုလ်၏ နောက်ဆုံး ထုတ်ပြန်လိုက်သော စာရင်းအရ အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၆၀၀၀၀ ကျော်လာပြီး ၆၀၉၆၆ ဦးအထိ ရောက်ရှိလာကြောင်း သိရသည်။

ထို့အတူ ကိုဗစ် -၁၉ အတည်ပြုတွေ့ရှိလူနာ အရေအတွက်သည်လည်း ၁၀၃၉၉၀၉ ဦးအထိ ရောက်ရှိလာသည်။

ကိုဗစ်-၁၉ဆိုးကျိုးသက်ရောက်မှုကြောင့် အမေရိကန်ပြည်ထောင်စု၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးသည် ပထမလေးလပတ်တွင် အကြီးအကျယ် ကျဆင်းလျက်ရှိကြောင်း ကုန်သွယ်ရေးဌာနက ဖော်ပြလိုက်သည်။ **ဆင်ဟွာ**




ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရို့စ်အက်ဒ်ဟာနွန် (အလယ်)။

## ဗီယက်နမ်၌ ကိုဗစ်-၁၉ အတည်ပြုလူနာ မတွေ့ရှိသည်မှာ ၁၄ ရက်ရှိလာ

**ဟန်နွိုင်း မေ ၃၀**

ဗီယက်နမ်နိုင်ငံတွင် ၁၄ ရက်အတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာ တွေ့ရှိသည့် သတင်းဖော်ပြချက်မရှိကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက မေ ၃၀ ရက်တွင် ဖော်ပြလိုက်သည်။

ဗီယက်နမ်နိုင်ငံတွင် ယခုအချိန်အထိ ကိုဗစ်- ၁၉ တွေ့ရှိသည့် အတည်ပြုလူနာပေါင်း ၂၇၀ သာရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ထပ်မံမတွေ့ရှိသည်မှာ ၁၄ ရက်ရှိခဲ့ပြီဖြစ်ကြောင်း၊ နောက်ဆုံး ကိုဗစ်-၁၉ တွေ့ရှိခဲ့သည့်နေ့မှာ မေ ၁၆ ရက်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ သံသယရှိလူနာပေါင်း ၄၄၃ ဦးရှိပြီး လူပေါင်း ၃၄၀၀၀ ကို အသွားအလာကန့်သတ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ယခုအချိန်အထိ ကိုဗစ်-၁၉ ကြောင့် သေဆုံးသည့်လူနာဖော်ပြခြင်း မရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။ **ဆင်ဟွာ**

## လူမှုကူညီရေးများလုပ်ဆောင်ရန် ဖိလစ်ပိုင်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ အမေရိကန်ဒေါ်လာသန်း ၂၀၀ ချေးငွေစာချုပ်ချုပ်

**မနီလာ မေ ၃၀**

ဖိလစ်ပိုင်အစိုးရနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့သည် လူမှုကူညီမှုများ လုပ်ဆောင်ရန် သန်း ၂၀၀ တန် ချေးငွေသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၃၀ ရက်က ဖော်ပြခဲ့သည်။

ဖိလစ်ပိုင်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကြောင့် အသွားအလာ ကန့်သတ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေသည့် ဆင်းရဲသားပြည်သူ သန်းချီအတွက် အရေးပေါ်ဘဏ္ဍာငွေများထောက်ပံ့ရန် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် သဘောတူစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ယခုလိုချေးငွေထုတ်ချေးခြင်းသည် အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ဒုတိယအကြိမ်မြောက် ဘဏ္ဍာငွေထောက်ပံ့မှုဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



ဖိလစ်ပိုင်ကျန်းမာရေးဝန်ထမ်းအချို့ကို တွေ့ရစဉ်။

## အိန္ဒိယ၌ တစ်နိုင်ငံလုံးအဝင်အထွက် ကန့်သတ်ပိတ်ဆို့ထားမှုကြောင့် သောင်တင်နေသည့် ရွှေ့ပြောင်းသွားလာသူများကို နေရပ်ပြန်ခွင့်ပေး



အိန္ဒိယနိုင်ငံအတွင်း သောင်တင်နေသည့် ရွှေ့ပြောင်းသွားလာသူများကို တွေ့ရစဉ်။

**နယူးဒေလီ ဧပြီ ၃၀**

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှုကြောင့် အစိုးရက တစ်နိုင်ငံလုံးအဝင်အထွက်ကန့်သတ်ပိတ်ဆို့မှု ပြုလုပ်ခဲ့ပြီးနောက် နိုင်ငံအတွင်း၌ ရွှေ့ပြောင်းသွားလာသူ သန်းပေါင်းများစွာ သောင်တင်လျက်ရှိရာ ယခုအခါ ၎င်းတို့ပြည်နယ်များဆီသို့ ပြန်ခွင့်ရရှိသွားပြီ ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ နေထိုင်သူများသာမက နေရပ်ဆီသို့ ပြန်သွားကြမည့်သူများပါ အပူချိန်တိုင်းတာစစ်ဆေးမှု ခံယူရမည်ဖြစ်ပြီး ကန့်သတ်စောင့်ကြည့်ရာနေရာများတွင် နေထိုင်ရမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

သို့သော်လည်း နေရပ်ပြန်ပြည်သူများ၏ သွားလာလှုပ်ရှားမှုကို ဒေသအစိုးရအဖွဲ့က စီမံဆောင်ရွက်ပေးမည်ဖြစ်ရာ ရွှေ့ပြောင်းသွားလာသူများအနေဖြင့် မိမိသဘောဆန္ဒဖြင့် နယ်စပ်ဖြတ်ကျော်ကာ အိမ်ပြန်ခွင့်မရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် မတ် ၂၄ ရက်မှစတင်ကာ တစ်နိုင်ငံလုံး အဝင်အထွက်ပိတ်ဆို့ကန့်သတ်မှု လုပ်ဆောင်ခဲ့သည်။

အဝင်အထွက်ကန့်သတ်ပိတ်ဆို့သည့်အမိန့်ကို ဝန်ကြီးချုပ်မိုဒီက ကြေညာလိုက်ပြီးနောက်တွင် နိုင်ငံအတွင်း သောင်တင်နေကြသည့် ပြည်သူများမှာ ၎င်းတို့နေရပ်များဆီသို့ပြန်ရန် ကြိုးပမ်းခဲ့ကြပြီး ၎င်းတို့အနက်အများစုမှာ ရွှေ့ပြောင်းသွားလာသူများဖြစ်ကြသည်။

**အေအက်ဖ်ပီ**



တရုတ်ရေတပ်ဖွဲ့မှ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောနှစ်စင်းကို တွေ့ရစဉ်။

## တရုတ်ရေတပ်ဖွဲ့က နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောနှစ်စင်းကို စတင်လည်ပတ်

**ပေကျင်း ဧပြီ ၃၀**

နည်းပညာအဆင့်မြှင့်တင်ထားသည့် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောနှစ်စင်းကို တရုတ်ရေတပ်ဖွဲ့၏ (၇၁) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် စတင်လည်ပတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေငုပ်သင်္ဘောနှစ်စင်းသည် နျူကလီးယားစွမ်းအင်သုံး တိုက်ချင်းပစ်ဒုံးကျည်တင် ၀၉၄ ရေငုပ်သင်္ဘောအမျိုးအစားကို အသစ်ပြန်လည်မွမ်းမံထားသည့် ရေငုပ်သင်္ဘောများဖြစ်ပြီး ရေတပ်ဖွဲ့၏ တိုက်ခိုက်ရေးအင်အားစု တစ်ရပ်အဖြစ် အသုံးပြုမည်ဖြစ်ကြောင်း စစ်ဘက်သတင်းရင်းမြစ်နှစ်ခုက ပြောကြားခဲ့သည်။

ရေငုပ်သင်္ဘောများကို ရေဒါ၊ အသံလှိုင်းဖြင့် ရေအောက်ရှာဖွေရေးဆောင်ရွက်သည့် ကိရိယာနှင့် တော်ပီဒိုများအထိ နည်းပညာဆိုင်ရာအဆင့်မြှင့်တင်မှုများ ပြုလုပ်ထားကြောင်း အဆိုပါသတင်းရင်းမြစ်များက ပြောသည်။

**ဆင်ဟွာ**

## ရာသီဥတုအရေးတက်ကြွလှုပ်ရှားသူ ဂရီတာသွန်းဘတ်က ကလေးငယ်များကို ကူညီရန် အမေရိကန်ဒေါ်လာ တစ်သိန်းလှူဒါန်း

**စတော့ဟုမ်း ဧပြီ ၃၀**

ရာသီဥတုအရေးတက်ကြွလှုပ်ရှားသူ ဆွီဒင်ဆယ်ကျော်သက်လူငယ် ဂရီတာသွန်းဘတ်သည် ကုလသမဂ္ဂ ကလေးသူငယ်များ ရန်ပုံငွေအဖွဲ့ဆိုင်ရာ ဒိန်းမတ်ဖောင်ဒေးရှင်းမှ ၎င်းအား ချီးမြှင့်ထားသည့်ဆုငွေ အမေရိကန်ဒေါ်လာ တစ်သိန်းကို ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေးအတွက် အသုံးပြုရန် လှူဒါန်းလိုက်ကြောင်း ကုလသမဂ္ဂအဖွဲ့ကြီးက ပြောကြားခဲ့သည်။

ရာသီဥတုဆိုင်ရာ အကျပ်အတည်းကဲ့သို့ပင် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုသည်လည်း ကလေးငယ်များ၏ အခွင့်အရေးဆိုင်ရာ အကျပ်အတည်းတစ်ခုပင်ဖြစ်ကြောင်း အသက် ၁၇ နှစ်ရှိပြီဖြစ်သည့် ဂရီတာသွန်းဘတ်က ပြောသည်။

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုသည် ယခုလက်ရှိသာမက နောင်တစ်ချိန်တွင်ပါ ကလေးငယ်များအားလုံးကို ထိခိုက်မှုရှိလာစေမည်ဖြစ်ကြောင်း ဂရီတာက ပြောခဲ့သည်။

သို့ဖြစ်ရာ ကလေးငယ်များ၏ ဘဝကိုကယ်တင်ရန် ယူနီဆက်ဖ်၏ အရေးကြီးလုပ်ငန်းများဆောင်ရွက်မှုကို အကူအညီပေးသည့်အနေဖြင့် မိမိနှင့်အတူ ပိုမိုပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားလိုက်သည်။

ပြီးခဲ့သည့် မတ်လကုန်လောက်တွင် ဂရီတာသွန်းဘတ်သည် ၎င်း ဥရောပမှ ပြန်လာပြီးနောက် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံထားရသည့် လက္ခဏာအချို့ ခံစားခဲ့ရကြောင်း ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**



ရာသီဥတုအရေးတက်ကြွလှုပ်ရှားသူ ဂရီတာသွန်းဘတ်။

## အီရန်၏အမျိုးသားလုံခြုံရေးကိုခြိမ်းခြောက်လာလျှင် အမေရိကန်စစ်စခန်းများကို ပစ်မှတ်ထားမည်ဟု အီရန်ပြော

**တီဟီရန် ဧပြီ ၃၀**

အကယ်၍ အမေရိကန်တပ်ဖွဲ့များက အီရန်၏လုံခြုံရေးကို ထိပါးလာလျှင် ဒေသအတွင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းများကို ပစ်မှတ်ထားတိုက်ခိုက်မည်ဖြစ်ကြောင်း အီရန်အာဏာပိုင်တစ်ဦး ပြောကြားခဲ့မှုကို နိုင်ငံပိုင်ရုပ်မြင်သံကြားက ဧပြီ ၃၀ ရက်တွင် ထုတ်လွှင့်ဖော်ပြခဲ့သည်။

အီရန်သည် အမေရိကန်နှင့် စစ်ဖြစ်ရန် ဘယ်သောအခါမှ ကြိုးပမ်းလိမ့်မည်မဟုတ်သော်လည်း အမေရိကန်ကသာ စစ်ပွဲကို အစပြုခဲ့မည်ဆိုပါက စစ်ပွဲ၏ အဆုံးသတ်ကို အီရန်က ဆုံးဖြတ်ရလိမ့်မည်ဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ အကြီးအကဲဟောင်း တစ်ဦးဖြစ်သည့် ရီဇာအီက ပြောကြားလိုက်ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပင်လယ်ကွေ့ဒေသအတွင်းရှိ အမေရိကန်ရေတပ်ဖွဲ့ သင်္ဘောများအား အနှောင့်အယှက်ပေးသည့် အီရန်တိုက်ရေယာဉ်များကို တိုက်ခိုက်ဖျက်ဆီးပစ်မည်ဟု သတိပေးခဲ့သည်။

**ဆင်ဟွာ**

## ဂျာမနီ၌ ဟစ်ဇ်ဘိုလာတို့၏ လှုပ်ရှားမှုမှန်သမျှကို ပိတ်ပင်လိုက်ပြီး အဖွဲ့နှင့် ဆက်နွှယ်နေသူများကို စီးနင်းရှာဖွေ




ဟစ်ဇ်ဘိုလာအဖွဲ့နှင့် ဆက်နွှယ်နေသည့် အဆောက်အအုံကို ဂျာမနီရဲတပ်ဖွဲ့က ရှာဖွေစီးနင်းနေမှုများ ပြုလုပ်နေစဉ်။

**မြူးနစ် ဧပြီ ၃၀**

လက်ဘနွန်ရှိ အီရန်ကျောထောက်နောက်ခံပေးထားသည့် ဟစ်ဇ်ဘိုလာအဖွဲ့၏ လှုပ်ရှားမှုမှန်သမျှကို ဂျာမနီနိုင်ငံ၌ ဧပြီ ၃၀ ရက်တွင် စတင်ပိတ်ပင်လိုက်ပြီး ရဲတပ်ဖွဲ့က အဆိုပါ အဖွဲ့နှင့် ဆက်နွှယ်နေသည့် ဘာသာရေးအဆောက်အအုံများနှင့် အဆောက်အအုံအချို့ကို စီးနင်းရှာဖွေမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဂျာမနီပြည်ထဲရေးဝန်ကြီးက ယခုအချိန်မှစတင်ကာ ဟစ်ဇ်ဘိုလာတို့၏ လှုပ်ရှားမှုအဖွဲ့တစ်ဖွဲ့လုံးကို ရှီးယိုက်အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်လိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့ပြီး အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က ယင်းအပြောင်းအလဲကို ချက်ချင်းလက်ခံကြိုဆိုခဲ့ကြသည်။

ဟစ်ဇ်ဘိုလာအဖွဲ့သည် ကမ္ဘာတစ်ဝန်း၌ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပြန်ပေးဆွဲမှုပေါင်းများစွာကို လုပ်ဆောင်ခဲ့သည့် အကြမ်းဖက် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ဟော့စ်ဆီးဟိုဖာက ဂျာမနီသတင်းစာ ဘီလ်ဒေးလီးသို့ ပြောကြားခဲ့သည်။

ထို့ကြောင့် ဂျာမနီမြေပေါ်၌ ဟစ်ဇ်ဘိုလာအဖွဲ့၏ လုပ်ငန်းလည်ပတ်လှုပ်ရှားမှုမှန်သမျှကို ပိတ်ပင်လိုက်ပြီး ယင်းအမိန့်ချက်ချင်းသက်ရောက်မည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဘရီမင်နှင့် ဘာလင်တို့ရှိ ဟစ်ဇ်ဘိုလာအဖွဲ့နှင့် ဆက်နွှယ်မှုရှိသည့် လူမှုအဖွဲ့အစည်းများနှင့် ဘာသာရေးအဆောက်အအုံများစွာကို ဂျာမနီရဲတပ်ဖွဲ့နှင့် အထူးတပ်ဖွဲ့များက စီးနင်းရှာဖွေမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ ဘာလင်ရှိ အယ်လ်အာရက် ဘာသာရေး အဆောက်အအုံကိုလည်း ချိပ်ပိတ်ခဲ့ကြောင်း သိရသည်။

လတ်တလောတွင် ဂျာမနီဟစ်ဇ်ဘိုလာအဖွဲ့ တရားဝင်နေထိုင်မှုမရှိသော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုင်ငံအတွင်းအဖွဲ့ဝင် တစ်ထောင်ကျော်ရှိနေသည်ဟု ခန့်မှန်းထားသည်။ **အေအက်ဖ်ပီ**

# ဆင်းရဲချမ်းသာမရွေး နိုင်ငံတိုင်းကို နှိပ်စက်နေသည့် ကိုဗစ် -၁၉ ကပ်ရောဂါ

ခြူးစန္ဒီနွေး

**တစ်ကမ္ဘာလုံးကိုနှိပ်စက်နေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဟာ စစ်ဘေးဒဏ်သင့်နေတဲ့ ယီမင်နိုင်ငံကစလို့ လက်တင်အမေရိကနိုင်ငံဖြစ်တဲ့ ပီရူးနိုင်ငံအထိ အလွတ်မပေးပါဘူး။ နဂိုကမှ ပဋိပက္ခတွေကြောင့် အားနည်းနေရတဲ့ နိုင်ငံတွေအတွက် ကိုဗစ်-၁၉ ကို ရင်ဆိုင်နိုင်ဖို့ဆိုတာ နောက်ထပ်စိန်ခေါ်မှုတစ်ရပ် ဖြစ်လာပါတယ်။**



ယီမင်စေတနာ့ဝန်ထမ်းတစ်ဦးမှ ကလေးငယ်များကို လက်သန့်ဆေးဖြင့် လက်ဆေးခိုင်းနေစဉ်။

### နောက်ထပ်ခြိမ်းခြောက်မှု

ယီမင်နိုင်ငံကိုကြည့်မယ်ဆိုရင် အစကတည်းက ပြည်တွင်းစစ်ဒဏ်ကြောင့် အင်အားချည့်နဲ့နေတာကို တွေ့ရမှာပါ။ ဒ့ါအပြင် ငတ်မွတ်ခေါင်းပါးမှုနဲ့ ကာလဝမ်းရောဂါကလည်း နိုင်ငံအနှံ့ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေတာကို တွေ့ရမှာပါ။ ဧပြီ ၂၉ ရက်မှာတော့ နောက်ထပ်ခြိမ်းခြောက်မှုတစ်ရပ် ယီမင်နိုင်ငံမှာ ပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒါကတော့ နိုင်ငံအတွင်းမှာ ကိုဗစ်-၁၉ ကူးစက်ခံရမှု ပြန့်ပွားနေပြီဆိုတာကို သိလိုက်ရတာပါပဲ။ ယီမင်နိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက် ခံရသူ ငါးဦးတွေ့ရှိခဲ့ရတယ်လို့ အေဒင်မြို့အာဏာပိုင်တွေက ကြေညာခဲ့ပါတယ်။ အဲဒီလိုတွေ့တွေ့ချင်းမှာပဲ မြို့မှာ နှစ်ပတ်ခန့် အသွားအလာ ပိတ်ဆို့ကန့်သတ်လိုက်ပြီး ဈေးဆိုင်တွေနဲ့ ဘာသာရေးအဆောက်အအုံတွေကို ပိတ်ပစ်ခဲ့ပါတယ်။

### အပစ်အခတ်ရပ်စဲပေးရေးတောင်းဆို

အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်ရင် ယီမင်နိုင်ငံအတွင်း ကူးစက်မှုဟာ ပြောပလောက်တဲ့ ပမာဏမဟုတ်ပေမယ့် ကျန်းမာရေးဝန်ထမ်းတွေအတွက်တော့ ဆိုးရွားတဲ့ခြိမ်းခြောက်မှုတစ်ခုပါပဲ။ အစကတည်းက ယိုယွင်းနေတဲ့ ယီမင်နိုင်ငံရဲ့ ကျန်းမာရေးစနစ်ဟာ ကိုဗစ် -၁၉ ကို အန်တုဖို့ဆိုရင် တော်တော်ကြီးကိုရုန်းကန်ရမှာပါ။ လွန်ခဲ့တဲ့လအတွင်းကပဲ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ယီမင်နိုင်ငံအတွင်း စစ်ဖြစ်နေတဲ့အဖွဲ့အစည်းတွေကို အပစ်အခတ်ရပ်စဲပေးဖို့ တောင်းဆိုခဲ့ပါတယ်။ ဘာလို့လဲဆိုရင် ကိုဗစ် -၁၉ ကပ်ရောဂါ အန္တရာယ်ကနေ လွတ်မြောက်နိုင်ဖို့အတွက် ယီမင်နိုင်ငံအတွင်း အပစ်အခတ်ရပ်စဲရေးဟာ အရေးပါလို့ပါပဲ။

### ကပ်ဘေးကြီးသင့်နိုင်

တိုက်ပွဲတွေလည်း ဆက်လက်ဖြစ်နေဦးမယ်၊ ကိုဗစ် -၁၉လည်း ဖြစ်နေမယ်ဆိုရင် ကပ်ဘေးကြီး သင့်မယ့်အနေအထားရှိတယ်လို့ အပြည်ပြည်ဆိုင်ရာ ကယ်ဆယ်ရေးကော်မတီက ယီမင်နိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး တာမန်နာဆာဗာဒတ်ကပြောပါတယ်။ ဒါကြောင့်လည်း အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နိုင်ငံတို့အနေနဲ့ ယီမင် နိုင်ငံမှာ ပဋိပက္ခတိုက်ပွဲတွေဖြစ်နေတဲ့ အဖွဲ့အစည်းတွေကို အပစ်အခတ်ရပ်စဲပေးဖို့ ဖိအားတွေပေးပေးပါ ဆိုပြီး ဆာဗာဒတ်က တောင်းဆိုခဲ့ပါတယ်။ နိုင်ငံတစ်ဝန်း အပစ်အခတ်ရပ်စဲရေးရမှသာ နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းမှုတွေစတင်နိုင်ပြီး စစ်ပွဲကိုရပ်ဆိုင်းနိုင်မှာပဲ ဖြစ်ပါတယ်။ ဗိုင်းရပ်စ်ဟာ နဂိုကတည်းကမှ ပဋိပက္ခဖြစ်နေရတဲ့နိုင်ငံတွေရဲ့အခြေအနေကို ပိုမိုဆိုးရွားစေပါတယ်။

### ဝေခွဲမရဖြစ်

လစ်ဗျားနိုင်ငံကိုကြည့်မယ်ဆိုရင် လူတွေဟာ ဒုံးကျည်ကြောင့်ပဲသေမလား၊ ကပ်ရောဂါကြောင့်ပဲသေမလားဆိုပြီး ကံကြမ္မာကိုစောင့်ဆိုင်းနေရပါတယ်။ အီရန်နိုင်ငံမှာဆိုရင်လည်း ကိုဗစ် -၁၉ ကြောင့်သေဆုံးမှုတွေများလာပြီးတဲ့နောက် စီးပွားရေးအရ အကျပ်အတည်းတွေနဲ့ ဆက်လက်ရင်ဆိုင်နေရပါတယ်။ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့လည်း စိုးရိမ်စရာနှစ်ခု တစ်ပြိုင်နက် ဖြစ်နေရတယ်။ တပ်ဖွဲ့ဝင်တွေကို ကိုဗစ် -၁၉ ကပ်ရောဂါကနေ ကင်းဝေးအောင်လုပ်ရမလား၊ စစ်ရေးအင်အားကို တစ်ကမ္ဘာလုံးအနှံ့ ဖြန့်ကြက်ထားတာကိုပဲ ဆက်လက်လုပ်ဆောင်ရမလားဆိုပြီး ဝေခွဲမရဖြစ်နေရပါတယ်။

### လူမသိသူမသိပျံ့နှံ့နိုင်

ယီမင်နိုင်ငံအတွက်ကတော့ ကိုဗစ် -၁၉ ထက်အရင် ဆိုးရွားတဲ့အခြေအနေတွေနဲ့ ကြုံတွေ့ရပြီးသားပါ။ မကြာသေးခင်ကပဲ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကာလဝမ်းရောဂါဖြစ်ပွားခဲ့ပြီး နိုင်ငံတောင်ပိုင်းမှာ ရေကြီးမှုကြောင့် နေအိမ်ရာနဲ့ချီပြီး ရေထဲမျောပါသွားရပါတယ်။ ဧပြီ ၂၉ ရက် မတိုင်မီတုန်းကတော့ယီမင်နိုင်ငံမှာ အစောဆုံး ကိုဗစ် -၁၉ တွေ့ခဲ့တဲ့ လူနာပြန်လည်ကျန်းမာလာပြီလို့ ယီမင်နိုင်ငံက ကြေညာခဲ့ပါတယ်။ ဒါပေမယ့်လည်းဗိုင်းရပ်စ်ဟာ လူမသိသူမသိ တိတ်တိတ်လေး ပျံ့နှံ့နေတာဖြစ်နိုင်တယ်လို့ ကုလသမဂ္ဂက သတိပေးခဲ့ပါတယ်။ အခု အေဒင်မြို့မှာ ကိုဗစ် -၁၉ ကူးစက်ခံရသူ ငါးဦးထပ်မံတွေ့ရှိတာကိုကြည့်ရင် ဒီအယူအဆဟာ မှန်ကန်တယ်လို့ ပြောရမှာပါ။

### ပီရူးနိုင်ငံသားများ နယ်ပြန်ဖို့ကြိုးစားကြ

ပီရူးနိုင်ငံမှာတော့ မြို့မှာနေထိုင်သူတွေဟာ အလုံးလိုက် အရင်းလိုက် နယ်မြို့တွေက မိဘဆွေမျိုးတွေဆီ ပြန်နေကြပါတယ်။ မြို့တော်လီမာမှာဆိုရင် ဘတ်စ်ကားဂိတ်တွေမှာလည်း လူတွေအပြည့်နဲ့ပါ။ အဝေးပြေးလမ်းမကြီးတွေမှာလည်း ခြေကျင်လျှောက်ပြန်ကြတဲ့ လူတန်းရှည်ကြီးကို တွေ့ရမှာပါ။ အသက် ၂၈ နှစ်အရွယ် ဝေဆင်ဂရန်ဒါကတော့ မကြာသေးခင်ကမှ အလုပ်လက်မဲ့ ဖြစ်သွားသူတစ်ဦးပါ။ ဒါကြောင့် နယ်ကမိဘတွေဆီ ပြန်ဖို့ ကြိုးစားနေတာပါ။ မိဘတွေဆီပြန်ဖို့ ကားဂိတ်မှာစောင့်နေရ တာလေးရက်ရှိပြီလို့ ပြောပါတယ်။ ပီရူးနိုင်ငံသား ၁၆၇၀၀၀ ဟာ နယ်ကမိဘတွေဆီပြန်ဖို့ ဒေသခံအစိုးရဆီအကူအညီတောင်းထားကြပါတယ်။

### ပီရူးနိုင်ငံ၏ကူးစက်မှုနှုန်း

ပီရူးနိုင်ငံဟာ ကိုဗစ် -၁၉ ဆိုးရွားစွာ ခံစားနေရတဲ့ လက်တင်အမေရိကနိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဘရာဇီးနိုင်ငံပြီးလျှင် လက်တင်အမေရိကမှာ ကူးစက်မှုအမြင့်ဆုံးဖြစ်ပြီး လက်ရှိမှာကူးစက်ခံထားရသူ ၃၀၀၀၀ ခန့်ရှိပါတယ်။ အများစုကတော့ မြို့တော်လီမာမှာ နေသူတွေ ကူးစက်ခံထားရတာပါ။ ဟိုးအရင်တုန်းကဆိုရင်တော့ ပီရူးနိုင်ငံမှာ ကျေးလက်နေမိသားစုတွေဟာ အလုပ်ရှာဖို့အတွက် မြို့တော်လီမာကို တက်လာကြပါတယ်။ အခုအခါမှာတော့ အရင်တုန်းကအခြေအနေနဲ့ ပြောင်းပြန်ဖြစ်လာပြီး ကျေးလက်ကနေ အိမ်တွေဆီ အလုအယက်ပြန်ကြဖို့ ကြိုးပမ်းနေ ကြပါတယ်။

### ကျေးလက်ကိုပါ ကူးစက်နိုင်

အခုလို အစုလိုက် အပြုံလိုက် ပြန်ကြခြင်းကြောင့် ကျေးလက်ဒေသကိုပါ ဗိုင်းရပ်စ်ကူးစက်ခံရမှာစိုးရိမ်နေရပါတယ်။ မြို့ကနေ အစုလိုက်ပြန်လာကြသူတွေကို ထားဖို့ ဒေသခံအာဏာပိုင်တွေဟာလည်း ကောင်းကောင်းမပြင်ဆင်ထားရပါဘူး။ ဒါကတော့ ပီရူးနိုင်ငံမှာ လတ်တလော ကြုံတွေ့နေရတဲ့ အခြေအနေပါပဲ။

### ရောဂါလက္ခဏာအသစ်ထပ်တိုး

ကိုဗစ် -၁၉ နဲ့ပတ်သက်လို့ကတော့ ခန့်မှန်းရခက်တယ်လို့ဆိုရမှာပါပဲ။ အရင်သတ်မှတ်ထားတဲ့ ရောဂါလက္ခဏာနဲ့တင် မလုံလောက်တော့လို့ အခုဆိုရင် အမေရိကန်နိုင်ငံက ရောဂါထိန်းချုပ်ရေးနဲ့ ကုသရေးစင်တာက ကိုဗစ်-၁၉ အတွက် နောက်ထပ်ရောဂါလက္ခဏာအသစ်တွေ ထပ်တိုးထည့်ခဲ့ပါတယ်။ အဲဒီလက္ခဏာတွေကတော့ ချမ်းလာမယ်၊ အအေးဓာတ်နဲ့ ချမ်းတုန်မယ်၊ ကြွက်သားတွေ နာကျင်ခံစားရမယ်၊ ခေါင်းကိုက်မယ်၊ လည်ချောင်းနာမယ်၊ နောက်ဆုံးအချက်ကတော့ ရုတ်တရက် အနံ့အရသာပျောက်ဆုံးသွားမယ်ဆိုတဲ့အချက်သစ်တွေ ထပ်ဖြည့်ခဲ့ပါတယ်။ အရင်တုန်းကတော့ဖျားမယ်၊ ချောင်းဆိုးမယ်၊ အသက်ရှူရခက်မယ့် အချက်သုံးချက်ဆိုရင် ကိုဗစ် - ၁၉ ရှိနိုင်တယ်လို့ သတ်မှတ်ထားခဲ့တာပါ။

### မတွေးဝံ့စရာ

ကိုဗစ် -၁၉ ရဲ့နောက်ထပ်ဆိုးရွားတဲ့ အချက်ကတော့ ပျောက်ကင်းပြီလို့အဖြေထွက်ထားသူတွေမှာ ရောဂါပြန်ဖြစ်တာပါပဲ။ မာယာများလှတယ်လို့ ပြောနေကြရတဲ့ ကိုဗစ် -၁၉ က အစစအရာရာ ပြည့်စုံကြွယ်ဝတဲ့နိုင်ငံတွေကိုတောင် ဝရုန်းသုန်းကားအခြေအနေရောက်အောင် ပြုလုပ်နိုင်တာဖြစ်လို့ အစကတည်းက ပဋိပက္ခတွေ၊ စစ်ပွဲတွေနဲ့ ရုန်းကန်နေရတဲ့နိုင်ငံတွေ အတွက်ကတော့ မတွေးဝံ့စရာပါပဲ။ ။ **ကိုးကား -နယူးယောက်တိုင်းမ်စ်**

## နိုင်ငံတကာသတင်းတိုထွာ

### ဘိုးရင်းလေယာဉ်ကုမ္ပဏီက အလုပ်အကိုင်ပေါင်း ၁၆၀၀၀ လျှော့ချမည်

**နယူးယောက် ဧပြီ ၃၀**

အမေရိကန်ပြည်ထောင်စုရှိ လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဘိုးရင်းက ယခုနှစ်၏ပထမလေးလပတ်အတွင်း ဝင်ငွေအကြီးအကျယ်ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပြီးနောက် ထုတ်လုပ်မှုနှင့် ဝန်ထမ်းများ လျှော့ချမှုပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှုအတွင်း လေကြောင်းခရီးစဉ်သွားလာမှုလျော့ကျခဲ့သည့်အပြင် လေယာဉ်မတော်တဆပျက်ကျမှုနှစ်ခုကြောင့် ဘိုးရင်း၏ ၇၃၇ မက်စ်လေယာဉ်များ ရပ်နားထားရမှုကြောင့် ဘိုးရင်းကုမ္ပဏီ၏ ဝင်ငွေနစ်နာဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်။

သို့ဖြစ်ရာ ဘိုးရင်းကုမ္ပဏီအနေဖြင့် ဝန်ထမ်းအင်အား၏ ၁၀ ရာခိုင်နှုန်းဖြစ်သည့် ဝန်ထမ်းပေါင်း ၁၆၀၀၀ ခန့်ကို လျှော့ချမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ထို့ပြင် ဘိုးရင်း၏ ၇၈၇ ဒရင်းလိုင်နာနှင့် ၇၇၇ ဂျက်လေယာဉ်များကိုလည်း ထုတ်လုပ်မှုလျှော့ချမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

### တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်မှု အမြင့်ဆုံးရောက်ရှိခဲ့ပြီးနောက် ပြည်တွင်း၌ကူးစက်ခံရမှု သုညအမှတ်ထိကျဆင်း

**ဆိုးလ် ဧပြီ ၃၀**

တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ထပ်မံကူးစက်ခံရသူ လေးဦးတွေ့ရှိရကြောင်း အာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့ပြီးနောက်တွင် ရောဂါကူးစက်ခံရသူ အရေအတွက် ၁၀၇၆၅ ဦးအထိရှိလာခဲ့သည်။

ရောဂါကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သူ လေးဦးမှာ ပြည်ပမှရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ ရောဂါကူးစက်မှုစတင်ခဲ့သည့် ဖေဖော်ဝါရီ ၁၅ ရက်မှစတင်ကာ ၇၅ ရက်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပြည်တွင်း၌ ရောဂါကူးစက်မှု သုညအထိကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရောဂါကူးစက်မှုကြောင့် တစ်ဦးထပ်မံသေဆုံးခဲ့ပြီးနောက် သေဆုံးသူ အရေအတွက် ၂၄၇ ဦးဖြစ်လာခဲ့သည်။စုစုပေါင်းသေဆုံးမှုပမာဏသည် ၂ ဒသမ ၂၉ ရာခိုင်နှုန်းရှိကြောင်းနှင့် ရောဂါကူးစက်ခံရသူ ၁၃၇ ဦး ကျန်းမာရေးအခြေအနေပြန်ကောင်းလာသည့်အတွက် ဆေးရုံမှပြန်ဆင်းလာပြီဖြစ်ကြောင်းသိရသည်။

**ဆင်ဟွာ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃၀-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၃၀-၄-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သော စောင့်ကြည့်လူနာ (၂၉) ဦး၏ ဓာတ်ခွဲနမူနာများတွင် –

- COVID–19 ရောဂါပိုး မတွေ့ရှိပါ။(ဓာတ်ခွဲအတည်ပြု လူနာသစ် မရှိပါ။)

၂။ သို့ဖြစ်ပါ၍ (၃၀-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၅၀) ဦးရှိပြီဖြစ်ပါသည်။

၃။ (၃၀-၄-၂၀၂၀) ရက်နေ့တွင် ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များအနက် ဓာတ်ခွဲနမူနာများ၌ (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ (၁) ဦး (Case –22) ထပ်မံတွေ့ရှိရသဖြင့် ယနေ့အထိ ဓာတ်ခွဲနမူနာများ၌ (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၂၈) ဦးရှိပြီးဖြစ်ပါသည်။

၄။ (၃၀-၄-၂၀၂၀) ရက်နေ့တွင် ရောဂါပိုးကင်းစင်သွားသူ (၁) ဦး (Case –1) အား ဆေးရုံမှ ထပ်မံဆင်းခွင့်ပြုခဲ့၍ ယနေ့အထိ ဆေးရုံမှဆင်းခွင့်ရရှိသူ စုစုပေါင်း (၁၇) ဦးရှိပြီးဖြစ်ပြီး ၎င်းတို့အား နေအိမ်တွင် အသွားအလာ ဆက်လက်ကန့်သတ်ထားလျက်ရှိပါသည်။

၅။ ဓာတ်ခွဲအတည် ပြုလူနာများအနက် သေဆုံးသူ (၆)ဦးရှိပြီ ဖြစ်ပါသည်။

၆။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာ (၁၂၇) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် ဆေးကုသမှုပေးလျက်ရှိပြီး ၎င်းတို့အနက် အထူးကြပ်မတ်ကုသခန်းတွင် ကုသမှုခံယူနေသူ (၂) ဦးရှိပါသည်။

၇။ (၂၉-၄-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၃၀-၄-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၆၀)ဦး ရှိပါသည်။

၈။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ စောင့်ကြည့်လူနာများနှင့် အသွားအလာကန့်သတ်ထားရှိသူများ၏ ဓာတ်ခွဲစစ်ဆေးမှုအဖြေများ ထပ်မံရရှိပါက ဆက်လက်သတင်းထုတ်ပြန်မည် ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID–19 ရောဂါအတွက် ဆေးသုတေသနဦးစီးဌာနမှ**
**ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၃၀-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၃၀-၄-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ပထမအသုတ် ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၉) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

## တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

**နေပြည်တော် ဧပြီ ၃၀**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန/ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ မြို့နယ် ၇၈ မြို့နယ်ရှိ နေရာ ၁၆၅ ခုတို့တွင် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၆၃၇ ဒသမ ၅ ဂါလန်၊ ရေဂါလန် ၂၅၅၀၀ သုံးစွဲခဲ့ပြီး အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## တာမွေမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အန္တိုင်းမဲ့မေတ္တာလူမှုကူညီရေးအသင်းနှင့် ရှင်သန်ရေးကူညီမှုအသင်း (ရန်ကုန်) တို့ ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက်အတွင်းရှိ လမ်းများနှင့် လူနေအိမ်များ၊ လူနေတိုက်ခန်းများရှိ တံခါး လက်ကိုင်များ၊ လှေကားလက်ရန်းများနှင့် ရပ်ကွက်အတွင်းရှိ လူအသွားအလာများသည့်နေရာများတွင် ဆေးဖျန်းပန့်များဖြင့် ပိုးသတ်ဆေးများ ဖျန်းပေးခြင်း၊ ဆေးမှုတ်စက်ကြီးများဖြင့် ပိုးသတ်ဆေးများ မှုတ်ပေးခြင်း စသဖြင့် ရပ်ကွက်နေပြည်သူများအတွက် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့သည်။ **နိုင်လင်းအောင်(ပြန်/ဆက်)**

## မြို့နယ်များ၌ ဒေသန္တရအမိန့်ဖောက်ဖျက်သူများအား ထောင်ဒဏ်များချမှတ်

**ဖျာပုံ**

ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ခံရမှုမရှိစေရန် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ ညမထွက်ရအမိန့်အား ဧပြီ ၂၃ ရက်မှ စတင် ထုတ်ပြန်ခဲ့ပြီး ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဦးဆောင်သည့်ရဲတပ်ဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ညစဉ်ပိတ်ဆို့စစ်ဆေးခြင်း၊ လှည့်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၃ ရက်တွင်ခြောက်ဦး၊ ၂၄ ရက်တွင် တစ်ဦး၊ ၂၇ ရက်တွင် တစ်ဦး၊ ၃၀ ရက်တွင် လေးဦး စုစုပေါင်း ၁၂ ဦးတို့သည် သက်ဆိုင်ရာ၏ ခွင့်ပြုချက် တစ်စုံတစ်ရာမပါရှိဘဲ သွားလာနေသည်ကို တွေ့ရသဖြင့် ဒေသန္တရအမိန့်ဖောက်ဖျက်ကျူးလွန်သဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ရာ မြို့နယ်တရားရုံးက အလုပ်မဲ့ထောင်ဒဏ် တစ်လစီချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေသန္တရအမိန့်ဖောက်ဖျက်ကျူးလွန်သူများသည် အမျိုးသားများဖြစ်ပြီး ၁၅ ရပ်ကွက်၊ ၁၉ ရပ်ကွက်၊ အပြောင်ကျေးရွာ၊ ဒေါ်ညိမ်းကျေးရွာနှင့် နောက်မီးကျေးရွာတို့မှဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

**မိုးညှင်း**

ကချင်ပြည်နယ် မိုးညှင်းမြို့၌ ဧပြီ ၂၉ ရက်က ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့က ည ၁၀ နာရီမှ နံနက် ၄ နာရီအတွင်း ညမထွက်ရအမိန့် ထုတ်ပြန်ထားပြီးဖြစ်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးခင်မောင်ကျော်နှင့် တာဝန်ရှိသူများပူးပေါင်း၍ လှည့်ကင်း၊ ပတ်ကင်းများဆောင်ရွက်နေစဉ် ဧပြီ ၂၈ ရက် ည ၁၁ နာရီခန့်က ပုညရှင်စက္ကူပါလဆေးရုံအနီးတွင် အောင်သပြေ(၃)ရပ်ကွက်နေ ကျော်သူ(ခ) သန့်ဇင်ဦး(၂၀ နှစ်)အား အကြောင်းပြချက်မရှိဘဲ သတ်မှတ်ချိန်ကျော်လွန်ကာ ညအချိန်အပြင်ထွက်ခြင်းကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမှုဖွင့်တိုင်တန်းခဲ့ပြီး မြို့နယ်တရားရုံးက အလုပ်နှင့်ထောင်ဒဏ် တစ်လ ချမှတ်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

**စဉ့်ကိုင်**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မုန့်ပေါင်းကျေးရွာတွင် ဧပြီ ၂ ရက် နံနက် ၇ နာရီက မူဆယ်မြို့မှပြန်လာသူ မောင်ဟိန်းမင်းထွန်းကို မုန့်ပေါင်းကျေးရွာရှိ (အ-မ-က) ကျောင်းထဲတွင် ကန့်သတ်စောင့်ကြည့်၍ တာဝန်ကျဘက်စုံသားဖွားဆရာမနှင့် အဖွဲ့က ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်နေစဉ် ဒေါက်တာသက်အောင်သန်း(သွားဆရာဝန်) ရောက်ရှိလာပြီး တာဝန်ကျဆရာမကို ရိုင်းစိုင်းစွာ ပြောဆိုခဲ့ကြောင်း သိရသည်။

ထိုသို့ပြုလုပ်သူအား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက အရေးယူပေးပါရန် တရားလိုပြုတိုင်တန်းခဲ့သဖြင့် မြို့နယ်တရားသူကြီးက ဒေါက်တာသက်အောင်သန်း(သွားဆရာဝန်)အား အလုပ်နှင့် ထောင်ဒဏ် ခြောက်လကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**ဝင်းဝင်းသန်း(စဉ့်ကိုင်)**

**ကျောင်းကုန်း**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများအား နေ့စဉ် ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ ညမထွက်ရအမိန့်ထုတ်ပြန်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့ နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ် မီးသတ်ဦးစီးမှူးတို့ဦးဆောင်၍ မြို့မရဲစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များသည် ညစဉ် ပိတ်ဆို့စစ်ဆေးခြင်း၊ လှည့်ကင်းဝပ်ကင်းများ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက် နံနက် ၃ နာရီ ၃၅ မိနစ်က မင်းလမ်းနှင့် ကျုံပျော်လမ်းထောင့်တွင် သက်ဆိုင်ရာ၏ ခွင့်ပြုချက် တစ်စုံတစ်ရာမပါရှိဘဲ ဆိုင်ကယ်သုံးစီးဖြင့် သွားလာနေသည့် လူလေးဦးအား ဒေသန္တရအမိန့် ဖောက်ဖျက်ကျူးလွန်သဖြင့် မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ရာ မြို့နယ်တရားရုံးက အလုပ်မဲ့ထောင်ဒဏ် တစ်လစီ ချမှတ်ခဲ့ကြောင်း သိရသည်။

ညမထွက်ရအမိန့်ဖောက်ဖျက်သူ လေးဦးတွင် အမျိုးသား သုံးဦးနှင့် အမျိုးသမီးတစ်ဦးဖြစ်ပြီး ကျောင်းကုန်းမြို့နယ်မှ သုံးဦးနှင့် ကျုံပျော်မြို့နယ်မှ တစ်ဦးဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး ဆောင်ရွက်ပေးနေသည့် ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား ရောဝတီဖောင်ဒေးရှင်းက ထပ်မံဂုဏ်ပြုချီးမြှင့်

**ရန်ကုန် ဧပြီ ၃၀**

ရောဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံကာ တာဝန်ထမ်းဆောင်နေသော ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား ထပ်မံဂုဏ်ပြုချီးမြှင့်ခဲ့သည်။

ရောဝတီဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စတင်ချိန်မှစ၍ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းစဉ်များတွင် တာဝန်ထမ်းဆောင်နေသည့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဓာတ်ခွဲနမူနာ ရယူပေးသော ဓာတ်ခွဲမှူးများအတွက် ငွေကျပ် သိန်း ၁၀၀၊ ဓာတ်ခွဲ စစ်ဆေးမှုများကို နေ့ညမရွေး အပင်ပန်းခံကာ စစ်ဆေးပေးလျက်ရှိသော အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (NHL)မှ ဝန်ထမ်းများအတွက် ငွေကျပ်သိန်း ၁၀၀ နှင့် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံထားရ၍ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ဆေးကုသမှု ခံယူနေရသော ကျန်းမာရေးဝန်ထမ်းများအား စောင့်ရှောက်ကုသရာတွင် အသုံးပြုနိုင်ရန် ငွေကျပ် သိန်း ၅၀ တို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခံထားရသူများကို စောင့်ရှောက်ကုသပေးနေသော တောင်ဥက္ကလာပအထူးကုဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများအတွက် ငွေကျပ် သိန်း ၁၀၀၊ ကလေးမြို့ တိုင်းရင်းဆေးရုံကြီးနှင့် တီးတိန်ပြည်သူ့ဆေးရုံတို့မှ ဆရာဝန်များအတွက် ငွေကျပ် သိန်း ၁၀၀၊ ကိုဗစ်-၁၉ ရောဂါကြောင့် အသက်ဆုံးရှုံးခဲ့သည့် ပေါက်ခေါင်းမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး၏ မိသားစုအတွက် စာနာပံ့ပိုးငွေကျပ် သိန်း ၅၀ တို့ လှူဒါန်းခဲ့ပြီး လှူဒါန်းငွေစုစုပေါင်း ငွေကျပ်သိန်း ၅၀၀ ရှိကြောင်း သိရသည်။



ရောဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ခံရသူများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနေသည့် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် Max Hotels Group ၊ နိုဗိုတယ်ရန်ကုန်မက်စ်ဟိုတယ်တို့နှင့် ပူးပေါင်း၍ အစားအသောက်များ လိုအပ်သလို ပေးပို့လှူဒါန်းလျက်ရှိသလို နေရေးထိုင်ရေး အခက်ကြုံနေသည့် ဝေဘာဂီဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ရောဝတီဘဏ် သင်တန်းကျောင်းတွင် ထားရှိကာ နေထိုင်စားသောက် သွားလာရေးနှင့် အခြားလိုအပ်သည်များ ပံ့ပိုးပေးလျက်ရှိသည်။ ရောဝတီဖောင်ဒေးရှင်း၊ AYA Bank ၊ Max Myanmar Group ကုမ္ပဏီသည် ကိုဗစ်-၁၉ ရောဂါ ကုသနေသည့် ဆေးရုံကြီးများအတွက် အလှူငွေလှူဒါန်းခြင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် ကျန်းမာရေးအာမခံထားရှိပေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ကျပ်သိန်း ၄၇၀၀ ဝန်းကျင်တန်ဖိုးရှိ ဆန်အိတ် ၁၇၅၀၀ တို့ကို သက်ဆိုင်ရာ အစိုးရအဖွဲ့များမှတစ်ဆင့် လှူဒါန်းခြင်း၊ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်း ငါးခုမှ စောင့်ကြည့်ခံရသူများ၊ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်သွားလာရေးနှင့် အစားအသောက်ကျွေးမွေးမှုအတွက် ငွေကျပ်သိန်း ၃၀၀၀ ဝန်းကျင်အပါအဝင် ဧပြီ ၃၀ ရက်အထိ ငွေကျပ်သိန်း ၁၆၀၀၀ ဝန်းကျင်လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

**ဖိုးသော်ဇင်၊ ဓာတ်ပုံ-ကိုမိုး**

# ကော့သောင်းခရိုင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**ကော့သောင်း ဧပြီ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ကော့သောင်းမြို့ ယုဇနဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီမှ အလှူငွေနှင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် လုပ်ငန်းသုံးပစ္စည်းများအား ယမန်နေ့ညနေပိုင်းက လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ (ယာပုံ)

လှူဒါန်းမှုတွင် ကော့သောင်းမြို့နယ် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး ဆေးရုံသုံးပိုးသတ်ဆေးဖျန်းရုံတစ်ခု၊ အလှူငွေကျပ် သိန်း ၅၀ နှင့် ဆန်အိတ် ၅၀၊ စုစုပေါင်း တန်ဖိုးငွေကျပ် ၆၇ သိန်းကျော်ဖိုးခန့်၊ ဘုတ်ပြင်းမြို့နယ် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး ငွေကျပ် သိန်း ၂၀ ၊ ဆန်အိတ် ၁၅၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၅၇ သိန်းကျော်ခန့်၊ ခမောက်ကြီးမြို့ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် ခုတင်၊ အိပ်ရာအသုံးအဆောင်ပစ္စည်းများ၊ အပူချိန်တိုင်းကိရိယာ၊ ရောဂါကာကွယ်ရေးဝတ်စုံများ၊ ဆန်၊ ဆီနှင့် ငွေကျပ် ၁၅ သိန်း စုစုပေါင်း တန်ဖိုးငွေကျပ် ၃၁ သိန်းကျော်ခန့်ကို ယုဇနဆီအုန်း စိုက်ပျိုးရေးကုမ္ပဏီမှ တာဝန်ခံမန်နေဂျာ ဒေါ်မိုးမိုးခိုင်နှင့် ဒေါ်တင်မိုးလှိုင်တို့က လာရောက်ပေးအပ်လှူဒါန်းခဲ့ကြရာ ကော့သောင်းခရိုင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး အဆိုပါပစ္စည်းများနှင့် အလှူငွေများအား ကော့သောင်းခရိုင်အတွင်း ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် စနစ်တကျ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ပြန်လည်ဝင်ရောက်လာမည့် နေရပ်ပြန်များအား ကန့်သတ်စောင့်ကြည့်ထားရှိမည့်နေရာများ ကြိုတင်ပြင်ဆင်လျက်ရှိ

**ကြာအင်းဆိပ်ကြီး ဧပြီ ၃၀**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက် နောက်ပိုင်း တစ်ဖက်ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံနယ်စပ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ (ချက်ပွိုင့်)ဂိတ်မှ ပြန်လည်ဝင်ရောက်လာမည့် နေရပ်ပြန်ပြည်သူ ၅၀၀ ခန့်အား ကန့်သတ်စောင့်ကြပ်ကြည့်ရှု ထားရှိရန်အတွက် နေရာခြောက်ခုကို ကရင်ပြည်နယ်အစိုးရအဖွဲ့၏ စီမံညွှန်ကြားချက်နှင့်အညီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဦးက ဦးဆောင်ကာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်သည်။ **(အောက်ပုံ)**

အဆိုပါ နေရပ်ပြန်ပြည်သူများအား ကန့်သတ်စောင့်ကြပ်ကြည့်ရှုရေးအတွက် ကြိုတင်ပြင်ဆင်နေမှုလုပ်ငန်းအခြေအနေများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေယံကျော်က နေရပ်ပြန်ပြည်သူ ၅၀၀ ခန့်ကို ကန့်သတ်ထားရှိနိုင်ရေးအတွက် ကြာအင်းဆိပ်ကြီးမြို့ရှိ အ-ထ-က ကျောင်း၊ အမှတ်(၅)အ-မ-က မူလွန်ကျောင်း၊ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး လူငယ်သင်တန်းကျောင်း၊ အ-ထ-က တံခွန်တိုင်၊ အ-ထ-က ကျိုက်ဒုံမြို့၊ အ-ထ-က ဘုရားသုံးဆူရှိ နေရာခြောက်နေရာကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖွဲ့ဝင်များက သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးများဖျန်းခြင်း၊ နေထိုင်စားသောက်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားကြောင်း ပြောကြားသည်။ **မျိုးမင်းဦး(ပြန်/ဆက်)**



# ထိုင်းမှ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် လှိုင်းဘွဲ့၌ ကန့်သတ်စောင့်ကြည့်ရေးစခန်း ပြင်ဆင်ထား

**လှိုင်းဘွဲ့ ဧပြီ ၃၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မြန်မာရွှေ့ပြောင်းလုပ်သားများအား မေလပထမပတ်မှ စတင်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာမည် ဖြစ်သည့်အတွက် ပြန်လည်ဝင်ရောက်လာသူများတွင် လှိုင်းဘွဲ့မြို့နယ်ရှိ ဒေသခံပြည်သူများ ပါဝင်လာပါက ၂၁ ရက် ကန့်သတ်စောင့်ကြည့်ရန်အတွက် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်း ငါးခု ကြိုတင်ထားရှိပြီးဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းထံမှ သိရသည်။

စီစဉ်ထားသည့် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများမှာ အထကခွဲ(လှိုင်းဘွဲ့)၊ အထက(ဒိုင်းပြ)၊ အထက(ရွှေဂွန်း)၊ အထက(ပိုင်ကျုံ)နှင့် သီတဂူအာရောဂျဒါနဆေးရုံ (မြိုင်ကြီးငူ) တို့ဖြစ်ပြီး စုစုပေါင်းလူဦးရေ ၃၀၀ ခန့်ထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိသည်။

အဆိုပါ စောင့်ကြည့်ရေးစခန်းတွင် နေထိုင်သူများအနေဖြင့် လက်ကိုမကြာခဏ ဆေးကြောရန်၊ နှာခေါင်းစည်းများ တပ်ဆင်ရန်၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ နေထိုင်ရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန် အသိပေးပြောကြားခြင်းများကို ဌာနဆိုင်ရာများအား တာဝန်ခွဲ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ထန်တလန်၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နေရပ်ပြန်လာသူများအား ကျန်းမာရေးစောင့်ရှောက်ပေး

**ထန်တလန် ဧပြီ ၃၀**

ချင်းပြည်နယ် ဟားခါးခရိုင် ထန်တလန်မြို့နယ်တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် နေရပ်ဒေသသို့ ပြန်လာသူများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ စောင့်ရှောက်ကြီးကြပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် ထန်တလန်မြို့နယ်တွင် ရပ်ကွက်ကျေးရွာများအလိုက် ၂၁ ရက်ကြာ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန် ထန်တလန်မြို့အမှတ် ၃ ရပ်ကွက်ရှိ န.တ.လ ကျောင်းနှင့်အခြေခံပညာအထက်တန်းကျောင်း စာသင်ခန်းများတွင်လည်းကောင်း၊ ကျေးရွာများအသီးသီးရှိ စာသင်ကျောင်းများစသည့် ပြည်တွင်း အခြားမြို့များမှ ပြန်လာသူများကို အသွားအလာကန့်သတ်ခြင်း၊ သတ်မှတ်ထားသော ဥပဒေပါ စည်းကမ်းချက်များနှင့်အညီ နေအိမ် ကန့်သတ်စောင့်ကြည့်ခြင်းများအား ဆောင်ရွက်ထားရှိစေခဲ့သည်။

ထန်တလန်မြို့နယ်တွင် ဧပြီ ၂၉ ရက်က ကိုဗစ်-၁၉ အတည်ပြုတွေ့ရှိသူ Case -150 နှင့်အတူ ကလေးမြို့မှ ဟားခါးမြို့သို့ ယာဉ်အတူစီးနင်းလာသူ ထန်တလန်မြို့နယ်မှ ၉ ဦးအနက် ၅ ဦးတို့သည် ကလေးငယ်များဖြစ်ပြီး ကျန်းမာရေးကောင်းမွန်လျက်ရှိသည့်အတွက် ၎င်းတို့နေအိမ်တွင် သီးခြားနေထိုင်စေပြီး နေအိမ်စောင့်ကြပ်ကြည့်ရှုမှုဖြင့် ကျန်းမာရေးဌာနမှ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကိုးဦးအနက်မှ ကျန် ၄ ဦးအား ထန်တလန်မြို့ အမှတ် ၃ ရပ်ကွက်ရှိ န.တ.လ လူငယ်ကျောင်းတွင် လူထုအခြေပြု သွားလာကန့်သတ် စောင့်ကြပ်ခြင်းဖြင့် အသီးသီးစောင့်ကြည့်ထားရှိခဲ့ပြီး ကျန်းမာရေး စောင့်ရှောက်မှုများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ နေ့စဉ်ဆောင်ရွက် ပေးလျက်ရှိသည်။



ထန်တလန်၌ နေရပ်ပြန်များအား ကိုဗစ်-၁၉ ကာကွယ်စောင့်ရှောက်ပေးစဉ်

အဆိုပါ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန် သီးခြားထားရှိသူများမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိကာ မြို့နယ် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်နှင့် ကော်မတီဝင်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ယောန(ပြန်/ဆက်)**

## ပင်းတယ၌ ကျပ် ၃၅ သိန်းကျော်တန်ဖိုးရှိ PPE ဝတ်စုံ၊ ရောဂါကာကွယ်ရေးပစ္စည်းနှင့် ဆန်များပေးအပ်လှူဒါန်း

**ပင်းတယ ဧပြီ ၃၀**

ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့တွင် အသုံးပြုရန်အတွက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ Robust Goal Co.Ltd မှ တာဝန်ရှိသူက PPE ဝတ်စုံ၊ ရောဂါကာကွယ်ရေးပစ္စည်းနှင့် ဆန်များကို ယနေ့ နံနက် ၁၀ နာရီက လာရောက်လှူဒါန်းသည်။

အဆိုပါလှူဒါန်းမှုတွင် Robust Goal Co.Ltd မှတာဝန်ရှိသူက စုစုပေါင်းငွေကျပ် ၂၅ သိန်းကျော်တန်ဖိုးရှိ PPE ဝတ်စုံ၊ မျက်မှန်၊ နှာခေါင်းစည်းနှင့် ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ဆန်အိတ်များအပြင် ကိုဗစ်-၁၉ ပိုးသတ်ဆေး ၁၅ ဂါလန်တို့အား ပေးအပ်လှူဒါန်းရာ ပင်းတယမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက လက်ခံရယူပြီး အလှူရှင်အားဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ခင်မျိုးနွယ်(ပင်းတယ)**



## ဒေးဒရဲမြို့ ယာယီဈေး၌ ဈေးသည်နှင့် ဈေးဝယ်များအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ဒေးဒရဲ ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်အတွင်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု မရှိစေရန်နှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ယမန်နေ့ နံနက်ပိုင်းက ဒေးဒရဲမြို့ လွတ်လပ်ရေး ကျောက်တိုင်ကွင်း၌ ဖွင့်လှစ်ထားသည့် ယာယီဈေး၌ ဈေးသည်များနှင့် ဈေးဝယ်လာသူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်နိုင်ရေး၊ ကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ယာယီဈေး၌ ဈေးရောင်းဈေးဝယ်ကြသူများအား နှာခေါင်းစည်းများတပ်ဆင်ပြီး ရောင်းဝယ်ကြစေရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များအား ပြည်သူများ သိရှိစေရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး နည်းလမ်းများအား အသိပညာပေး ပြောကြားကြောင်း သိရသည်။

**မြင့်မြင့်ခိုင်(ပြန်/ဆက်)**



## ကော့မှူးမြို့နယ်တွင် ရွှေလျှားစာကြည့်တိုက်ယာဉ်ဖြင့် ကိုဗစ်-၁၉ ကျန်းမာရေး အသိပညာပေး

**ကော့မှူး ဧပြီ ၃၀**

လတ်တလော ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကူးစက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်ပြီး ကျန်းမာရေး အသိပညာပေးခြင်းကို ရန်ကုန်တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ယနေ့ဆောင်ရွက်ကြောင်း သိရသည်။



ကော့မှူး၌ ကိုဗစ်-၁၉ အသိပညာပေးမှုကို ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ဆောင်ရွက်စဉ်

ထိုသို့ ဆောင်ရွက်ရာတွင် အမှတ် (၁)တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်သန္တာအေး၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးလေးကိုကိုနှင့် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်ပြန်/ဆက်၊ မြို့နယ် ကြက်ခြေနီ၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ ဝန်ထမ်းများ ပူးပေါင်းပြီး ကော့မှူးမြို့မဈေးရှေ့တွင် အသိပညာပေး ပိုစတာနှင့် ဗီနိုင်းများ ကပ်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လက်ကိုင်စပီကာများ၊ အသံချဲ့ စက်များဖြင့် ကျန်းမာရေး အသိပညာပေးခြင်း၊ ဈေးရောင်းချသူ/ ဈေးဝယ်သူများအား ကျန်းမာရေးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရေး အသိပညာပေး ဆောင်ရွက်ကြောင်း သိရသည်။

**မောင်အေးချမ်း (ပြန်/ဆက်)**

## အင်းစိန်၌ ကိုဗစ်-၁၉ ကာကွယ်ရေး PPE ဝတ်စုံ၊ နှာခေါင်းစည်း၊ လက်အိတ်နှင့်လက်သန့်ဆေးရည်များ လာရောက်လှူဒါန်း

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်နိုင်စေရန် ရည်ရွယ်၍ ကိုဗစ်-၁၉ ကာကွယ်နိုင်ရေးအတွက် အလှူရှင်များက PPE ဝတ်စုံ၊ နှာခေါင်းစည်း၊ လက်အိတ်နှင့် လက်သန့်ဆေးရည်များ လာရောက် လှူဒါန်းခြင်းကို ယမန်နေ့က လှူဒါန်းခဲ့သည်။

လှူဒါန်းရာတွင် ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ကုသရေး လုပ်ငန်းစဉ်များတွင် လိုအပ်သည့် နေရာများသုံးစွဲနိုင်ရန်အတွက် ဦးဇော်ဝင်း RC 3 ကျောင်းသားဟောင်းမောင်နှမများ ပရဟိတအဖွဲ့က PPE ဝတ်စုံ ၁၁ စုံ၊ လက်အိတ် ၅၀၊ လက်သန့်ဆေးရည် နှစ်ဘူးနှင့် အောင်ဆန်းရပ်ကွက်နေ ဦးမြစိန်က PPE ဝတ်စုံ ၁၀ စုံတို့ကို လာရောက်လှူဒါန်းရာ အင်းစိန်မြို့နယ်၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**



## မုဒုံမြို့၌ ကန့်သတ်စောင့်ကြည့်နေရာများ၌ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်

**မုဒုံ ဧပြီ ၃၀**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ထိုင်းနိုင်ငံမှပြန်လည်ဝင်ရောက်လာမည့်နေရပ်ပြန်ပြည်သူများအား ၂၁ ရက် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် ပိုးသတ်ဆေးဖျန်းခြင်းနှင့် လိုက်နာရမည့်စည်းကမ်းချက်ပိုစတာများတပ်ဆင်ခြင်း ဆောင်ရွက်မှုများကို ယမန်နေ့က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုများကို မုဒုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဦး ဦးဆောင်ပြီး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မုဒုံမြို့နယ်ကြက်ခြေနီအသင်းခွဲ၊ မြန်မာ့လူငယ် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့နှင့် မေတ္တာစံအိမ်အသင်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် **"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ၎င်း "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ၎င်း Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ဧရာဝတီတိုင်းဒေသကြီးရှိ အခြေခံပြည်သူများအတွက် ကမ္ဘောဇဘဏ်က ဆန်အိတ်ပေါင်း ၁၀၀၀ လှူဒါန်း




**နေပြည်တော် ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ ကို ပုသိမ်မြို့ တိုင်းဒေသကြီး အစိုးရရုံး၌ ကမ္ဘောဇဘဏ်က ပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က လက်ခံယူသည်။ **(ယာပုံ)**

ကမ္ဘောဇဘဏ်သည် ဧပြီ ၁၃ ရက်တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ အခြေခံပြည်သူများအတွက် ရည်ရွယ်၍ ငွေကျပ်သိန်း ၆၀၀၀ ကျော် တန်ဖိုးရှိ ဆန်အိတ်ပေါင်း ၂၁၀၀၀ ကျော်ကို ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ လှူဒါန်းပေးအပ်ပြီး ဖြန့်ဝေလျက်ရှိသည်။ ချင်း၊ ကယားနှင့် ရခိုင်ပြည်နယ်တို့ရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် စောင့်ကြည့်ခံ ပြည်သူများအနက်မှ နေ့စဉ်စားသောက်စရိတ် အခက်အခဲရှိသော ပြည်သူတစ်ဦးလျှင် တစ်ရက် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် အစားအသောက်များ ပံ့ပိုးပေးနိုင်ရန်အတွက် ပြည်နယ်တစ်ခုလျှင် ငွေကျပ် သိန်း ၃၀၀ စီဖြင့် ငွေကျပ်သိန်း ၉၀၀ ကိုလည်း ကမ္ဘောဇဘဏ်မှ ဧပြီလ နောက်ဆုံးပတ်အတွင်းက ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၁၄၀၀၀ ကျော် တန်ဖိုးရှိ ကာကွယ်ကုသရေး အထောက်အကူပြု ပစ္စည်းများကို ကုန်းလမ်းသာမက စင်းလုံးငှား လေယာဉ်များဖြင့် သယ်ယူလှူဒါန်းခြင်း၊ ရှမ်းပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ လှူဒါန်းငွေကျပ်သိန်း ၂၀၀၀ မတည်ကာ ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို ပြင်ဆင်ထား၍ နိုင်ငံတွင်း အရေးပေါ်လိုအပ်သော နေရာများကို ဖြန့်ဝေလှူဒါန်းခြင်း၊ ဒေသအသီးသီးသို့ ပြည်ပမှ ပြန်လည်ဝင်ရောက်လာကြသည့် နိုင်ငံသားများနှင့် ၎င်းတို့ရောက်ရှိနေထိုင်ရာ နေရာဒေသများရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စောင့်ကြည့်လူနာများအတွက် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးပစ္စည်း ခြောက်မျိုးကို လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ကိုကျော်

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် ဧပြီ ၃၀**

Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ကိုဗစ်-၁၉ Call Center ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ (၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃) ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာဝန်ထမ်း ဆရာဝန် (၁၇) ဦး စုစုပေါင်း (၆၀) ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ထိန်းချုပ်နိုင်ရေးအတွက် မိတ္ထီလာမြို့ရှိ ယာဉ်လိုင်း ၄၆ခု နှင့် ယာဉ်အစီးရေ ၂၅၂ စီး ပြေးဆွဲမှု မေ ၁၅ ရက်အထိ ယာယီရပ်နားထား


**မိတ္ထီလာ ဧပြီ ၃၀**

ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုထိန်းချုပ်နိုင်စေရေးအတွက် မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်မှုအရ မိတ္ထီလာမြို့ရှိ ခရီးသည်တင်ယာဉ်လိုင်း ၄၆ ခုနှင့် ယာဉ်အစီးရေ ၂၅၂ စီး ပြေးဆွဲမှုကို ဧပြီ ၃၀ ရက်မှ မေ ၁၅ ရက်အထိ ပြေးဆွဲခွင့်ကို ယာယီရပ်နားထားကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီး အတွင်းက ခရီးသည်တင်ယာဉ်လိုင်းတွေ အားလုံး ဧပြီ ၂၁ ရက်ကနေ ဧပြီ ၃၀ ရက်အထိ ပြေးဆွဲမှုခေတ္တယာယီ ရပ်နားထားဖို့ ယခင်က ထုတ်ပြန်တားမြစ်ခဲ့တာပါ။ အခု ဧပြီ ၃၀ ရက်ကနေ မေလ ၁၅ ရက်အထိ နောက်ထပ်အမိန့်တစ်စုံတစ်ရာ မထုတ်ပြန်မီအထိ ခရီးသည်တင်ယာဉ်လိုင်းတွေ ပြေးဆွဲမှု ရပ်နားထားဖို့ ညွှန်ကြားလာပါတယ်။ မိတ္ထီလာမြို့မှာရှိတဲ့ ခရီးသည်တင် ယာဉ်လိုင်းအားလုံးကိုလည်း အဲဒီညွှန်ကြားချက်အတိုင်း မေ ၁၅ ရက်အထိ ပြေးဆွဲမှုရပ်နားထားဖို့ ဆက်သွယ်အကြောင်းထားပြီး ဖြစ်ပါတယ်။ မိတ္ထီလာမြို့မှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ ကျောက်ပန်းတောင်း ၊ မြင်းခြံ စတဲ့ မြို့ကြီးတွေကို ခရီးလမ်းမကြီး ငါးခုကနေ ပုံမှန်အချိန်ဆို နေ့စဉ်ပြေးဆွဲနေတဲ့ အဝေးပြေးခရီးသည်တင် ယာဉ်လိုင်း ၄၆ ခုနဲ့ ယာဉ်အစီးရေ ၂၅၂ စီး ရှိပါတယ်"ဟု မိတ္ထီလာမြို့ ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ပြောသည်။

မိတ္ထီလာမြို့သည် တောင်ကြီး၊ ရန်ကုန်၊ မန္တလေး၊ မြင်းခြံ၊ ကျောက်ပန်းတောင်း မြို့များသို့ သွားရာ ခရီးသွားလမ်းဆုံမြို့ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမရှိသည့် ကာလမတိုင်မီက ခရီးသည်တင်ယာဉ်များနှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသည်များ နေ့စဉ်မပြတ် စည်ကားသည့် မြို့ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



## မူဆယ်ခရိုင်သို့ ကျပ်သိန်း ၄၈၀ ခန့်တန်ဖိုးရှိ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအထောက်အကူပြု ပစ္စည်းများလှူဒါန်း



**မူဆယ် ဧပြီ ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်များသို့ တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ ဆုန်ချင်လင့်ဖောင်ဒေးရှင်း၊ မိဆုန်ဖောင်ဒေးရှင်းနှင့် ရွှေလီ Blue Skyလူမှုကူညီရေးအသင်းတို့မှ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၌ အသုံးပြုရန် ခန့်မှန်းကာလတန်ဖိုး ငွေကျပ်သိန်း ၄၈၀ ခန့် တန်ဖိုးရှိ ကာကွယ်၊ ထိန်းချုပ်ရေး အထောက်အကူပြု ပစ္စည်းများကို ယမန်နေ့က မူဆယ်မြို့ နှစ်နိုင်ငံဝင်/ထွက်ဂိတ် (နန်းတော်ဂိတ်)၌ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ပေးအပ် လှူဒါန်းမှုများတွင် နှာခေါင်းစည်း ၆၆၀၀၀ နှင့် ပိုးသတ်ဆေးပုံး ၃၄၈၀ စုစုပေါင်း တရုတ်ယွမ်ငွေ ၂၄၀၀၀၀ ခန့် (မြန်မာငွေအားဖြင့် ငွေကျပ်သိန်း ၄၈၀ ခန့်) ရှိပြီး ဆုန်ချင်လင့် ဖောင်ဒေးရှင်း၊ မိဆုန်ဖောင်ဒေးရှင်းနှင့် ရွှေလီ Blue Sky လူမှုကူညီရေးအသင်းမှ တာဝန်ရှိသူတို့က လာရောက်ပေးအပ်ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်နှင့် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြန်မာ - တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

မူဆယ်၊ နမ့်ခမ်းနှင့် ကွတ်ခိုင်မြို့နယ်တို့အပြင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့လည်း နှာခေါင်းစည်း ၁၅ ဖာ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မိုင်းဘဉာဏ်(ကွတ်ခိုင်)**

## တရုတ်နိုင်ငံမှ နေရပ်ပြန်များအား သက်ဆိုင်ရာသို့ ပြန်လည်လွှဲပြောင်း ပေးအပ်

**လောက်ကိုင် ဧပြီ ၃၀**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် တရုတ်နိုင်ငံဘက်မှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန် မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိစေရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ချိတ်ဆက်၍ လွှဲပြောင်းပေးအပ်လျက်ရှိသည်။ **(အောက်ပုံ)**

လောက်ကိုင်မြို့ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန် မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက်လွှဲပြောင်းပေးအပ်လျက်ရှိရာ ဧပြီ ၂၈ ရက်တွင် ရှမ်းပြည်နယ်မှ လေးဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ နှစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ခုနစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၂၂ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၇၂ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၅၆ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၆ ဦး စုစုပေါင်း ၁၈၉ ဦးကို လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်းနှင့် ဧပြီ ၂၉ ရက် တွင် ရှမ်းပြည်နယ်မှ ငါးဦး ၊ မကွေးတိုင်းဒေသကြီးမှ ၁၅၁ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၈၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၈ ဦး၊ ဧရာဝတီ တိုင်းဒေသကြီး ၁၄ ဦး၊ နေပြည်တော်မှ နှစ်ဦး၊ ရခိုင်ပြည်နယ်မှ နှစ်ဦး၊ ကချင်ပြည်နယ်မှ နှစ်ဦး၊ ချင်းပြည်နယ်တစ်ဦးတို့ကို လွှဲပြောင်းပေးအပ်ရာ လောက်ကိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကနေရပ်ပြန်သူများ၏ သွားလာရေးအဆင်ပြေရန်အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ဇော်အောင်(ပြန်/ဆက်)**



## သထုံ၌ နေရပ်ပြန်ပြည်သူများ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းထားရှိရန်အတွက် နေရာသုံးနေရာ စီစဉ်ထား

**သထုံ ဧပြီ ၃၀**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ထိုင်းနိုင်ငံမှ မိမိတို့နေရပ်သို့ ပြန်လာကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ နေရပ်ပြန်ပြည်သူများအား အသွားအလာကန့်သတ်ထားရှိရေးစောင့်ကြည့်နိုင်ရန် နေရာသုံးနေရာစီစဉ်ထားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

သထုံမြို့နယ် ကြာပန်းကျေးရွာ တာယာစက်ရုံဝင်းအတွင်းရှိ စက်မှုသင်တန်းကျောင်း၊ ဂေါ့ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်နှင့် မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းတို့တွင် နေရပ်ပြန်ပြည်သူ စုစုပေါင်း ၃၇၆ ဦး ထားရှိစောင့်ကြည့်နိုင်ရန် ပြင်ဆင်ထားကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးက ပြောသည်။ နေရပ်ပြန်ပြည်သူများကို အမျိုးသား အမျိုးသမီး သီးသန့်စီ ခွဲခြားထားရှိသွားမည်ဖြစ်ပြီး စောင့်ကြည့်ကာလအတွင်း ကန့်သတ်စောင့်ကြပ် ကြည့်ရှုခြင်းများကို ကြီးကြပ်ရန် ဌာနဆိုင်ရာတာဝန်ရှိသူများအား တာဝန်ခွဲဝေချထားပေးကာ နေ့စဉ်ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် စားသောက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ သတ်မှတ်နှုန်းထားအလိုက် တာဝန်ရှိသူတို့က စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။



နေရပ်ပြန်သူများ ရောက်ရှိလာပါက အသင့်နေထိုင်နိုင်ရန် ကန့်သတ်စောင့်ကြည့်နေရာများ၌ ပိုးသတ်ဆေးဖျန်းခြင်း၊ နေရာခင်းကျင်းခြင်း၊ သန့်ရှင်းရေး၊ သောက်သုံးရေနှင့် အိမ်သာ စသည်တို့စနစ်တကျရှိစေရန် ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် လူမှုကူညီရေးပရဟိတအဖွဲ့များ ပူးပေါင်းကာ ပြင်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

**သက်ဦး(သထုံ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀- ၄ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၃၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၁၀/၄၅၅ | ကျပ် | ၄၆၀/၄၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၂၀/၄၇၀ | ကျပ် | ၄၇၅/၄၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၂၉၀/၃၁၀ | ကျပ် | ၃၄၀/၃၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၃၀/၄၅၀ | ကျပ် | ၄၉၅/၅၀၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၁၀ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၂ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၇ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၅၄ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၄ . ၇ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၂၀ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၉ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၆၅၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၄ . ၈၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၅၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၁၆ | ၄၀၁၆၀၀၀၀ |
| MTSH | ၃၈၀၀ | ၃၇၅၀ | ၄၁၂၆ | ၁၅၅၀၇၀၅၀ |
| MCB | ၈၂၀၀ | ၈၁၀၀ | ၇၀၅ | ၅၃၆၉၅၀၀ |
| FPB | ၂၂၀၀၀ | ၂၂၅၀၀ | ၁၇၆၅ | ၃၉၁၁၃၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၂၄၂ | ၆၆၅၅၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဘာစီလိုနာအတွက် နေမာဟာ အကောင်းဆုံးဖြစ်လာနိုင်မလား

**အောင်က**

**လက်ရှိအချိန် လာလီဂါပြိုင်ပွဲတွေကလည်း ရပ်တန့်ထားကြတယ်။ တချို့က ရာသီကုန်ဆုံးဖို့တောင် မဖြစ်နိုင်ဘူးလို့လည်း သုံးသပ်ကြတယ်။ လက်ရှိအချိန်အထိလည်း ရာသီကုန်ဆုံးဖို့ဆိုတာက မရေရာမသေချာသေးတဲ့ အခြေအနေတွေမှာ ရှိနေတယ်။ ဒါပေမယ့် အခုလို အခြေအနေမှာ ဘာစီလိုနာအသင်းအပါအဝင် ဥရောပထိပ်တန်းအသင်းတော်တော်များများက ကစားသမားသစ်ခေါ်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေကြတယ်။ ဒါပေမယ့် ကစားသမားသစ်ခေါ်ယူရေးမှာတော့ ကိုရိုနာအပြီးမှာ အသင်းတွေရဲ့ ဘဏ္ဍာရေးအခြေအနေကလည်း အဓိကနေရာမှာ ရှိနေသေးတယ်။**



ဒါပေမယ့် သေချာတာက ဘာစီလိုနာအသင်းအနေနဲ့ ပြီးခဲ့တဲ့နှစ်တွေတုန်းကလို လာမယ့် အပြောင်းအရွှေ့မှာတော့ ကစားသမားခေါ်ယူရေးနဲ့ ပတ်သက်ပြီး ငွေကြေးကို အလွန်အမင်း သုံးစွဲနိုင်ဖို့မရှိဘူး။ ဒါကြောင့်လည်း ဘာစီလိုနာအသင်းအတွက် ကစားသမားသစ် ခေါ်ယူရေးအတွက် စဉ်းစားရာမှာ ပြောင်းရွှေ့ကြေးကလည်း အဓိကကျလာနိုင်တယ်။ ဒီအကျပ်အတည်း ကာလမှာဆိုရင် ဘာစီလိုနာကစားသမားတွေတောင် လုပ်ခလစာတွေ လျှော့ယူရတဲ့အခြေအနေမှာ ရှိနေတယ်။ ဒါကြောင့်လည်း လာမယ့် အပြောင်းအရွှေ့ရာသီမှာတော့ ဘာစီလိုနာအသင်းအနေနဲ့ ခေါ်ယူဖို့စိတ်ဝင်စားနေတဲ့ ကစားသမားတိုင်းကို ခေါ်ယူဖို့ မဖြစ်နိုင်ဘူး။ အသင်းရဲ့ ကစားသမားဟောင်း နေမာကို ခေါ်ယူမယ်ဆိုရင်တောင် အသင်းရဲ့ မလိုအပ်တဲ့ ကစားသမားတွေကို အရင်ဆုံးရောင်းထုတ်ပြီးမှ ခေါ်ယူနိုင်ဖို့ ကြိုးစားရမှာဖြစ်တယ်။ နေမာကို ခေါ်ယူမယ်ဆိုရင်လည်း ဘာစီလိုနာအသင်းအတွက် အကောင်းဆုံးခေါ်ယူမှုတစ်ခု ဖြစ်လာနိုင်မယ်လို့ဆိုနိုင်လား။

## ကောင်းကျိုး

နေမာဟာ မက်ဆီ၊ ဆွာရက်ဇ်တို့နဲ့ ကောင်းကောင်းရင်းနှီးပြီးသားဖြစ်ပြီး သူတို့သုံးဦး တိုက်စစ်အတွဲကလည်း ဘာစီလိုနာအသင်းအတွက် အကောင်းဆုံး ဖြစ်ခဲ့တယ်။ သူတို့ တိုက်စစ်သုံးဦးအတွဲနဲ့ ဘာစီလိုနာအသင်းဟာ ချန်ပီယံလိဂ်တစ်ကြိမ်၊ စပိန်ဘုရင်ဖလား သုံးကြိမ်၊ လာလီဂါဆုဖလား နှစ်ကြိမ်နဲ့ ကမ္ဘာ့ကလပ် ချန်ပီယံများဖလား တစ်ကြိမ်ရရှိခဲ့တယ်။ ဒါကြောင့်လည်း နေမာရဲ့ ဘာစီလိုနာရက်စွဲတွေကို ပြန်လှန်ကြည့်မယ်ဆိုရင် အောင်မြင်မှုနဲ့အတူ ဆုဖလားတွေကလည်း စီတန်းနေတယ်လို့ ပြောရမယ်။

ဒ့ါအပြင် တိုက်စစ်မှူး နေမာဟာ ပွဲတစ်ပွဲရဲ့ အဖြေကို အဆုံးအဖြတ်ပေးနိုင်တဲ့ ကစားသမားမျိုးဖြစ်တယ်။ ဘာစီလိုနာအသင်းအတွက်တော့ မက်ဆီ အသက်အရွယ်ကြီးရင့်လာချိန်မှာ နေမာလို ကစားသမားမျိုးက မဖြစ်မနေကို လိုအပ်တယ်လို့ ပြောရမယ်။ မက်ဆီရဲ့အသက်ဟာ အခုဆိုရင် ၃၃ နှစ် ရှိနေပြီ။ သူ့အတွက် ထိပ်တန်းအဆင့်မှာ ကစားနိုင်ဖို့အတွက် နှစ်တွေက သိပ်မကျန်တော့ဘူး။ ဒါကြောင့်လည်း လက်ရှိဘောလုံးလောကကို ကြည့်မယ်ဆိုရင် မက်ဆီလို ကစားသမားမျိုးရဲ့ နေရာကို ဆက်ခံနိုင်တဲ့ ကစားသမားမျိုးဆိုတာက လက်ငါးချောင်းတောင် သိပ်မပြည့်ချင်ဘူး။ ဒါပေမယ့် အဲဒီ ငါးယောက်ထဲမှာတော့ နေမာက ပါဝင်နေတယ်။

ဒါပေမယ့် နေမာလိုကစားသမားမျိုးကို ဈေးသက်သက်သာသာနဲ့ ခေါ်ယူနိုင်ဖို့ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ဘူး။ လက်ရှိအချိန်အထိလည်း နေမာရဲ့ ပီအက်စ်ဂျီအသင်းကို ပြောင်းရွှေ့ခဲ့တဲ့ ပြောင်းရွှေ့ကြေးဟာ ဘယ်ကစားသမားကမှ မဖြတ်ကျော်နိုင်သေးတဲ့ စံချိန်တင်ပြောင်းရွှေ့ကြေးအဖြစ် ရှိနေသေးတယ်။ ဒါပေမယ့် နေမာကို ခေါ်ယူမယ်ဆိုရင် တန်ကြေးကြီးမားပေမယ့် သူနဲ့ပတ်သက်ပြီး ဆက်နွှယ်ပတ်သက်တဲ့ ကြော်ငြာတွေ၊ ရုပ်ပုံအသုံးပြုမှုတွေနဲ့ စပွန်ဆာတွေနဲ့ ဂျာစီရောင်းချရမှုတွေကလည်း မြင့်တက်လာနိုင်တယ်။

နေမာဟာ ဂိုးကို ပုံမှန်သွင်းယူနိုင်စွမ်းရှိတဲ့ တိုက်စစ်ကစားသမားလည်း ဖြစ်တယ်။ သူ့ကြောင့် အသင်းရဲ့ စိတ်ဓာတ်ပိုင်းတွေကလည်း မြင့်တက်လာမှုတွေရှိတယ်။ ဒါကြောင့်လည်း ဘရာဇီးနည်းပြကဆိုရင် နေမာဟာ နိုင်ငံလက်ရွေးစင်အသင်းအတွက်တော့ ဘယ်လိုမှ အစားထိုးဖို့ မလွယ်တဲ့ ကစားသမားတစ်ဦးလို့ ပြောဆိုထားခဲ့တယ်။ သူ့အနေနဲ့ ပီအက်စ်ဂျီမှာ ဒဏ်ရာကြောင့် ရုန်းကန်နေခဲ့ရပေမယ့် ဂိုးသွင်းယူနိုင်တဲ့ ခြေစွမ်းကတော့ ကျသွားခြင်း မရှိတဲ့သူလည်း ဖြစ်ပါတယ်။

## ဆိုးကျိုး

နေမာရဲ့လက်ရှိအသက်ဟာ ၂၈ နှစ် ရှိပြီဖြစ်ပါတယ်။ ဒါဟာ ကစားသမားအတွက်တော့ အထွတ်အထိပ်အရောက်ဆုံးအချိန်လို့လည်း ပြောရမယ်။ ဒါပေမယ့် အသင်းတစ်သင်းအနေနဲ့ စံချိန်တင်ပြောင်းရွှေ့ကြေးတွေနဲ့ ရင်းနှီးမြှုပ်နှံသင့်တဲ့အရွယ်လို့တော့ မဆိုနိုင်ဘူး။ ဒ့ါအပြင် ဒီနေ့ခေတ် ဘောလုံးလောကကို ကြည့်မယ်ဆိုရင်လည်း ထိပ်တန်းကစားသမား တော်တော်များများက အသက်ငယ်ငယ်ရွယ်ရွယ်ကတည်းက ထိပ်တန်းအဆင့်ကို ရောက်နေခဲ့ကြတာ ဖြစ်တယ်။ ဒါကြောင့်လည်း အသင်းတစ်သင်းအနေနဲ့ နှစ်ရှည်ရင်းနှီးမြှုပ်နှံဖို့ဆိုရင် အသက်ငယ်ရွယ်တဲ့ ကစားသမားက ပိုကောင်းတယ်လို့ ပြောရမယ်။

ဒ့ါအပြင် နေမာဟာ ၂၀၁၇ ခုနှစ်က ဘာစီလိုနာအသင်းကနေ ပီအက်စ်ဂျီအသင်းကို ပြောင်းရွှေ့ခဲ့စဉ်က သူ့ရဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ ပြောင်းရွှေ့မှုနဲ့ ပတ်သက်ပြီး မကျေနပ်ကြတဲ့ ပရိသတ်တွေလည်း ရှိခဲ့တယ်။ အခုချိန်အထိလည်း အဲဒီအကြိတ်အခဲက ပရိသတ်တွေအတွက် မကျေသေးဘူးလို့ ပြောနိုင်တယ်။ ဒ့ါအပြင် ဘာစီလိုနာအသင်းနဲ့ နေမာကြားမှာလည်း အပိုဆုကြေးအနေနဲ့ ပေးရမယ့် ဆုကြေးတွေမပေးတာနဲ့ ပတ်သက်ပြီး မကျေလည်မှုတွေ ရှိနေသေးတယ်။

ဒ့ါအပြင် သူ့ကို ပြောင်းရွှေ့ကြေး အလွန်အမင်းနဲ့ ခေါ်ယူခဲ့မယ်ဆိုရင်တောင် လက်ရှိနည်းပြ ဆေတီယန်ရဲ့ ကစားကွက်မှာ အသားကျနိုင်မလားဆိုတာက ဘယ်သူကမှ အာမခံချက် မပေးနိုင်သေးဘူး။ ဒ့ါအပြင် ဂရစ်ဇ်မန်းသာ အသင်းမှာ ဆက်လက်ရှိနေမယ်ဆိုရင် ဘာစီလိုနာရဲ့ တိုက်စစ်ပိုင်းမှာက မက်ဆီ၊ ဆွာရက်ဇ်၊ ဂရစ်ဇ်မန်းနဲ့ နေမာတို့ ဖြစ်သွားမယ်ဆိုရင် တစ်ယောက်တော့ ထွက်ပေးရဖို့ ရှိတယ်။ ဒ့ါအပြင် နေမာဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်း ဒဏ်ရာပြဿနာနဲ့ ရုန်းကန်နေခဲ့ရတာက များတယ်။ ဒါကြောင့်လည်း နေမာဟာ ဘာစီလိုနာအသင်းအတွက် အကောင်းဆုံးဖြစ်နိုင်မလားဆိုတာက သံသယဖြစ်စရာ ဖြစ်နေတာပါ။

## နိဂုံး

လက်ရှိအချိန်မှာက ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဘောလုံးလောကကြီးက ကမောက်ကမ ဖြစ်နေချိန်ဖြစ်တာကြောင့် ဘာဖြစ်လာဦးမလဲဆိုတာကိုတော့ ဘယ်သူကမှ မပြောနိုင်သေးပါဘူး။ ဒါပေမယ့် ကြိုတင်ပြင်ဆင်မှုတွေနဲ့ အင်အားဖြည့်တင်းမယ့် ဘာစီလိုနာရဲ့ အနာဂတ်အစီအစဉ်မှာတော့ နေမာဟာ အကောင်းဆုံး ဖြစ်နိုင်မလားဆိုတာကတော့ ဝိရောဓိအနေအထားနဲ့သာ ဆက်လက်ရှိနေတယ်လို့ ပြောရမှာပါ။

# မန်စီးတီးနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုရန် ဖာနန်ဒင်ညို လိုလား

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်း ကွင်းလယ်ခံစစ်ကစားသမား ဖာနန်ဒင်ညိုက မန်စီးတီးအသင်းနှင့် စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုနိုင်ဖွယ်ရှိကြောင်း အရိပ်အမြွက် ထုတ်ဖော်ပြောဆိုလိုက်သည်။

လာမည့် မေ ၄ ရက်တွင် အသက် ၃၅ နှစ်ပြည့်မြောက်မည့် ဘရာဇီးကစားသမား ဖာနန်ဒင်ညိုနှင့် မန်စီးတီးအသင်းတို့သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကုန်ပိုင်းတွင် ၂၀၂၁ ခုနှစ် နွေရာသီအထိ သက်တမ်းရှိ စာချုပ်သစ် ချုပ်ဆိုခဲ့သူဖြစ်သည်။ မန်စီးတီးအသင်း၏ ဒုတိယကပ္ပတိန်အဖြစ် ခန့်အပ်ခံထားရသူ ဖာနန်ဒင်ညိုသည် ၂၀၁၃ ခုနှစ်အတွင်းတွင် ရှက်တာဒိုးနက်စ်အသင်းမှ မန်စီးတီးသို့ ပြောင်းရွှေ့လာသူဖြစ်ပြီး မန်စီးတီးအသင်းအတွက် စုစုပေါင်း ၃၀၄ ပွဲ ပါဝင်ကစားထားကာ ၂၃ ဂိုး သွင်းယူထားသူဖြစ်သည်။ မန်စီးတီးအသင်း မန်နေဂျာ ဂွာဒီယိုလာသည် ယခုနှစ် ဘောလုံးရာသီတွင် အသင်းမှ ဗဟိုခံစစ်မှူးများဖြစ်သည့် လာပေါ်တီနှင့် ဂွန်စတုန်းတို့ ပါဝင်ကစားနိုင်ခြင်း မရှိသည့်အချိန်များတွင် ဖာနန်ဒင်ညိုအား ဗဟိုခံစစ်မှူးအဖြစ် အသုံးပြုလျက်ရှိသည်။

ဖာနန်ဒင်ညိုက “ကျွန်တော်ဟာ ပြီးခဲ့တဲ့လအနည်းငယ်တုန်းက မန်စီးတီးနဲ့ စာချုပ်သက်တမ်း တိုးမြှင့်ခဲ့ပါတယ်။ ဒီလို သက်တမ်းတိုးနိုင်ခဲ့တဲ့အတွက် ပျော်ရွှင်မိတယ်။ တကယ်လို့ နောက်ထပ် သက်တမ်းတိုးမြှင့်ဖို့ ဆွေးနွေးဖြစ်မယ်ဆိုရင်လည်း ဝမ်းသာမိမှာပါ။ ဒါပေမယ့် သက်တမ်းမတိုးဖြစ်ခဲ့ရင်လည်း မန်စီးတီးအတွက် ကျွန်တော် စွမ်းဆောင်ပေးနိုင်တာတွေ၊ အသင်းက ကျွန်တော့်အတွက် လုပ်ဆောင်ပေးခဲ့တာတွေအတွက် ကျေနပ်ပျော်ရွှင်နေမှာ ဖြစ်ပါတယ်။ မန်စီးတီးအသင်းမှာ ရှိရတဲ့အချိန်တွေက ကျွန်တော့်ကို ပျော်ရွှင်စေပါတယ်။ မန်စီးတီးအသင်းဟာ ကျွန်တော့်ရင်ထဲမှာ အမြဲတမ်းရှိနေမှာကတော့ အသေချာပါပဲ”ဟု ပြောဆိုခဲ့သည်။



**ထက်အောင်**

# ရိုးမားအသင်းနှင့် အပြီးသတ်စာချုပ်ချုပ်ရန် မီခီတာရန် ဆန္ဒရှိနေ

အာဆင်နယ်အသင်းမှ ရိုးမားအသင်းသို့ အငှားဖြင့် ပြောင်းရွှေ့ကစားနေသူ တောင်ပံတိုက်စစ်ကစားသမား မီခီတာရန်သည် ရိုးမားအသင်းသို့ အပြီးသတ်ပြောင်းရွှေ့ရန် ဆန္ဒရှိကြောင်း၊ သို့သော်လည်း မီခီတာရန်အတွက် အာဆင်နယ်အသင်းမှ တောင်းဆိုထားသည့် ပြောင်းရွှေ့ကြေးပမာဏသည် ရိုးမားအသင်းအတွက် မြင့်မားလွန်းနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အာမေးနီးယားကစားသမား မီခီတာရန် (၃၁နှစ်) ပြီးခဲ့သည့် နွေရာသီအတွင်းတွင် ရိုးမားအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့လာခဲ့ပြီးနောက် ရိုးမားအသင်းအတွက် စုစုပေါင်း ၁၇ ပွဲ ပါဝင်ကစားထားကာ ခြောက်ဂိုးသွင်းယူထားသည်။ အာဆင်နယ်အသင်းသည် ဒေါ့မွန်နှင့် မန်ယူအသင်း ကစားသမားဟောင်း မီခီတာရန်အတွက် ပြောင်းရွှေ့ကြေးအဖြစ် ပေါင် ၂၂ သန်းတောင်းဆိုထားပြီး ရိုးမားအသင်းကမူ ပေါင် ၁၅ သန်းသာ ပေးချေသွားရန် ဆန္ဒရှိနေသည်ဟု Mirror သတင်းစာက ရေးသားဖော်ပြခဲ့သည်။ မီခီတာရန်နှင့် အာဆင်နယ်အသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေသေးသည်။

ရိုးမားအသင်း နည်းပြဖြစ်သူ ပါယူလိုဖွန်ဆီကာက “ကျွန်တော့်အနေနဲ့ မီခီတာရန်ကို ရိုးမားအသင်းမှာ ဆက်ရှိနေစေချင်ပါတယ်။ မီခီတာရန်ကလည်း ဒီအသင်းမှာပဲ ဆက်နေဖို့ ဆန္ဒရှိနေသူပါ။ ဒါပေမယ့် မီခီတာရန်ကို အပြီးသတ်ခေါ်ယူရေးကိစ္စက အဆက်ပြတ်နေတယ်။ ရိုးမားအသင်းအနေနဲ့ အာဆင်နယ်အသင်းနဲ့ ဆွေးနွေးသွားရမှာပါ။ ကျွန်တော်ကတော့ မီခီတာရန်နဲ့ ဆက်လက်လက်တွဲပြီး အလုပ်လုပ်သွားချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ ထိပ်တန်းကစားသမားတစ်ဦး ဖြစ်တာကြောင့်ပါ”ဟု ရုရှားရုပ်သံအစီအစဉ်တစ်ခုနှင့် တွေ့ဆုံရာတွင် ပြောဆိုခဲ့သည်။

**ထက်အောင်**

# လီဟာဗေးကစားသမား ပါပီဂူယီအား ဝက်ဖို့ဒ်အသင်း ခေါ်ယူ

ပရီမီယာလိဂ်ကလပ် ဝက်ဖို့ဒ်အသင်းသည် ပြီးခဲ့သည့် ဧပြီ ၂၉ ရက်တွင် ပြင်သစ်ဒုတိယတန်းကလပ် လီဟာဗေးအသင်းမှ လူငယ် ကွင်းလယ် ခံစစ်ကစားသမား ပါပီဂူယီအား ခေါ်ယူရေးအတွက် အကြိုစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အသက်(၂၁နှစ်)အရွယ်ရှိ ပြင်သစ်ကစားသမား ပါပီဂူယီသည် အာဆင်နယ်အသင်း၏ ကာလရှည် ပစ်မှတ်ထားခြင်းခံခဲ့ရသူ ဖြစ်သော်လည်း ဝက်ဖို့ဒ်အသင်းသည် ပါပီဂူယီအား ငါးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်း ဖြစ်သည်။ ကွင်းလယ်ခံစစ်ကစားသမား ပါပီဂူယီသည် ၂၀၁၇ ခုနှစ်တွင် လီဟာဗေး B အသင်းမှ ပထမအသင်းကြီးသို့ ခေါ်ယူခံခဲ့ရသူဖြစ်ပြီး လီဟာဗေးအသင်းနှင့် ပါပီဂူယီတို့ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်သက်တမ်းမှာ လာမည့် ဇွန်လတွင် ကုန်ဆုံးမည်ဖြစ်ခြင်းကြောင့် ဝက်ဖို့ဒ်အသင်းသည် ပါပီဂူယီအား ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ခေါ်ယူရန်အတွက် အကြိုစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ပြီး ဇူလိုင် ၁ ရက်တွင် ပါပီဂူယီသည် ဝက်ဖို့ဒ်အသင်း၏ တရားဝင်ကစားသမား ဖြစ်လာမည်ဖြစ်သည်။ ကွင်းလယ်ခံစစ်ကစားသမား ပါပီဂူယီသည် လီဟာဗေးအသင်းအတွက် အမှတ်ပေးပွဲပေါင်း ၃၉ ပွဲ ပါဝင်ကစားခွင့် ရရှိထားသူဖြစ်သည်။

**ထက်အောင်**

# မယ်စဲ့မြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**မယ်စဲ့ ဧပြီ ၃၀**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထူး၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်ဝင်း၊ အင်ဂျင်နီယာတို့နှင့်အတူ ယမန်နေ့က မယ်စဲ့မြို့နယ်အတွင်းရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။ **(ယာပုံ)**

မယ်စဲ့မြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နယ်စပ်ဒေသဖွံ့ဖြိုးရေး) ရန်ပုံငွေ ကျပ်၂၂၄ ဒသမ ၃၈၂သန်းဖြင့် ဟိုဂျစ်-တောင်လှအရှည်(၅/၄)မိုင် မြေသားလမ်းဖောက်လုပ်ခြင်း၊ အဆိုပါ လမ်းပေါ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၀၇ ဒသမ ၁၀၈ သန်းဖြင့် ပေ ၅၀ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၁၅၈ ဒသမ ၆၄၃ သန်းဖြင့် ဟိုဂျစ်-ဟိုဖ- လယ်တောမြေသားလမ်းပေါ်တွင် ပေ၄၀ (ဘေလီတစ်လွှာ တစ်ထပ်) တံတားနှစ်စင်း တည်ဆောက်ခြင်း၊ အဆိုပါလမ်းပေါ်တွင် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၈၁ ဒသမ ၃၃၀ ဖြင့် ပေ ၂၀ ကွန်ကရစ်တံတားနှစ်စင်းတည်ဆောက်ခြင်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၁၂၁ ဒသမ ၉၉၉သန်းဖြင့် ဟိုဂျစ်-ဟိုဖ-လယ်တောမြေသားလမ်းပေါ်တွင် ပေ၃၀ တံတားနှစ်စင်းတည်ဆောက်ခြင်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၉၄ ဒသမ ၂၅၉သန်းဖြင့် နမ့်မန်းကျေးရွာ အရှည်ပေ ၃၃၀၀၊ အကျယ် ၁၂ ပေ၊ ထု၁၂လက်မကျေးရွာတွင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၅၆ ဒသမ ၅၅၅ သန်းဖြင့် ဝမ်ကန်ကျေးရွာ အရှည်ပေ ၁၅၀၀ ရွာတွင်းကတ္တရာလမ်းခင်းခြင်းနှင့် ပေ ၅၀ ကွန်ကရစ်ရေကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့် ခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၁၈၇သန်းဖြင့် မယ်စဲ့မြို့ပညာရေးရုံးတန်ဖိုးနည်းအိမ်ရာတစ်လုံးနှင့် အထက(မယ်စဲ့) တန်ဖိုးနည်းအိမ်ရာတစ်လုံး တည်ဆောက်ခြင်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၂၆၄ ဒသမ ၁၃၈ သန်းဖြင့် လမ်းဆုံ-လယ်တောအရှည်(၂/၄)မိုင် ကျောက်ခင်းခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လုပ်ငန်းများအားလုံး ၅၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအကြား ပြီးစီးလျက်ရှိပြီး လုပ်ငန်းနှစ်ခုသာ ၂၀ရာခိုင်နှုန်းနှင့် ၂၅ ရာခိုင်နှုန်းခန့်ပြီးစီးနေသဖြင့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးနှင့် အရည်အသွေးကောင်းမွန်ရေး တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



**ဝတ်ရည်(ပြန်/ဆက်)**

# သုံးခွမြို့ သောက်သုံးရေဖူလုံစေရန် ရေကန်နှစ်ကန်အသစ်တူးဖော်

**သုံးခွ ဧပြီ ၃၀**

ရန်ကုန်တိုင်းဒေသကြီးသုံးခွမြို့တွင် နွေရာသီကာလ၌ ပြည်သူများသောက်သုံးရေပြတ်လပ်မှုမရှိစေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် မြို့အနောက်ဘက်ခြမ်း မြို့ဦးရေကန်အနီးအမှတ် ၅ ရပ်ကွက်တွင် ၁၀ ဧက ရေကန်တစ်ကန်နှင့် ၉ ရပ်ကွက် အောင်မင်္ဂလာပိုင်းတွင် ရှစ်ဧက မြေသားရေကန်တစ်ကန် စုစုပေါင်း ရေကန်နှစ်ကန်အသစ်တူးဖော်ခြင်း၊ ရေကန်ပေါင်တာဖို့ခြင်း၊ လုပ်ငန်းကို ကုမ္ပဏီနှစ်ခုက တစ်ပြိုင်တည်းစက်ယန္တရားများ၊ မြေသယ်ယာဉ်များအသုံးပြုကာ ဆောင်ရွက်လျက် ရှိသည်။



အဆိုပါ ဆောင်ရွက်မှုတွင် လုပ်ငန်း ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ကြည်သာလှက ယနေ့နံနက်ပိုင်းတွင် ပြောကြားသည်။ သုံးခွမြို့ပေါ်တွင် ယခုလက်ရှိမြေသားရေကန် ၅၅ ကန်ရှိပြီး အိမ်သွယ် ရေတိုင်ပေါင်း ၃၀၁၂ ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ ဒုတိယအကြိမ် ပေးအပ်

**ကြံခင်း ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့တွင် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် ဆောင်ရွက်ပြီးစီးသောလုပ်ငန်းများအတွက် ဒုတိယအကြိမ် ရန်ပုံငွေ ၅၀ ရာခိုင်နှုန်းပေးအပ်ပွဲကို ယမန်နေ့က ကြံခင်းမြို့နယ် ဘက်ရဲမြို့အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ထွန်းလင်းမော်က မိမိဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုတွင် ပထမဦးစားပေး၊ ဒုတိယ ဦးစားပေးနေရာများစိစစ်ရွေးချယ်ရန် ဒေသအတွက်အကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မျိုးလင်းက ကြံခင်းမြို့နယ်အတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လုပ်ငန်းရရှိမှု အရေအတွက်များသည့်အတွက် အကျိုးရှိကြောင်း၊ ကျန်ရှိနေသောလုပ်ငန်းများကိုလည်း အရည်အသွေးပြည့်မီကာ စံချိန်စံညွှန်း သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

**မိုးမိုး( ပြန်/ဆက်)**

# လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

**နေပြည်တော် ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီးတွင် အဆင့်မြင့်လယ်ယာများ ဖော်ထုတ်၍ နွေစပါး၊ မိုးစပါးများ အလှည့်ကျ စိုက်ပျိုးရန် မြေသားပြုပြင်ခြင်း (Land Preparation)၊ တမန်းနိုးခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းနှင့် ထွက်ရှိလာသော သီးနှံများကို ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်(ပုသိမ်)၊ မြို့နယ် ၂၃ မြို့နယ်ရှိ အသင်းစုများနှင့် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသအတွင်းရှိ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာမြေများကို ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများပြုလုပ်ခြင်း၊ အလေအလွင့်အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းများ ပြုလုပ်လိုလျှင် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများက သင့်လျော်သည့် ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့်

| | | |
|---|---|---|
| အသင်းစုချုပ်(ပုသိမ်) | – ဒေါ်ကြူကြူမြိုင် (ဒါရိုက်တာအဖွဲ့ဝင်) | – ဖုန်း ၀၉-၇၉၅၀၈၇၄၄၀၊ |
| ပုသိမ် | – ဒေါ်သန်းသန်းလှ (တွဲဖက်အတွင်းရေးမှူး) | –၀၉-၂၅၀၄၃၈၈၇၃၊ |
| ကန်ကြီးထောင့် | – ဒေါ်သန်းသန်း (အုပ်ချုပ်မှုဒါရိုက်တာ) | –၀၄၂-၂၁၂၄၀ |
| သာပေါင်း | – ဦးမောင်မောင်စိုး (အုပ်ချုပ်မှုဒါရိုက်တာ) | –၀၉-၂၅၀၄၄၆၇၁၁ |
| ငပုတော | – ဦးမောင်ပြုံး (အတွင်းရေးမှူး) | –၀၉-၂၅၀၉၉၅၆၁၀ |
| ကျုံပျော် | – ဒေါ်ယုယုခင် (အတွင်းရေးမှူး) | –၀၉-၂၅၀၅၈၈၈၄၄ |
| ကျောင်းကုန်း | – ဦးကိုဝင်း (အုပ်ချုပ်မှုဒါရိုက်တာ) | –၀၉-၇၉၂၀၃၀၆၀၇ |
| ဟသ်ာတ | – ဒေါ်သန်းသန်းဌေး (မန်နေဂျာ) | –၀၄၄-၂၁၁၂၈ |
| ဇလွန် | – ဦးစောဝင်း(ဥက္ကဋ္ဌ) | –၀၉-၄၂၂၅၄၇၇၀၅ |
| လေးမျက်နှာ | – ဦးသန်းထိုက် (စာရေး-၁) | –၀၉-၂၅၀၁၁၉၄၉၄ |
| ကြံခင်း | – ဦးသိန်းဝင်း(ဥက္ကဋ္ဌ) | –၀၉-၄၅၅၃၅၉၉၃၈ |
| အင်္ဂပူ | – ဒေါ်ခင်မိုးသူ (အုပ်ချုပ်မှုဒါရိုက်တာ) | –၀၉-၄၂၁၁၅၁၄၂၅ |
| မြောင်းမြ | – ဒေါ်မြင့်မြင့်ဦး (အုပ်ချုပ်မှုဒါရိုက်တာ) | –၀၉-၄၂၂၄၆၈၂၀၂ |
| အိမ်မဲ | – ဦးမင်းမင်းစိုး (အမှုဆောင်အဖွဲ့ဝင်) | –၀၉-၇၆၇၁၇၅၅၉၄ |
| ဝါးခယ်မ | – ဦးခင်စိုး (အတွင်းရေးမှူး) | –၀၉-၉၆၁၉၄၅၇၄၁ |
| လပွတ္တာ | – ဦးအောင်မိုး (မန်နေဂျာ) | –၀၉-၂၅၄၂၉၉၅၆၃ |
| မော်လမြိုင်ကျွန်း | – ဦးကျော်ကျော်(ဥက္ကဋ္ဌ) | –၀၉-၆၇၁၁၂၀၆၆၈ |
| မအူပင် | – ဦးသန်းလွင် (အတွင်းရေးမှူး) | –၀၉-၄၂၈၆၀၂၅၇၁ |
| ပန်းတနော် | – ဦးလူရွှေ(ဥက္ကဋ္ဌ) | –၀၉-၄၂၂၄၅၆၄၃၈ |
| ညောင်တုန်း | – ဒေါ်ဝင်းပပစိုး (ငယ်/ရေး) | –၀၉-၇၉၁၈၀၈၅၁၅ |
| ဓနုဖြူ | – ဦးခင်မောင်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ) | –၀၉-၇၇၈၄၄၉၃၃၄ |
| ဖျာပုံ | – ဦးမျိုးအောင် (အတွင်းရေးမှူး) | –၀၉-၄၂၂၄၈၅၅၅၄ |
| ဒေးဒရဲ | – ဦးသက်ဝေလင်း (စာရင်းကိုင်) | –၀၉-၄၅၄၁၆၉၁၇၇ |

တို့သို့ ဆက်သွယ်နိုင်ပါကြောင်း သမဝါယမဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

ဒီးမော့ဆို ဧပြီ ၃၀

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသောလုပ်ငန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ဆိုင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစဲရယ်သိန်းအောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းထွန်းလင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ ပထမအရစ် ထုတ်ယူပြီး ကျေးရွာအလိုက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ရန်ပုံငွေ ဒုတိယအရစ် ထပ်မံထုတ်ယူကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒီးမော့ဆိုမြို့နယ်တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျေးရွာ ၂၄ ရွာ၌ ကျေးရွာတွင်း လမ်းများကျောက်ချောလမ်းခင်းခြင်း၊ ဘာသာရေးကျောင်းများသို့ သွားသည့် လမ်းများခင်းခြင်း၊ စာသင်ကျောင်း၊ ရိုးရာအဆောက်အအုံများအား ခြံစည်းရိုးကာရံခြင်း၊ မူကြိုကျောင်းဆောင်ဆောက်လုပ်ခြင်း၊ ပညာရေးဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းနှင့် ကျေးရွာခန်းမဆောင်များဆောက်လုပ်ခြင်း စသောလုပ်ငန်းပေါင်း ၂၄ ခု ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**



# ၂၀၂၀ ပြည့်နှစ်အတွက် အာဆီယံဆု (ASEAN Prize 2020) လျှောက်ထားနိုင်ကြောင်း ကြေညာ

အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိသည် -

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများ မြှင့်တင်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ
(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့်အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းဆုကို ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့၌ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် (၃၇) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆုကို မလေးရှားနိုင်ငံမှ Dr.Jemilah Mahmood က အာဆီယံ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ရရှိခဲ့သည်။

အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံ အသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ တွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ရမည် ဖြစ်သည်။ လျှောက်ထားမည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် ရှေ့ဆက်၍ အာဆီယံနှင့်ပတ်သက်သည့် ဆောင်ရွက်သွားမည့် အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅) မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်သည်။

အကျဉ်းချုပ်တွင် ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-1/ တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com နှင့် amns.mofa@gmail.com ကို **၃-၇-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး စက်ရုံ အလုပ်ရုံများမှ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုရှိ မရှိ စစ်ဆေး

**မြိတ် ဧပြီ ၃၀**



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလ၌ စက်ရုံ အလုပ်ရုံများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိ မရှိကို လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့မှ ယမန်နေ့က စတင်ကာ ကွင်းဆင်း၍ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

" စက်ရုံ အလုပ်ရုံတွေကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားတဲ့ စက်ရုံအလုပ်ရုံတွေ လိုက်နာဆောင်ရွက်ရမယ့် အချက်အလက်တွေ၊ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုမရှိအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမယ့် အချက်တွေကို လိုက်နာဆောင်ရွက်ခြင်းရှိ မရှိ ကော်မတီအဖွဲ့က ကွင်းဆင်းဆောင်ရွက်တာဖြစ်ပါတယ်။ သတ်မှတ်ထားတာတော့ နှစ်ရက် စစ်ဆေးပါ့မယ်။ နှစ်ရက်အတွင်းမှာ အဖွဲ့ခွဲပြီးတော့ စက်ရုံစုစုပေါင်း ၆၇ ရုံ စစ်ဖို့ ရွေးချယ်ထားပါတယ်"ဟု ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူး ဦးဖြိုးဇာနည်ဝင်းက ပြောသည်။

စစ်ဆေးရေးအဖွဲ့မှ လိုက်လံစစ်ဆေးရာ၌ မြိတ်မြို့နယ်တွင် စက်ရုံအလုပ်ရုံများကို အဖွဲ့နှစ်ဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး စက်ရုံအလုပ်ရုံများတွင် လုပ်ငန်းခွင်အဝင်အထွက်အပေါက်များ၊ ထမင်းစားခန်း၊ နားနေခန်း၊ သန့်စင်ခန်း၊ လက်ဆေးရန်နေရာများတွင် ခြေနင်းဖြင့် အဖွင့်အပိတ်ပြုလုပ်ထားရှိမှု၊ ဝန်ထမ်းများ အလုပ်ဆင်းသည့်အခါ လိုက်နာဆောင်ရွက်ရမည့် တစ်ယောက်နှင့်တစ်ယောက် ခြောက်ပေကွာပြီး အလုပ်လုပ်ရမည့် အခန်း၊ အလုပ်ဆိုင်းများ ခွဲခြားထားရှိမှု၊ ဝန်ထမ်း၏ မိသားစုများ ကျန်းမာရေး အရေးပေါ်ဖြစ်ပါက စက်ရုံအလုပ်ရုံများမှ ကြိုတင်ပြင်ဆင်ထားရှိမှုများ စသည်တို့ကို စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခိုင်ထူး (ပြန်/ဆက် )**

## မြဝတီမြို့၌ စက်ရုံအလုပ်ရုံများ ထုတ်ပြန်ထားသည့်ညွှန်ကြားချက်များ လိုက်နာမှုရှိ မရှိ လိုက်လံစစ်ဆေး

**မြဝတီ ဧပြီ ၃၀**

ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့တွင် အသေးစား၊ အလတ်စား စက်ရုံအလုပ်ရုံများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအား လိုက်နာမှု ရှိ မရှိ လိုက်လံစစ်ဆေးလျက်ရှိကာ စိစစ်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းလည်ပတ်မှု ယာယီရပ်ဆိုင်းထားရလျက်ရှိကြောင်း မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သိရသည်။

မြဝတီမြို့တွင် လုပ်ငန်းလိုင်စင်တင်၍ လုပ်ကိုင်ဆောင်ရွက်နေသော စက်ရုံ အလုပ်ရုံ ၁၀၀ ကျော်ရှိပြီး အဆိုပါ စက်ရုံအလုပ်ရုံများတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း လိုက်နာမှုရှိစေရန် မြဝတီမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနတို့မှ ပူးပေါင်း၍ လိုက်လံစစ်ဆေးမှုများပြုလုပ်လျက်ရှိရာ ထိုသို့ စစ်ဆေးနေစဉ်ကာလအတွင်း ဧပြီ ၃၀ ရက်အထိ အဆိုပါ စက်ရုံအလုပ်ရုံများကို ယာယီပိတ်ထားခိုင်းသည်ဟု မြဝတီမြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ဝင်းထွန်းက ပြောသည်။

လုပ်ငန်းခွင်သို့ ဝင်ရောက်ရာမှာ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာမှ ဝင်ရောက်ခြင်း၊ အလုပ်လုပ်ကိုင်ခြင်း၊ အပူချိန်တိုင်းကိရိယာများဖြင့်တိုင်းတာ၍ ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ခြင်း၊ လက်ဆေးခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ခြင်း၊ အလုပ်သမားများ၏ အမည်စာရင်းနှင့် နေရပ်လိပ်စာကို မှတ်တမ်းထားရှိခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ အသိပညာပေး ဗီနိုင်းပိုစတာများကို လုပ်ငန်းခွင်နှင့် အများမြင်သာသည့်နေရာတွင် ထားရှိခြင်း အစရှိသည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ထားမှုရှိ မရှိ စစ်ဆေးခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"အခုလို စက်ရုံပိတ်ထားရတော့ အခြေခံလူတန်းစား အလုပ်သမားတွေအဖို့ အလုပ်လက်မဲ့ဖြစ်ပြီး ဝင်ငွေမရှိတော့လို့ သူတို့ကို မှီခိုနေတဲ့ မိသားစုဝင်တွေလည်း စားဝတ်နေရေးအတွက် ဒုက္ခရောက်ကြရပါတယ်။ ကျွန်မတို့ စက်ရုံက ထိုင်းနိုင်ငံဘက်ခြမ်းကုမ္ပဏီမှ အထည်အော်ဒါကိုယူပြီး ချုပ်နေရတာပါ။ အခုလို စက်ရုံပိတ်ထားရတော့ သတ်မှတ်ရက်အတွင်း အထည်မအပ်နိုင်ရင် တစ်ဖက်က ယုံကြည်မှုမရှိတော့ဘဲ လုပ်ငန်းအတွက် ထိခိုက်လာမှာကို စိုးရိမ်မှုရှိနေပါတယ်"ဟု မြဝတီမြို့ အမှတ်(၃)ရပ်ကွက်ရှိ ဆုံဆည်းရာ အထည်ချုပ်စက်ရုံလုပ်ငန်းရှင် မနှင်းသီတာက ပြောသည်။

စစ်ဆေးတွေ့ရှိချက် မှတ်တမ်းများကို ကရင်ပြည်နယ်အစိုးရထံ တင်ပြပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားသည့် မဖြစ်မနေဖွင့်လှစ်ရန်လိုအပ်သည့် စက်ရုံအလုပ်ရုံများကို စိစစ်၍ ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ပြန်လည်လုပ်ကိုင်ခွင့်ပေးမည်ဖြစ်ကြောင်း မြို့နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ကျောက်ပန်းတောင်း အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ အဝေးထိန်းထရော်လီတစ်ခုကို ကျန်းမာရေးဌာနသို့လှူဒါန်း

**ကျောက်ပန်းတောင်း ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ကျောင်းအုပ်ဆရာမကြီး၏ ဦးဆောင်မှုဖြင့် Electronic ဌာနနှင့် Mechanical ဌာနမှ ဆရာ ဆရာမများပူးပေါင်းပြုလုပ်သည့် အဝေးထိန်းထရော်လီတစ်ခုကို ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းများတွင် အသုံးပြု နိုင်ရန်အတွက် ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် ကျန်းမာရေးဌာနတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထမင်းဘူး ၂၀ ခန့်နှင့် ရေသန့်ဘူးများ တင်ဆောင်၍ ရီမုဖြင့် ခိုင်းစေနိုင်သည့် အဝေးထိန်းထရော်လီကို ကန့်သတ်နေရာများ၌ လူကိုယ်တိုင် အစားသောက်များပို့စရာမလိုဘဲ အသုံးပြုနိုင်ရန်အတွက် ဖန်တီးပြုလုပ်ခဲ့ကြပြီး ကျန်းမာရေးဌာနသို့ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

" ကျွန်မတို့ အဝေးထိန်းထရော်လီတစ်ခုအတွက် အဓိကကျတဲ့ ဆော့ဝဲတွေဝယ်ရတယ်။ ပြီးတော့ အလူမီနီယံချောင်းတွေနဲ့ ဖော်မိုက်ကာပြားတွေတော့ ဝယ်ရတယ်။ ဒီလောက်ပါပဲ။ လုပ်တာကတော့ သုံးရက်လောက်အချိန်ယူရပါတယ်။ ကုန်ကျငွေကတော့ ဒီလိုထမင်းဘူး ၂၀ လောက် နဲ့ အခြားပစ္စည်းနည်းနည်းလောက်တင်ပြီးခိုင်းနိုင်မယ့် ထရော်လီတစ်ခုကို သုံးသိန်းလောက် ကုန်ကျပါတယ်။ ကျွန်မတို့ကျောင်းမှာလည်း အသွားအလာကန့်သတ်နေရာတစ်ခုဖွင့်ထားတော့ ကျောင်းအတွက်လည်း တစ်ခုထပ်လုပ်နေပါတယ်" ဟု အစိုးရစက်မှုလက်မှု သိပ္ပံကျောင်း (ကျောက်ပန်းတောင်း) ကျောင်းအုပ်ကြီးက ပြောသည်။

အဆိုပါ အဝေးထိန်းထရော်လီကို ကျောင်းအုပ်ဆရာမကြီး၊ ဆရာဦးချစ်စိုးနှင့် ဆရာမဒေါ်ကေခိုင်ထွေးတို့က ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနတာဝန်ရှိသူများက လက်ခံယူခဲ့ကြသည်။

**နေအောင်(ပြန်/ဆက်)**

## တောင်ကြီးမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ အရှိန်မြှင့် ဆက်လက်ဆောင်ရွက်

**တောင်ကြီး ဧပြီ ၃၀**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ်အတွင်း ကိုဗစ် -၁၉ ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီက ဦးဆောင်၍ အရှိန်အဟုန်မြှင့်တင်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ရောဂါကာကွယ်ရေးအတွက် ယမန်နေ့က တောင်ကြီးအဝင်ဂိတ်လေးခုဖြစ်သော တောင်လေးလုံးဂိတ်၊ ဟဲကယ်တိုးဂိတ်၊ ဟိုပုံးတိုးဂိတ်နှင့် ကျောက်တစ်လုံးကြီးဂိတ် (နောင်ယာဆိုင်းလမ်းဆုံ)တို့၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ခရီးသည်တင်ယာဉ်များနှင့် ကိုယ်ပိုင်ယာဉ်များပေါ်ရှိ ခရီးသည်များအား လမ်းဆင်းလျှောက်စေပြီး ကိုယ်အပူချိန်တိုင်းခြင်း၊မှတ်တမ်းရယူခြင်းနှင့် ကားများနှင့်ဆိုင်ကယ်များကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြရာ စုစုပေါင်း ယာဉ်အစီးရေ ၁၄၅၆ စီးကို ပိုးသတ်ဆေးဖျန်းပေးနိုင်ခဲ့ပြီး ခရီးသည်စုစုပေါင်း ၂၅၅၇ ဦးအား ကိုယ်အပူချိန်တိုင်းတာစစ်ဆေးနိုင်ခဲ့ကြောင်းနှင့် ၎င်းတို့ထဲတွင် ပြည်ပနိုင်ငံများမှ ဝင်ရောက်လာခဲ့သူများ မပါရှိကြောင်း သိရသည်။

တောင်ကြီးမြို့နယ်အတွင်း၌ ပြည်တွင်း/ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား သီးသန့်ထား၍ စောင့်ကြည့်ရန် နေရာပေါင်း ၁၄၂ နေရာဖွင့်လှစ်၍ သီးသန့်ထားစောင့်ကြည့်လျက်ရှိရာ စုစုပေါင်း လူဦးရေ ၄၈၀ အား လက်ခံစောင့်ကြည့်နေကြောင်း၊ ထို့အပြင် ဧပြီ ၂၉ ရက်တွင်တောင်ကြီးမြို့၌ စောင့်ကြည့်နေရာတစ်ခု ထပ်မံဖွင့်လှစ်၍ လူဦးရေ ၁၃ ဦးအား ထပ်မံလက်ခံထားခဲ့ရာ လက်ရှိအချိန်တွင် စုစုပေါင်း စောင့်ကြည့်နေရာ ၁၄၂ ခု ၌ လူဦးရေ ၄၆၇ ဦးအား လက်ခံထားကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



ခရီးသည်များအား ဂိတ်၌ လက်ဆေးခြင်း ဆောင်ရွက်နိုင်ရန် ဝန်ဆောင်မှုပေးထားစဉ်။

## ဖြစ်ပေါ်လာမည့်သဘာဝဘေးဒဏ်များ ကူညီဆောင်ရွက်ပေးနိုင်ရေး ကြိုတင်လေ့ကျင့်

**ဘားအံ ဧပြီ ၃၀**

ကရင်ပြည်နယ် ဘားအံမြို့တွင် မိုးဦးကာလနှင့် မိုးကာလတို့တွင် အဖြစ်များလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ကူညီဆောင်ရွက်ပေးနိုင်ရေး ကြိုတင်သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် ကန်သာယာတွင် ပြုလုပ်ကြသည်။ **(ယာပုံ)**



ထိုသို့ဆောင်ရွက်ရာတွင် ဘားအံခရိုင် မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးသန့်ဇင်ဝင်း ဦးဆောင်၍ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် ကန်သာယာအတွင်း လှေဖြင့် အသက်ကယ်ခြင်း၊ ရေကူးဝတ်စုံဖြင့် အသက်ကယ်ခြင်း၊ သဘာဝဘေး ဖြစ်ပေါ်သည့်အခါ ယာယီခိုနားနိုင်ရန် ရွက်ဖျင်တဲများပြင်ဆင်ခြင်း၊ မိုးလေကြောင့် သစ်ပင်များလဲပိခြင်း ဖြစ်ပေါ်လာပါက အမြန်ရှင်းလင်းခြင်း၊ အဆင့်မြင့်မီးသတ်ကားကရိန်းယာဉ်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို သရုပ်ပြသခြင်းများကို လေ့ကျင့်ခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်လာသည့်ဘေးဟူသမျှ လျင်မြန်ထိရောက်စွာ ကူညီဆောင်ရွက်ပေးနိုင်ရေး ရည်ရွယ်ချက်များဖြင့် ကြိုတင်စီစဉ်သည့်အနေဖြင့် သရုပ်ပြခြင်းဖြစ်ကြောင်းနှင့် ကရင်ပြည်နယ်တွင် အများအားဖြင့် ရေကြီးခြင်း၊ လေတိုက်ခြင်း၊ မြေပြိုခြင်း၊ မီးလောင်ခြင်းများ အဓိကဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ဓနုဖြူ၌ အခြေခံပညာကျောင်းဝန်ထမ်းများအား စားဆီများထောက်ပံ့ပေးအပ်

**ဓနုဖြူ ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် အခြေခံပညာကျောင်းဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန် စားဆီများထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံး၌ ပေးအပ်ခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် မြို့နယ်ပညာရေးမှူးဦးသိန်းဝင်းက ဦးဆောင်ပြီး ဝန်ထမ်းတစ်ဦးလျှင် စားဆီ ၅၀ကျပ်သားနှုန်းဖြင့် ဓနုဖြူမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းပေါင်း ၂၀၉ ကျောင်းရှိ ပညာရေးဝန်ထမ်းစုစုပေါင်း ၁၈၅၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထက်ဝေဖြိုး**



## မောက်မယ်မြို့၌ ကိုဗစ်-၁၉ နှင့် ပတ်သက်၍ စေတနာ့ဝန်ထမ်းများအား သင်တန်းပေး

**မောက်မယ် ဧပြီ ၃၀**

ရှမ်းပြည်နယ် တောင်ပိုင်း မောက်မယ်မြို့နယ်၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ကိုဗစ်-၁၉ နှင့် ပတ်သက်၍ စေတနာ့ဝန်ထမ်းများအား ရပ်ရွာအခြေပြု အသိပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက မောက်မယ်မြို့ နမ့်ယွမ်းခန်းမ၌ ကျင်းပသည်။



မောက်မယ်မြို့၌ စေတနာ့ဝန်ထမ်းများအား လိုအပ်သည့် သင်တန်းများ ပို့ချပေးနေစဉ်။

အဆိုပါသင်တန်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြမြသန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ နှင့် ပတ်သက်၍ အသွားအလာကန့်သတ်ခြင်း နေရာပြင်ဆင်ထားရှိမှု လိုအပ်ချက်နှင့် လိုက်နာရန် စည်းကမ်းများ၊ သတ်မှတ်နေရာတွင် စောင့်ကြပ်ကြည့်ရှုခြင်း ၂၁ ရက်နှင့် အိမ်တွင်နေထိုင်ခြင်း ခုနစ်ရက်လိုက်နာရန် စည်းကမ်းချက်များ၊ လက်ဆေးနည်းသရုပ်ပြခြင်း၊ ရောဂါကာကွယ်ရေးဝတ်စုံပြည့် ဝတ်နည်း၊ ချွတ်နည်းကို လက်တွေ့သရုပ်ပြသင်ကြားခြင်း၊ နှာခေါင်းစည်းတပ်နည်း၊ ဈေးရောင်းချသူနှင့် ဈေးဝယ်သူလိုက်နာရန် စည်းကမ်းချက်များကို ရှင်းလင်းပို့ချပေးခဲ့သည်။

ထိုသင်တန်းသို့ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးမြို့နယ်အဆင့် ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဟန်သူရ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းငေါင်း ဆိုင်ဟိန်း၊ စေတနာ့ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြောင်းသိရသည်။

**စိုင်းမျိုးသန့်( မောက်မယ်)**

## ဝါးခယ်မမြို့နယ်ရှိ အဝေးပြေးယာဉ်လိုင်းများ ပြေးဆွဲမှု မေ ၁၅ ရက်အထိ ပိတ်ထားမည်

**ဝါးခယ်မ ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းမှ ဒေသများသို့ ပြေးဆွဲလျက်ရှိသော အဝေးပြေးမော်တော်ယာဉ်လိုင်းများကို မေ ၁၅ ရက်အထိ ယာယီပိတ်ထားမည်ဖြစ်ကြောင်း မြို့နယ်မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲရေးကြီးကြပ်မှုကော်မတီထံမှ သိရသည်။

ဝါးခယ်မမြို့နယ်အတွင်း ဒေသများသို့ ပြေးဆွဲလျက်ရှိသော အဝေးပြေးမော်တော်ယာဉ်လိုင်း စုစုပေါင်း ၁၂ လိုင်းရှိပြီး ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် တိုင်းဒေသကြီးအဆင့် ကိုဗစ် -၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ညွှန်ကြားချက်အရ ယခင်က ဧပြီ ၁၁ ရက်မှ ၃၀ ရက်အထိ ယာယီပိတ်ထားသော်လည်း ယခုတွင် မေ ၁၅ ရက်အထိ ထပ်တိုးသတ်မှတ်ကြောင်း မြို့နယ်မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးသန်းအောင်၏ ပြောပြချက်အရ သိရသည်။

ဝါးခယ်မမြို့နယ်အတွင်း ကုန်စည်စီးဆင်းမှု အဆင်ပြေစေရေးအတွက် ကုန်တင်ယာဉ်များ၊ သာမန်အိမ်စီးယာဉ်ငယ်များကို ယာဉ်မောင်းအပါအဝင် ငါးဦးထက် မပိုမှသာ သွားလာခွင့်ရှိပြီး ခရီးသွားလာပါက သက်ဆိုင်ရာခရီးသွားထောက်ခံချက်များပါရှိမှသာ မြို့နယ်အတွင်း ဝင်ထွက်ခွင့်ရရှိမည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ် -၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

**လွှမ်းသီဟ (ပြန်/ဆက်)**

## မြန်မာစိန်တလုံးသရက်သီး ဈေးကွက်အေးမည်ကို စိုက်ပျိုးသူတို့စိုးရိမ်

**မြင်းမူ ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်း စိုက်ပျိုးထားရှိသော မြန်မာစိန်တလုံးသရက်သီးများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းနှင့် ဈေးကွက်ကောင်းဖြင့် ရောင်းချနိုင်ရန် သရက်စိုက်ပျိုးလုပ်ကိုင်နေသူများထံမှ သိရသည်။

ခြံပိုင်ရှင်အများစုက ဈေးကွက်ဝယ်လိုအားကို မျှော်လင့်လျက်ရှိကြောင်း၊ ပြည်တွင်းသရက်သီးထုတ်လုပ်နိုင်မှုကများပြီး ပြည်တွင်းဈေးကွက်က မဖြုန်းနိုင်လျှင် ဈေးအေးနိုင်မည်ဖြစ်ကြောင်း၊ အဓိကတင်ပို့ရသည့် တရုတ်နိုင်ငံ နယ်စပ်လမ်းတွေမဖွင့်၍ မတင်ပို့နိုင်လျှင် ယခုနှစ်သရက်သီးဈေးကောင်းနိုင်မည်မဟုတ်ကြောင်း မြင်းမူမြို့ ဘုရင့်နောင်ရပ်ကွက်နေ စီးပွားဖြစ် သရက်ခြံစိုက်ပျိုးလုပ်ကိုင်နေသူ ဦးညွန့်မောင်ထံမှ သိရသည်။



ယင်းခြံတွင် မြန်မာစိန်တလုံးသရက်ပင် ၄၀ ကျော် စိုက်ပျိုးထားပြီး ဈေးကွက်ဝင်သရက်သီး အလုံး ၂၀၀၀၀ကျော်ကို ပုံမှန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရာ နှစ်စဉ် အသုံးစရိတ်နုတ်ပြီး အသားတင်အမြတ်ငွေကျပ်သိန်း ၄၀ ကျော်ရရှိကြောင်း သိရသည်။မြင်းမူမြို့နယ်အတွင်း စီးပွားဖြစ် သရက်စိုက်ပျိုးလုပ်ကိုင်နေသည့် သရက်ခြံပေါင်း ၂၀ ကျော်ရှိပြီး မြန်မာစိန်တလုံးမျိုးများကိုသာ အဓိကထားစိုက်ပျိုးထားရှိကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

## မုံရွာမြို့ ကန်သာယာပေါင်တစ်လျှောက်တွင် ယာယီကုန်စိမ်းဈေး ယနေ့စတင်ရောင်းချ

**မုံရွာ ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ ကုန်စိမ်းဈေးကြီးများတွင် လူကျပ်တည်းမှု မဖြစ်စေရေး ကန်သာယာပေါင်တစ်လျှောက်တွင် ယာယီဈေးအဖြစ် ယနေ့နံနက်ပိုင်းက စတင်ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီမှ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်တားဆီးစေနိုင်ရန် ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများ လူစုလူဝေးမဖြစ်ပေါ်စေရေး၊ မုံရွာမြို့ပေါ်ရှိ ကုန်စိမ်းရောင်းချသည့် ဈေးသည်များအား မုံရွာမြို့ ကန်သာယာကန်ပေါင်တစ်လျှောက်တွင် ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။

“ဈေးရောင်းတဲ့သူတွေရော၊ ဈေးဝယ်တဲ့သူတွေကိုပါ နှာခေါင်းစည်းတွေတပ်ပြီးမှ ဈေးရောင်း၊ ဈေးဝယ်လုပ်ကြဖို့ အသိပညာပေးထားသလို စည်ပင်သာယာရေးဝန်ထမ်းတွေကလည်း ဈေးအတွင်းမှာ လှည့်လည်ပြီး ပြောဆိုအသိပညာပေးတာတွေ လုပ်ဆောင်နေတယ်။ ယာယီဈေးကိုတော့ ကိုဗစ်-၁၉ ထိန်းချုပ်သွားနိုင်ပြီး အေးအေးဆေးဆေးဖြစ်တဲ့အချိန်အထိ ဖွင့်လှစ်သွားမှာဖြစ်ပါတယ်” ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

ကန်သာယာပေါင်တစ်လျှောက်ရှိ ယာယီဈေးကြီးတွင် မုံရွာမြို့ပေါ် ဈေးကြီးများရှိ ကုန်စိမ်းရောင်းချကြသည့် ဈေးသည်များကို ဈေးဆိုင်ခန်း ပေါင်း ၁၃၅၀ ကို ခြောက်ပေအကွာ အကွက်ရိုက်ကာ ကိုဗစ်-၁၉ ကို ကာကွယ်ထိန်းချုပ်နိုင်သည့်အချိန်အထိ စနစ်တကျ ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ပုဂ္ဂလိကဘဏ်လုပ်ငန်းနှင့် ချေးငွေလုပ်ငန်းများ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားမှု ရှိ / မရှိ စစ်ဆေး

**ကြံခင်း ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့အတွင်းရှိ ပုဂ္ဂလိကဘဏ်လုပ်ငန်းလေးခုနှင့် ပုဂ္ဂလိက ချေးငွေလုပ်ငန်းနှစ်ခုတွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အညီ ဆောင်ရွက်ထားမှု ရှိ / မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ စစ်ဆေးမှုကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့များမှ တာဝန်ရှိသူများက ကြံခင်းမြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံ လုပ်ငန်းဌာန ၁၇ ခုကို ဧပြီ ၂၇ ရက်က စစ်ဆေးခဲ့ပြီး ကျန်ရှိနေသော ပုဂ္ဂလိကဘဏ်လုပ်ငန်းလေး ခုနှင့် ပုဂ္ဂလိကချေးငွေလုပ်ငန်းနှစ်ခုတို့ကို စစ်ဆေးမှုများပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်နှင့်အညီ အလုပ်ခွင်အတွင်း နေထိုင်မှုပုံစံများ၊ ဝန်ထမ်းများ မျက်နှာချင်းဆိုင်မဟုတ်ဘဲ ဘေးတိုက်ပုံစံဖြင့်အလုပ်လုပ်စေခြင်း ၊ ဝန်ထမ်းများ အလုပ်ခွင်အတွင်းနေထိုင်စဉ် တစ်ဦးနှင့် တစ်ဦး ခြောက်ပေခြားအကွာအဝေးပြုလုပ်ပြီး အလုပ်လုပ်စေခြင်း ၊ ဝန်ထမ်းများ ထမင်းစားချိန်တွင် သတ်မှတ်နေရာအလိုက် သတ်မှတ်ပေးပြီး စားစေခြင်း ၊ အလုပ်များအား အဆိုင်းခွဲ၍ အလုပ် လုပ်စေခြင်း ၊ ဝန်ထမ်းများအား နှာခေါင်းစည်းတပ်ခြင်း၊ လက်အိတ်ဝတ်ဆင်၍ အလုပ်လုပ်စေခြင်း၊ လက်ဆေးကန်များ ထားရှိပေးခြင်း၊ အပူချိန်တိုင်းကိရိယာထားရှိခြင်း စသည့်အချက်များ လုပ်ဆောင်ထားခြင်း ရှိ မရှိ စစ်ဆေးခဲ့သည်။

**မိုးမိုး ( ပြန်/ ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ကိုဗစ် - ၁၉ ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု လှည့်လည်ကြည့်ရှု

**မုံရွာ ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မုံရွာမြို့ပေါ်ရှိ ကိုဗစ်- ၁၉ ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုသည်။

တိုင်းဒေသကြီး ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မုံရွာမြို့ မြို့တော်ခန်းမ၌ အလှူခံဌာနဖွင့်လှစ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုပြီး စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ရွှေတွင်းဒေသ ရွှေလုပ်ငန်းရှင် ၁၃ ဦးတို့က ဒုတိယအကြိမ် အလှူငွေကျပ် ၂၇ သိန်း လှူဒါန်းမှုကိုလည်းကောင်း၊ သလ္လာရွှေရည်ရေနံ ချက်လုပ်ဖြန့်ဖြူး ရောင်းဝယ်ရေး သမဝါယမအသင်းမှ လှူဒါန်းသော အလှူငွေကျပ် သိန်း ၇၀ တို့ကိုလည်းကောင်း လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကိုဗစ် - ၁၉ ကာကွယ်ရေးအတွက် တိုင်းဒေသကြီးအတွင်း နှာခေါင်းစည်းများ လုံလောက်စွာရရှိရေးအတွက် NanLu Garment & Distribution မှ အလှူရှင်၏ နှာခေါင်းစည်းများ ထုတ်လုပ်လှူဒါန်းနေမှုတို့ကိုလည်းကောင်း၊ မုံရွာမြို့ ဆေးရုံကြီးလမ်း အထက(၂)နံဘေးရှိ လူငယ်စင်တာတွင် ဖျားနာလူနာများအား ဆေးကုသမှုဆေးခန်းဖွင့်လှစ်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ မုံရွာမြို့ ကန်သာယာပတ်လည်ရှိ ယာယီပျံကျဆေးဖွင့်လှစ်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ခေတ္တယာယီဈေးရောင်းချသည့်နေရာအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**တောင်ကြီး ဧပြီ ၃၀**

ကိုဗစ် - ၁၉ ဖြစ်ပွားနေချိန်ကာလအတွင်း ယာယီဈေးရောင်းချနေသည့် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ပန်းတင်လမ်း ရွာသစ်ကုန်းရှိ ပါမိုးနဲ၊ ရေအေးကွင်း ရပ်ကွက်ရှိ ကမ္ဘောဇလမ်း၊ စဝ်စံထွန်းရပ်ကွက် အနောက်မြို့ပတ်လမ်း အရှေ့ဘက်ခြမ်းရှိ ပလက်ဖောင်းပေါ်နှင့် အဝေးရာကုန်းသာယာမီးပုံးပျံကွင်းအပြင်ဘက် နေရာသို့ ယမန်နေ့က ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

ပြည်နယ်ဝန်ကြီးချုပ်က ပါမိုးနဲရေကန်ပျက်အတွင်း ဈေးခင်းကျင်းရောင်းချနိုင်ရန် အရန်သဘောအဖြစ်ထားရှိပြီး ဈေးရောင်းချသူများပါက ရေကန်ပျက်အတွင်း ဖွင့်လှစ်ပေးရန်နှင့်နည်းပါက မူလနေရာတွင် ရောင်းချနိုင်ကြောင်းနှင့် ရောဂါကာကွယ်မှုအနေဖြင့် ရေကန်ပျက်အတွင်း ရောင်းချပါက သုံးပေခြားစီနှင့် အဝင်အထွက်လမ်းများ စီစဉ်ဆောင်ရွက်ပေးရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား မှာကြားသည်။

ရေအေးကွင်းရပ်ကွက် ကမ္ဘောဇလမ်းတွင် ဈေးများကို နံနက် ၆ နာရီမှ ၁၀ နာရီအထိ ရောင်းချကြောင်း၊ ရေအေးကွင်းရပ်ကွက်၊ မင်္ဂလာဦးရပ်ကွက် ကုန်စိမ်းသည်များက လာရောက်ရောင်းချခြင်းဖြစ်ပြီး အမှိုက်များကိုလည်း စနစ်တကျ ပြန်လည် သိမ်းဆည်းကြောင်း မြို့နယ်အဆင့် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က ပြောသည်။

ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် စဝ်စံထွန်းရပ်ကွက် အနောက်မြို့ပတ်လမ်းရှိ ပလက်ဖောင်းပေါ်တွင် ခင်းကျင်းရောင်းချသည့် ဈေး၊ အနောက်မြို့ပတ်လမ်း ချမ်းသာရပ်ကွက်ရှိ စည်ပင်သာယာရေးဌာနမှ ကားလမ်းဘေး လမ်းဘေးရေနုတ်မြောင်း တူးဖော်ဆောင်ရွက်နေရာတွင် ခါတ်တိုင်မလွတ်သည့် နေရာများနှင့် အဝေးရာကုန်းသာယာမီးပုံးပျံကွင်း အပြင်ဘက်တွင် ခင်းကျင်းရောင်းချနေသော ခေတ္တယာယီဈေးသို့ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ယာယီဈေးရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် အလှူငွေလှူဒါန်း

**ပဲခူး ဧပြီ ၃၀**

ပဲခူးတိုင်းဒေသကြီး ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကြီးကြပ်မှုကော်မတီရုံးခန်းသို့ ယနေ့နံနက်ပိုင်းတွင် အလှူရှင်များက အလှူငွေနှင့် ကာကွယ်၊ ထိန်းချုပ်ရေး ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိသည်။

တိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့မှ ငွေကျပ် ၁၂ သိန်းဖိုးရှိ ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကုမ္ပဏီများမှ ငွေကျပ်ခြောက်သိန်းဖိုးရှိ ပစ္စည်းများကိုလည်းကောင်း၊ ပဲခူးမြို့ ဥသျှောမြို့သစ် (၇) ရပ်ကွက်နေ ဦးလှသန်းဝင်းမိသားစုက ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအထောက်အကူပြု ပစ္စည်းများကိုလည်းကောင်း လှူဒါန်းရာ တိုင်းဒေသကြီး ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကြီးကြပ်မှုကော်မတီရုံးအဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေနှင့် ပဲခူးဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**



**တင်စိုး(ပဲခူး)**

## ပုသိမ်မြို့နယ် ကျေးလက်ရေပေးရေးလုပ်ငန်းနှင့် ကုန်ထုတ်လမ်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**ပုသိမ် ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သော ကျေးလက်ရေပေးရေးလုပ်ငန်းနှင့် ကုန်ထုတ်လမ်းဆောင်ရွက်နေမှုများကို မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သော မမြို့ချောင်းကျေးရွာ ကုန်ထုတ်လမ်း ဂဝံခင်းခြင်း၊ ဇင်ပြွန်းကုန်းကျေးရွာအုပ်စု စမ်းကြီးကုန်းကျေးရွာ ကုန်ထုတ်လမ်းပေါ်ရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်း၊ ထန်းကန့်လန့်ကျေးရွာ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးနိုင်နှင့်ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဆန်းတင့်(ရေကြည်)**


# အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# မြောက်ခင်ရန်းရွာ၌ မြစ်သာမြစ် မြေထိန်းနံရံတည်ဆောက်

**ဂန့်ဂေါ ဧပြီ ၃၀**

ဂန့်ဂေါမြို့နယ် မြောက်ခင်ရန်းရွာ၌ လယ်ယာမြေနှင့် လူနေအိမ်များသို့ မြစ်သာမြစ် ရေကြီးသည့်အခါ၌ ရေထိုးမှုမှ ကာကွယ်နိုင်ရန် မြစ်သာမြစ် မြေထိန်းနံရံကို ယခုနှစ်အတွင်း ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ မြေထိန်းနံရံကို အလျားပေ ၆၀၊ အနံ ၅ ပေ၊ အမြင့် ၆ ပေဖြင့် ဆောက်လုပ်လျက်ရှိပြီး ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၅၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

လုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခြင်းဖြစ်၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ မြို့နယ်ကျေးလက်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးရဲညွှန့်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်မင်းထွန်းတို့က ယမန်နေ့တွင် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုကြပြီး လုပ်ငန်းဆိုင်ရာများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

၁၄၄



မြစ်သာမြစ် ရေထိန်းနံရံကို မြောက်ခင်ရန်းကျေးရွာ၌ တည်ဆောက်ထားစဉ်။

# သာယာဝတီမြို့၌ မိုးရာသီစိုက်ပျိုးရန် ပျိုးပင် ၃၅၀၀၀ ပျိုးထောင်ထား

**သာယာဝတီ ဧပြီ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့တွင် ၂၀၂၀ ပြည့်နှစ် မိုးရာသီကာလအတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ဒေသခံပြည်သူများ (ပျိုးပင်) သစ်ပင်များ အခမဲ့ရယူစိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်သစ်တောဦးစီးဌာနရှိ ပျိုးဥယျာဉ်အတွင်း ပျိုးပင်ပေါင်း ၃၅၀၀၀ ကို စိုက်ပျိုးထားရှိပြီးဖြစ်သည်။

လာမည့် ဇွန်၊ ဇူလိုင် မိုးကျရာသီတွင် ပျိုးပင်များအား အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ပြီး ဒေသနှင့်ကိုက်ညီသည့်အပင်များကို ပျိုးပင်အဖြစ် စိုက်ပျိုးပေးထားခြင်းဖြစ်ကြောင်း၊ ယမန်နှစ်ကလည်း ပျိုးပင်ပေါင်း ၅၃၀၀၀ ကျော် ဖြန့်ဝေခဲ့ကြောင်း၊ ဒေသခံပြည်သူများအပြင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက အများဆုံးလာရောက် ထုတ်ယူစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

# ကျေးလက်ဒေသသုံး ထင်းရှားပါးမှုနှင့်အတူ ဝယ်ယူရသည့်ဈေးနှုန်းမြင့်တက်လာ

**ရေတာရှည် ဧပြီ ၃၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် နေအိမ်သုံး ထင်းရှားပါးမှုများ ကြုံတွေ့နေရကာ ဝယ်ယူရသည့်ဈေးနှုန်းမှာလည်း ယခင်ထက် ပိုမိုမြင့်တက်လျက်ရှိသည်ကို တွေ့ရှိရသည်။

"ဟိုးအရင်တုန်းကတော့ ကိုယ့်မှာ လှည်းနဲ့နွားရှိတော့ လူတစ်ယောက်လောက်ငှားပြီး တောမှာသွားခုတ်လို့ရတယ်။ အခုနောက်ပိုင်းကျတော့ လှည်းနဲ့နွားက ရွာတွေမှာအတော့်ကို ရှားပါးကုန်ပြီ၊ ရှိတဲ့လူကလည်း သူတို့တောင်းတဲ့ဈေးရမှ တောမှာသွားခုတ်ပေးတာ" ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာနေဒေသခံတစ်ဦးက ပြောသည်။

အချို့ကျေးရွာများတွင် မိမိတို့အိမ်ဝိုင်း အတွင်းရှိ မန်ကျည်းပင်၊ သရက်ပင်များနှင့် ကျေးရွာဝန်းကျင်ရှိ သစ်ပင်များကို ခုတ်လှဲ၍လောင်စာထင်းအဖြစ် သုံးစွဲကြသည်များလည်း ရှိနေသည်။ လက်ရှိ ထင်းလှည်းတစ်စီးလျှင်ငွေကျပ်သုံးသောင်းဝန်းကျင်ဖြင့်လည်းကောင်း၊ ထော်လာဂျီယာဉ်တစ်စီးလျှင် ငွေကျပ်ခုနစ်သောင်းဖြင့်လည်းကောင်း ရောင်းချရပြီး ရောက်ရှိလာသည့်ထင်းများကို လူဖြင့်ငှား၍ ပိုင်းဖြတ်ခြင်း၊ ခွဲစိတ်ခြင်းများ ပြန်လည်ပြုလုပ်ကြရသဖြင့် တစ်သောင်းခွဲခန့် ထပ်မံကုန်ကျမှုများရှိနေသည်။ "မကြာခင်တော့ ရွာတွေမီးလင်းတော့မယ်။ မီးရရင်တော့ ထင်းသုံးစွဲမှုလျော့ကျသွားနိုင်တယ်" ဟု ဒေသခံတစ်ဦးက ပြောကြားပြီး လက်ရှိတွင် မိုးရာသီစာအတွက် ထင်းကို ကြိုတင်စုဆောင်းဝယ်ယူမှုများနေသည်ကို တွေ့ရသည်။

**သန်းလွင်**







# လူငယ်ပရဟိတအသင်းမှ အိမ်အရောက်ဝန်ဆောင်မှု(အခမဲ့)ဖြင့် မီတာခ ဆောင်ပေးခြင်းနှင့် ဈေးဝယ်ခြင်းများပြုလုပ်ပေး

**မြင်းခြံ ဧပြီ ၃၀**

မြင်းခြံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ကိုဗစ် - ၁၉ ကြိုတင်ကာကွယ်ထိန်းချုပ်ကုသရေးကာလအတွင်း အိမ်အပြင်မထွက်စေရန်အတွက် Forever Friends လူငယ်ပရဟိတအသင်းမှ အိမ်အရောက်ဝန်ဆောင်မှု(အခမဲ့)ဖြင့် မီတာခ ကိုယ်စား ဆောင်ပေးခြင်းနှင့် ဈေးဝယ်ခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။ မြင်းခြံမြို့တွင် ရပ်ကွက် (၂၀) ရှိရာ Forever Friends လူငယ်ပရဟိတအသင်းအနေဖြင့် အဖွဲ့လေးဖွဲ့ခွဲပြီး မီတာခ ကိုယ်စားဆောင်ပေးခြင်းနှင့် ဈေးဝယ်ခြင်းများကို လုပ်ဆောင်ပေးလျက်ရှိကာ ပစ္စည်းမှာယူသည့်တန်ဖိုးငွေကျပ် ၁၅၀၀၀ မကျော်ပါက မိမိတို့အသင်းမှ စိုက်ထုတ်ဝယ်ပေးကာ အိမ်အရောက်ပစ္စည်းလာပို့မှသာ ကုန်ကျသည့်စာရင်းအတိုင်း ပေးချေရမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်စွာ(ပြန်/ဆက်)**


## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ မိဘပင်စင်စားများအား အသိပေးပန်ကြားခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မိဘပင်စင်စားများသည် လစဉ်ပင်စင်လစာငွေများ လွယ်ကူလျင်မြန်စွာ ထုတ်ယူနိုင်ရေးအတွက် ၂၃-၄-၂၀၂၀ရက်မှ ၂၉-၄-၂၀၂၀ရက်အတွင်း ရန်ကုန်မြို့တော်ဘဏ်၏ ATM ကတ်များ ပြုလုပ်ရန် လျှောက်ထားရှိသူများအား ဘဏ်မှစိစစ်ပြီးဖြစ်ပါသဖြင့် ၄-၅-၂၀၂၀ ရက်မှစ၍ ရန်ကုန်မြို့တော်ဘဏ် ရုံးချုပ်၊ အမှတ် ၁၂/၁၈၊ စည်ပင်လမ်း၊ မြို့တော်ခန်းမအနောက်ဘက်၊ ကျောက်တံတားမြို့နယ် ဖုန်း- ၀၉- ၄၂၀၁၅၁၅၈၃ ၊ ၀၉- ၄၂၀၁၅၀၆၀၅၊ ၀၉-၄၂၀၁၅၀၅၈၄ နှင့် ၀၉-၂၅၂၀၀၂၉၄၁ တို့သို့ ဆက်သွယ်၍ ဘဏ်ဖွင့်ချိန်အတွင်း လာရောက်ထုတ်ယူကြပါရန် အသိပေး ပန်ကြား အပ်ပါသည်။

**ရန်ကုန်မြို့တော်ဘဏ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ဦးစံကျော်စု ၊သီရိလမ်း၊ အမှတ် ၁၈၁၈ ဟုခေါ်တွင်သော အကျယ်အဝန်း ပေ (၆၀ x ၆၀)ရှိ မြေကွက်ကြီး အနက်မှ ခေါင်းရင်းဘက်အခြမ်း(၂၃ X ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစား ခွင့် အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အုန်း ၁၂/အစန(နိုင်)၀၁၀၈၇၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ တချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများနှင့် တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစောအယ်စေး(B.A , Law, LL.B )

ဒေါ်မင်းမင်းစိုး(LL.B)

တရားလွှတ်တော်ရှေ့နေ(၆၅၇၇)

တရားလွှတ်တော်ရှေ့နေ(၁၂၅၅၃)

စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့၊ ဖုန်း-၀၉-၅၀၅၃၄၇၅၊၀၉- ၂၅၁၀၄၇၆၄၈

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် -၁၀၀၀) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် -၁၀၀၀)၊ ကင်ဆာရောဂါခတ်ရောင်ခြည်ဌာနတွင် ၂၇-၂-၂၀၁၇ရက်မှ စတင်အသုံးပြုခဲ့သော Linear Accelerator (Model-Precise, SN-153690, Sweden) စက်အားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၂၉-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၀နာရီ

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၅-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ စက်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင် -၁၀၀၀)**
**ဖုန်း-၀၆၇၃ ၄၂၁၄၆၂၊ ၀၆၇၃ ၄၂၀၆၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ကွင်းအမှတ်(၂-ခ)၊ ဦးပိုင်အမှတ် (၂၇၇)၊ မြေရိယာ ၀ဒသမ ၇၉၀ ဧကရှိ ဒေါ်ဆိုင်းခမ် အမည်ပေါက်မြေကွက်အား ၂၈-၁-၂၀၁၂ရက်တွင် ဒေါ်ဆိုင်းခမ်း၏ (ကိုယ်စား)ဦးခွန်လိန်ထံမှ ဦးဖော်ဝမ်က နှစ်ဦးသဘောတူ နေအိမ်ခြံမြေ အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးဖော်ဝမ် ၁/မကန(နိုင်)၀၈၁၀၁၁ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၆-၃-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၃၄၃/၂၀၂၀)ကို ၁၁-၃-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၇၂၅/၂၀၁၉)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားလာခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မင်းတပ်မြို့နယ်၊ ရန်ချောင်းကျေးရွာ အမကကျောင်းမှ အထွေထွေလုပ်သား ဦးလိန်းဟာရှိန်းနှင့် ဦးဟာရှိန်း ၄/မတန (နိုင်) ၀၁၄၈၇၇ သည် တစ်ဦးတည်းဖြစ်ပါသည်။

**ဦးလိန်းဟာရှိန်း**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) သာကေတမြို့နယ်တရားရုံးတော်၌ ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၂၇

| | | |
|---|---|---|
| ၁။ ဦးကျော်စိန်ဝင်း | နှင့် | ၁။ ဒေါ်သန်းမြင့် |
| ၂။ ဒေါ်မေသီရိစံ | | ၂။ ဒေါ်တင်ရွှေ |
| **တရားလိုများ** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ (၁၂) လမ်း၊ အမှတ် ၂၄၃ နေ ဒေါ်တင်ရွှေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက တရားလိုများနှင့် (၁) တရားပြိုင်တို့ပြုလုပ်ခဲ့ကြသည့် ကတိပဋိညာဉ်အတိုင်း ၄-၄-၂၀၁၇ ရက်စွဲပါ အိမ်နှင့်မြေအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မေ ၁၄ရက် (၁၃၈၂ ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဧပြီ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နေထွန်း)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ နတ်မောက်လမ်းသွယ် (၁)လမ်း၊ အမှတ် ၂၀ တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂အိုင်၊ မြေကွက်အမှတ် ၄၄၉ဘီ၂/၄၃၈-စီ၂ ဦးကျော်မြင့် ၁၂/ဗဟန(နိုင်)၀၀၇၉၃၃ အမည်ပေါက် ဂရန်ရှိမြေပိုင်မြေကွက် ဖြစ်ပါသည်။ အမည်ပေါက် ဦးကျော်မြင့်သည် ၆-၈-၂၀၁၉ရက်တွင် ကွယ်လွန်၍ ဒေါ်ဝိုင်း ၁၂/ဗဟန(နိုင်)၀၀၇၉၃၂မှ ဦးကျော်မြင့် ပိုင်ဆိုင်ခဲ့သော ဖော်ပြပါမြေနှင့် အဆောက်အအုံတို့ကို ဇနီးဖြစ်သူ ၎င်းတစ်ဦးတည်းမှပင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ၁၅-၁-၂၀၂၀ ရက် ဒဂုံမြို့နယ်တရားရုံးကျမ်းကျိန်အမှတ်စဉ် ၁/၁၉၈၆/၂၀၂၀ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ကိုတင်ပြ၍ ဒေါ်ဝိုင်းကိုယ်စား မှတ်ပုံတင် GP ၂၄၈၀၀/၂၀၁၉ အရ ဦးကျော်မြတ်ဦး ၁၂/ကမရ(နိုင်)၀၁၃၈၃၇ မှ ၎င်းသို့လွှဲအပ်သော GP နှင့် GP လွှဲသူ သက်ရှိထင်ရှားရှိကြောင်း၊ GP ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ရွှေတိဂုံစေတီတော်မြတ်ကြီး၏(၅၇၈) ကြိမ်မြောက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် စုပေါင်းရေစက်ချမင်္ဂလာအခမ်းအနားအား ရက်ရွှေ့ပြောင်းကျင်းပမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားခြင်း

ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းတွင် ၅-၅-၂၀၂၀ ရက်နေ့ (၁၃၀၀)နာရီအချိန်၌ ကျင်းပပြုလုပ်မည့် ( ၅၇၈ )ကြိမ်မြောက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် စုပေါင်းရေစက်ချမင်္ဂလာအခမ်းအနားကို လက်ရှိဖြစ်ပွားနေသော Covid-19 ကပ်ရောဂါ အခြေအနေကြောင့် ကျင်းပပြုလုပ်ရန် မဖြစ်နိုင်သဖြင့် ရက်ရွှေ့ပြောင်းကျင်းပသွားမည်ဖြစ်ကြောင်း လေးစားစွာ အသိပေးအကြောင်းကြားအပ်ပါသည်။ အလှူရှင်မိသားစုများမှ လှူဒါန်းထားသော အလှူတော်ငွေနှင့် ရွှေပြားသက်န်းတော်များ ကုသိုလ်အစုစုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် စုပေါင်းရေစက်ချ အခမ်းအနားကျင်းပပြုလုပ်မည့်ရက်ကို ထပ်မံ အသိပေးအကြောင်းကြားသွားမည်ဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

## ပတ္တမြားရတု မင်္ဂလာဆုတောင်းလွှာ

သားတို့သမီးတို့အပေါ် မေတ္တာ၊ ကရုဏာ၊ စေတနာကြီးမားစွာဖြင့် ပြုစုပျိုးထောင်ဆုံးမသွန်သင်လမ်းညွှန်ပေးကာ အေးရိပ်မိုးလျက်ရှိနေသော အမြဲတစေဂုဏ်ယူလေးစားဖွယ် စံနမူနာဖြစ်သော ချစ်ဘိုးဘိုး၊ ချစ်ဘွားဘွားတို့၏ (၄၀)နှစ်မြောက် ပတ္တမြားရတုနှစ်ပတ်လည် မင်္ဂလာရက်မြတ်မှသည် ချစ်သော သားသမီး၊ မြေးများနှင့်အတူ ကိုယ်စိတ်နှလုံး ကျန်းမာ၊ ချမ်းသာစွာဖြင့် အမျိုးဘာသာ သာသနာနှင့် နိုင်ငံအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သောပိုးလေးများ - အိပိုး၊ မေပိုး
ချစ်ပိုး၊ ရွှေပိုး

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## တင်ဒါဖွင့်လှစ်မည့်ရက်များရွှေ့ပြောင်းခြင်းအား အသိပေးကြေညာခြင်း

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါ ရေနံထွက်ပစ္စည်းများ၏တင်ဒါဖွင့်လှစ်မည့်ရက်များအားအောက်ပါ အတိုင်း ရွှေ့ပြောင်းမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | ယခင်ဖွင့်လှစ်မည့်ရက် | စက်ရုံအမျိုးအမည် | ရေနံထွက်ပစ္စည်း | ရေတွက်ပုံ | ပမာဏ | ယခုရွှေ့ပြောင်းဖွင့်လှစ်မည့်ရက်/အချိန် | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
| | | | | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| ၁ | ၁၂-၅-၂၀၂၀ | ချောက်/မန္တလေး | ဖယောင်းတိုင် | သေတ္တာ | ၁၅၄၀ | | | | |
| ၂ | ၁၂-၅-၂၀၂၀ | ချောက် | ဒီဇယ်ဆီ သံကန်ပြတ်စနစ် | ဂါလန် | ၁၁၉၂၃၀ | ၃-၆-၂၀၂၀ | ၁၃:၀၀ | ၃-၆-၂၀၂၀ | ၁၄:၀၀ |
| ၃ | ၁၂-၅-၂၀၂၀ | သံပုရာကန် | စီဂျီအို | ဂါလန် | ၅၀၀၀၀၀ | ၃-၆-၂၀၂၀ | ၁၃:၀၀ | ၃-၆-၂၀၂၀ | ၁၄:၀၀ |
| ၄ | ၁၂-၅-၂၀၂၀ | သံပုရာကန် | ရေနံမီးသွေး | မက်ထရစ်တန် | ၁၀၀၀ | ၃-၆-၂၀၂၀ | ၁၃:၀၀ | ၃-၆-၂၀၂၀ | ၁၄:၀၀ |
| ၅ | ၁၂-၅-၂၀၂၀ | သံပုရာကန် | စီဂျီအို(Tk-2377) သံကန်ပြတ်စနစ် | ဂါလန် | ၆၁၅၂၉ | ၃-၆-၂၀၂၀ | ၁၃:၀၀ | ၃-၆-၂၀၂၀ | ၁၄:၀၀ |
| ၆ | ၅-၅-၂၀၂၀ | မင်းဘူး | (ရေနံဓာတ်ငွေ့ရည်) ပရိုပိန်း<br>ဗြူတိန်း | မက်ထရစ်တန်<br>မက်ထရစ်တန် | ၁၀၀<br>၁၀၀ | ၁၉-၅-၂၀၂၀ | ၁၂:၀၀ | ၁၉-၅-၂၀၂၀ | ၁၄:၀၀ |

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုမြို့၊ မင်းရပ်တောင် အမက(၇)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာဝေနှင့် ဒေါ်ခင်မာဝေ ၅/ ရဘန(နိုင်)၀၃၄၄၉၉ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဒေါ်မာဝေ(ခ)ဒေါ်ခင်မာဝေ

### ပျောက်ဆုံးကြောင်း

ကျွန်တော်များ PURE ENERGY CO.,LTD(No.Suite 4, Golden Valley Road, Bahan Township , Yangon Myanmar)၏ Declaration No: 200046377430 မှာ ရုံးအပြောင်းအရွှေ့ပြုလုပ်စဉ် ပျောက်ဆုံးသွားကြောင်း ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၄၀၄၈၈၁၁၇၁၊
၀၉-၈၉၉၀၆၆၀၀၆

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၁၂၄)၊ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ ဒေါ်တင်တင်မာ အမည်ပေါက်မြေကွက်အား ဒေါ်နန်းစိုးစိုး(ဘ) ဦးမူဒင် ၁၄/သပန(နိုင်)၀၈၆၁၆၆မှ ပျဉ်းမနားမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ အခမဲ့ချထားပေးသည်မှာ မှန်ကန်ကြောင်း ထောက်ခံချက်၊ အရောင်းအဝယ် စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်း၊ နှစ်ဦးနှစ်ဖက် သဘောတူ ကတိဝန်ခံချက်၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မှုရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ခိုင်လုံသော အထောက်အထားများ၊ တရားရုံး အမိန့်ဒီကရီများတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## မီးသတိပြု

### အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ခြင်းအား အမှန်ပြင်ဆင်ဖတ်ရှုပါရန်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ၂၇-၄-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၉)၊ ၂၈-၄-၂၀၂၀ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၈)၊ ၂၉-၄-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၃၀)နှင့် ၃၀-၄-၂၀၂၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၉)တို့တွင် Ring CT နှင့် ပါဝါမီတာများ ဝယ်ယူရန် ခေါ်ယူခဲ့သော အိတ်ဖွင့်တင်ဒါကြော်ငြာတွင် တင်ဒါပိတ်မည့်ရက်အား ၂၀-၅-၂၀၂၀ရက်(အစား) ၂၈-၅-၂၀၂၀ရက်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

တင်ဒါကော်မတီ
မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)
၂၇လမ်း၊ ၇၇x၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၂-၄၀၆၉၁၂၂

### တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
### နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ထားဝယ်)
### ထောက်ပံ့ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏(ထောက်ပံ့) ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် မြေသားလမ်းလုပ်ငန်း(၁)ခု၊ ကွန်ကရစ်လမ်း လုပ်ငန်း(၄)ခုတို့အား ဘဏ္ဍာရေးနှစ်ကာလအတွင်း အချိန်မီ ပြီးစီးရန်အလို့ငှာ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၀-၄-၂၀၂၀ရက် (ကြာသပတေးနေ့) ရုံးချိန်အတွင်း

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်** - ၂၉-၅-၂၀၂၀ရက် (သောကြာနေ့) ညနေ ၁၆:၀၀ နာရီ နောက်ဆုံးထားတင်သွင်းရမည်။

အသေးစိတ်သိရှိ လိုပါက တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး (ထားဝယ်)၊ ကမ်းနားလမ်း၊ ဆန်းချီရပ်၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၀၂၂၁၂၆၊ ၀၉-၇၉၆၈၂၃၃၆၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၉-လေ့ကူးကွေ့ကြီး)၊ ဦးပိုင်အမှတ် (၂၁-ခ)၊ ဧရိယာ ၀ဒသမ ၃၇၀ကေရှိမြေအား ဦးစိုးနိုင်ထွန်းမှ (တိုင်းဒေသကြီးရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန) အမည်ဖြင့် မြေလွှဲလျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ မြေလွှဲခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၇)ရပ်ကွက်၊ ဇောတိကလမ်းနေ (ဘ)ဦးအောင်ခင်၏သမီး ဒေါ်ခင်ထားကြည် (ခ)ဒေါ်ထားကြည် ၈/ပခက(နိုင်)၀၈၄၉၉၅ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဒေါ်ခင်ထားကြည်(ခ)ဒေါ်ထားကြည်

### တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၈)ရပ်ကွက်၊ လွတ်လပ်ရေးလမ်းနေ(ဘ)ဦးထွန်းအိ၏သမီး ဒေါ်စန်းမှို (ခ) ဒေါ်သန်းညွန့် ၈/ပခက(နိုင်) ၀၃၂၉၆၁ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဒေါ်စန်းမှို (ခ) ဒေါ်သန်းညွန့်**

### အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး ဘုရားလမ်း၊ အမှတ် (၇/၄၈)နေ ဦးစိုးနိုင် ၅/စကန(နိုင်)၀၄၉၀၂၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ် လှည်းတန်း (၁)လမ်း၊ စန္ဒာမြိုင်ကွန်ဒိုရှိ အမှတ် (၃၉/၄၁)၊ အခန်းအမှတ် 4D-2၊ (၄)လွှာ၊ လျှပ်စစ်၊ ရေအပါအဝင် တိုက်ခန်းတစ်ခန်းနှင့် ကမာရွတ်မြို့နယ် (၁) ရပ်ကွက်၊ လှည်းတန်းလမ်းမကြီး၊ တိုက်အမှတ် (၁၄)၊ ပထမထပ် (ခေါင်းရင်းခန်း)၊ လျှပ်စစ်၊ ရေအပါအဝင် တိုက်ခန်းတစ်ခန်းကို ကျွန်ုပ်၏မိတ်ဆွေက ဇနီးဖြစ်သူ ဒေါ်ပွင့်ဖြူစင်ဦး ၅/စကန(နိုင်)၁၉၆၈၉၆ (ဘ) ဦးသန်းနိုင်ဦးထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ အပြီးအပိုင်စွန့်လွှတ်၊ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ယခုအခါ ဇနီးဖြစ်သူသည် အထက်ပါတိုက်ခန်းနှစ်ခန်းအား ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်၏မိတ်ဆွေထံသို့ ပြန်လည်အပြီးအပိုင်စွန့်လွှတ်၊ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ရာ ကျွန်ုပ်မိတ်ဆွေကသာလျှင် ပိုင်ဆိုင်၍ အပြည့်အဝစီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဦးကျော်သောင်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၇၉)၊ ဖုန်း-၀၉-၄၃၁၃၈၅၆၄၊**
**၀၉-၆၇၈၈၉၉၀၆၆**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က) ရပ်ကွက်၊ အကွက်အမှတ် (ယ-၅)၊ ဦးပိုင်အမှတ် (၃၆)၊ ၆၉x၇၀ လမ်းကြား၊ မြဝတီမင်းကြီးလမ်းxဆင်ဖြူရှင်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကစ္စနား ၁၃/နခတ(နိုင်)၀၁၃၄၇၈၈ သက်တမ်းတိုးလျှောက်ထားခဲ့ရာ ဂရန်ပေါ်တွင် ကာယကံရှင်လက်ဝယ်တွင် ဂရန်မူရင်းရှိပြီး ရုံးလက်ခံအမှုတွဲမရှိသည့်အတွက် ကာယကံရှင်လက်ဝယ် ရှိ ဂရန်မူရင်းအား ဌာနမှသိမ်းယူပြီး ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်ပါသည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာ တမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ် ၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ်(ပ-၄၄၃၅)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေကွက်အမည်ပေါက် ဦးဖိုးဖြူ ၉/ပမန(နိုင်)၁၁၁၄၁၀ (ဘ) ဦးကျော်မြမှ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း မိတ္တူ၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက် မူရင်းတင်ပြပြီး မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ပျောက်ဆုံးသွားသော မြေချပါမစ်(စလစ်)မူရင်းအား ပယ်ဖျက်၍ မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ ဖားချောင်းကျေးရွာနေ မစုမွန်ထွေး ၁၂/ဥကတ(နိုင်)၁၈၉၂၉၉သည် Precious Myawaddy Logistcs & Supply Chaia Limited ၏ Export Duty (200049805001) 22-4-2020၊ (200049716760) 19-4-2020၊ (200049717240) 19-4-2020၊ (200049704050) 10-4-2020၊ (200049702650) 19-4-2020၊ (200049702320) 9-4-2020 တို့၏ စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၂၂၅၇၇၃

### အများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးလှိုင်ထွန်းကျော် ၁၂/အစန(နိုင်)၀၉၂၄၂၇၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါ အတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရောချမ်းသာကွန်ဒို၊ တိုက်အမှတ် -11/A, ၉-လွှာ၊ အခန်းအမှတ် ၂၄၃၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ တိုက်အမှတ် ၇၃၇/၇၄၁၊ ပထမထပ်၊ အခန်းအမှတ် (၁၀၉)တို့ရှိ တိုက်ခန်းနှစ်ခန်းနှင့် Toyota premio အမျိုးအစား AA/8872 မော်တော်ယာဉ်၊ HONDA FIT GE 6, 6G/4279 မော်တော်ယာဉ်နှင့် TOYOTA ရက်တစ် အမျိုးအစား 3D/4684 မော်တော်ယာဉ် သုံးစီးတို့နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးလှိုင်ထွန်းကျော် ၁၂/အစန(နိုင်)၀၉၂၄၂၇မှ ယနေ့တိုင် အထက်ပါလိပ်စာရှိနေအိမ်တိုက်ခန်း နှစ်ခန်းနှင့် မော်တော်ယာဉ်သုံးစီးတို့အား ဝယ်ယူပိုင်ဆိုင်၍ လက်ရှိထားသူလည်းဖြစ်ပါသည်။

သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေ လက်ရှိထား ဝယ်ယူပိုင်ဆိုင်ထားသည့် တိုက်ခန်းနှင့် မော်တော်ယာဉ်တို့အား လက်ဝယ်ထားပိုင်ဆိုင်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လွှဲပြောင်း၊ လှူဒါန်းခြင်းမပြုလုပ်ရန်နှင့် ပြု လုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **လွှဲအပ်ညွှန်ကြားသူ-** | **ဒေါ်ကြည်ကြည်ခိုင် (LL.B)** |
| **ဦးလှိုင်ထွန်းကျော်** | **တရားလွှတ်တော်ရှေ့နေ** |
| **၁၂/အစန(နိုင်)၀၉၂၄၂၇** | **စဉ်-၄၆၀၆ (၁၆-၅-၁၉၈၈)** |
| | **အင်းစိန်ရှေ့နေအသင်း၊** |
| | **စုပေါင်းရုံးကြီး၊** |
| | **အင်းစိန်မြို့နယ်၊** |
| | **ဖုန်း-၀၉-၄၄၈၄၂၅၉၁၀** |

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ဘုတလင်မြို့၊ မြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၂၆၃ က၊ ၂၁၊ တွင်းလမ်းခွဲ)၊ ဦးပိုင်အမှတ်(A)၊ ဧရိယာ ၀ဒသမ ၅၅၈ ဧကရှိ မြေအား ဦးစိန်ဝင်းမှ (မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဘုတလင်မြို့) အမည်ဖြင့် မြေလွှဲလျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေလွှဲခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာ အပ်ပါသည်။

**ကော်လိတ္တော် အရာရှိ**
**မုံရွာခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ မြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၆၇၄ရောက်ခါးတောင်)၊ ဦးပိုင်အမှတ်(၂၉-ဃ)၊ ဧရိယာ ၀ဒသမ ၀၄၅ ဧကအား ဦးစိုးလွင် အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားလာရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံ စွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည် ဖြစ်ကြောင်း အသိပေး ကြေညာ အပ်ပါသည်။

**ကော်လိတ္တော် အရာရှိ**
**မုံရွာခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**

C B BANK

Best Digital Bank 2020

Best Domestic Bank 2020

Best Corporate & Investment Bank 2020

in Myanmar

BEST BANK AWARDS 2020 ASIAMONEY

Customer များမှ CB Bank ၏ ဝန်ဆောင်မှုများကို ယုံကြည် စိတ်ချစွာ အားပေးမှုကြောင့် 2020 ခုနှစ်တွင် အထက်ပါဆု(၃)ဆုကို ရရှိခဲ့ခြင်းအတွက် Customer များကို ကျေးဇူးအထူးပင်တင်ရှိပါကြောင်း ဂုဏ်ယူဝမ်းမြောက်စွာဖြင့် သတင်းကောင်းပါးအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းဒေသကြီးအစိုးရအဖွဲ့ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ လျှောက်လွှာခေါ်ယူခြင်း ကြော်ငြာစာအမှတ်(၁/၂၀၂၀) ၁၃၈၂ခုနှစ် ကဆုန်လဆန်း ၈ရက် (၂၀၂၀ပြည့်နှစ် ဧပြီလ ၂၉ရက်)

၁။ မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနအောက်ရှိဆေးရုံကြီး/ဆေးရုံ/တိုက်နယ် ဆေးရုံများတွင် တာဝန်ထမ်းဆောင်ရန် လက်ထောက်ဆရာဝန် ရာထူး(လစာနှုန်း-၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀)နေရာများအတွက် လျှောက်လွှာ တင်သွင်းနိုင်ပါသည်။

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| လက်ထောက်ဆရာဝန် | (၅၉)နေရာ | ဆေးပညာဘွဲ့(M.B.,B.S) |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) လျှောက်လွှာပိတ်ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကျန်းမာကြောင်းဆေးလက်မှတ်တင်ပြနိုင်သူဖြစ်ရမည်၊
- (ဃ) လျှောက်လွှာပိတ်ရက်တွင် (M.B.,B.S) ဆေးပညာဘွဲ့နှင့် လက်ရှိ တရားဝင်အထွေထွေဆေးကုသခွင့်လိုင်စင် (ဆမ)ကိုင်ဆောင်ထားသူ ဖြစ်ရမည်။ မိတ္တူများကိုလျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည် ဖြစ်ပြီး တင်ပြနိုင်ခြင်းမရှိပါက ပယ်ဖျက်မည်ဖြစ်ပါသည်၊
- (င) မန္တလေးတိုင်းဒေသကြီးအတွင်း အသားတင်လုပ်သက်(၃)နှစ် ပြည့်အောင်နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်၊
- (စ) ဆေးပညာမဟာသိပ္ပံဘွဲ့လွန်စာမေးပွဲဖြေဆိုခွင့်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏လုပ်သက်သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး အောင်မြင်ပါက တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။ သို့ရာတွင် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်း အောင်မြင်ပြီးကျွမ်းကျင်မှုရရှိရေး လေ့ကျင့်ရေးကာလပြီးဆုံးပြီးနောက် မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်မှု (၃)နှစ်ပြည့်အောင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်၊
- (ဆ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာကို မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး၊ လမ်း ၇၀၊ ၂၇-၂၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၌ အခမဲ့ရယူ လျှောက်ထားနိုင်ပြီး(၂၈-၅-၂၀၂၀)ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက် ၂၈-၅-၂၀၂၀ ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ၊

၄။ စာမေးပွဲဝင်ကြေး(၅၀၀၀)ကျပ်အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ငွေစာရင်းအမှတ် MD-023914 သို့ ပေးသွင်းကြရမည်။

၅။ နှုတ်ဖြေစာမေးပွဲအတွက် လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၆-၈-၂၀၁၉ ရက်စွဲပါ စာအမှတ် ၂၁၄၃/ရွေးချယ်ရေး(အဓိက)/၂၀၁၉ဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၆။ စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးခြင်းအတွက် ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည့်နေ့ရက်နှင့်နေရာ၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမည့်နေ့ရက်နှင့် ဖြေဆိုရမည့်နေရာတို့ကို ထပ်မံကြေညာပေးပါမည်။

၇။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၂-၄၀၃၆၉၁၃ နှင့် မန္တလေးတိုင်းဒေသကြီးကုသရေး ဦးစီးဌာနမှူးရုံး ဖုန်း-၀၂-၄၀၃၃၁၇၃တို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရေနံချောင်းမြို့နယ်၊ ဆိပ်သာကွန်းထောက်မြို့ကွက်သစ်၊ မြေပေးမိန့်အဟောင်းများပယ်ဖျက်၍ မြေပေးမိန့်အသစ် ပြန်လည်ထုတ်ပေးနိုင်ပါရန် ဆိပ်သာကွန်းထောက်မြို့မြေချထားမှုဆိုင်ရာ စာရင်းဇယားကောက်ယူစိစစ်ထိန်းသိမ်းရေးအဖွဲ့မှ တင်ပြလာသဖြင့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသို့ မြေပေးမိန့်အသစ် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါ၍ ဤသတင်းစာပါသည့်ရက်မှ ၁၅ ရက်အတွင်း မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ရေနံချောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့သို့လည်းကောင်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | မူလအမည်ပေါက်သူ | လာရောက်ဆက်သွယ်သူ | စည်ပင်မြေအကွက်အမှတ် | မြေစာရင်းအကွက်အမှတ် | မြေစာရင်းမြေကွက်အမှတ် |
|---|---|---|---|---|---|
| ၁ | ဦးပါလေး | ဒေါ်နော်ဆေးဖော | ၁၂၆၁ | ၂၁ | ၂၃၃ |
| ၂ | ဦးအောင်သိန်း | ဦးအောင်မော် | ၂၂ | ၂၁ | ၁၆၃ |
| ၃ | ဦးတင်မြင့် | ဦးဖြူတုတ် | ၁၆၉၃ | ၂၃ | ၈ |
| ၄ | ဒေါ်လှမြင့် | ဦးကျော်မင်း<br>ဦးအေးကို | -/၁၁၇၀ | | |
| ၅ | ဦးသန်းရွှေ | ဦးကျော်မင်း | ၁၅၆ | ၂၀ | ၁၃၈ |
| ၆ | ဦးစိုးနိုင် | ဒေါ်လှမြင့် | ၁၆၆ | ၂၀ | ၁၂၈ |
| ၇ | ဦးမောင်မောင်သွင် | ဒေါ်ကျော်လီ | ၄၅ | ၁၉ | ၂၇၀ |
| ၈ | ဦးလှိုင်သန်း | ဒေါ်လေးလေး | ၁၆၉၂ | ၂၃ | ၉ |
| ၉ | ဦးဘို | ဒေါ်မြင့်မြင့်သူ | ၄၀၅ | ၂၁ | ၃၅ |
| ၁၀ | ဦးခင်မောင်မြင့် | ဦးခင်မောင်အေး | ၁၁၂၉ | ၂၁ | ၁၉၁ |
| ၁၁ | ဦးညွန့်လွင် | ဒေါ်ရီးမား | ၂၁ | ၂၁ | ၁၆၄ |
| ၁၂ | ဦးသောင်းစိန် | ဦးခင်မောင်ဇင်+<br>ဒေါ်အေးစန်းကြည် | ၁၂၆၃ | ၂၁ | ၂၃၁ |
| ၁၃ | ဒေါ်လှထွေး | ဦးထွန်းဝင်း | ၁၂၉၀ | ၂၁ | ၂၅၀ |
| ၁၄ | ဒေါ်ငွေရီ | ဦးမြင့်ဖော် | ၁၅၇ | ၂၀ | ၁၃၇ |
| ၁၅ | ဦးလှငွေ | ဒေါ်မာမာတင် | ၁၁၅၆ | ၂၁ | ၂၀၉ |
| ၁၆ | ဦးထိန်ဝင်း | ဦးကျော်ဗလ | ၁၅၅ | ၂၀ | ၁၃၉ |
| ၁၇ | ဦးစန်းမြင့် | ဦးပေါက် | ၁၂၆၉ | ၂၁ | ၂၂၄ |
| ၁၈ | ဒေါ်ခင်ရီမြင့် | ဒေါ်တင်ဝင်းရီ | ၃၉၆ | ၂၁ | ၄၄ |
| ၁၉ | ဒေါ်ခင်ညိုညိုလှိုင် | ဒေါ်စန်းလွင် | ၁၂၆၅ | ၂၁ | ၂၂၉ |
| ၂၀ | ဒေါ်ယဉ်ယဉ်သန်း | ဒေါ်မြမြ | ၁၃၀၀ | ၂၁ | ၂၃၉ |
| ၂၁ | ဒေါ်ညိုညိုထွန်း | ဦးမောင်မောင်နိုင်-<br>ဒေါ်အေးအေးခိုင် | ၉၆ | ၂၀ | ၁၇၁ |
| ၂၂ | ဒေါ်မာမာဝင်း | ဒေါ်သီသီမြင့် | ၁၀၆ | ၂၀ | ၁၄၈ |
| ၂၃ | ဦးအောင်ကြည် | ဦးအောင်ဇော်မျိုး | -/ ၁၄၃၀ | | |
| ၂၄ | ဦးအုန်းဖေသန်း | ဦးညိုမောင် | ၁၁၂၄ | ၂၁ | ၁၉၆ |
| ၂၅ | ဒေါ်ညွန့်ညွန့်အေး | ဒေါ်ရှုယဉ် | ၁၇၅ | ၂၀ | ၁၁၉ |
| ၂၆ | ဒေါ်ကြည်လေး | ဒေါ်သန်းသန်းဆွေ | ၂၈၄ | ၂၁ | ၇၁ |
| ၂၇ | ဦးစိုးနိုင် | ဦးစိုးနိုင် | ၉၇ | ၂၀ | ၁၇၀ |
| ၂၈ | ဦးစိုးနိုင် | ဦးစိုးနိုင် | ၉၉ | ၂၀ | ၁၆၆ |
| ၂၉ | ဦးခင်မောင်ထွန်း | ဦးဝေမင်းထက် | ၁၇၆ | ၂၀ | ၁၁၈ |
| ၃၀ | ဦးငွေသိန်း | ဦးမျိုးညွန့် | ၁၆၉၅ | ၂၃ | ၅ |
| ၃၁ | ကိုဇော်ဝိတ် | ဦးမျိုးညွန့် | ၁၆၉၆ | ၂၃ | ၄ |
| ၃၂ | ဒေါ်ညွန့်ညွန့်ဝေ | ဦးမျိုးညွန့် | ၁၆၉၇ | ၂၃ | ၃ |
| ၃၃ | ဦးရွှေကြူ | ဦးဇော်မိုး | ၁၅၀ | ၂၁ | ၁၂၂ |
| ၃၄ | ဦးခင်မောင်ညွန့် | ဦးမြင့်သိန်း | ၃၆ | ၂၀ | ၁၆၉ |
| ၃၅ | ဦးသန်းကျော် | ဦးမြင့်သန်း | ၄၉(က) | ၁၉ | ၂၇၅ |
| ၃၆ | ဦးမြင့်သန်း | ဦးမြင့်သန်း | ၅၁(တ) | ၁၉ | ၂၇၇ |
| ၃၇ | ဦးမြင့်သန်း | ဦးမြင့်သန်း | ၅၀(က) | ၁၉ | |
| ၃၈ | ဦးမြင့်သိန်း | ဒေါ်တင်တင်မာ<br>ပါ(၆)ဦး | ၁၁၈ | ၂၁ | ၁၅၄ |
| ၃၉ | ဦးနေဝင်း | ဦးမောင်မောင်နိုင်+<br>ဒေါ်အေးအေးခိုင် | ၉၅ | ၂၀ | ၁၇၄ |
| ၄၀ | ဒေါ်သောင်း | ဒေါ်တင်တင်ကြိုင် | ၂၇၄ | ၂၁ | ၈၁ |
| ၄၁ | ဒေါ်မြကြည် | ဒေါ်ညွန့်ညွန့် | ၄၀၀ | ၂၁ | ၄၀ |
| ၄၂ | ဦးလှဖေ | ဒေါ်ကျင်မြိုင် | ၂၅၂ | ၂၁ | ၁၀၇ |

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့**

## (၂၃)နှစ်မြောက် မင်္ဂလာဆုတောင်းလွှာ

ကျေးဇူးရှင်ချစ်ပါပါ ဦးသန်းနိုင်(ခ)ဦးအဗ္ဗဒူလ်ဘာဆစ်နှင့် ချစ်မာမာ ဒေါ်မြသန္တာဝင်း(ခ)ရှဟ်နားဇ်တို့၏ ၁-၅-၂၀၂၀ရက်တွင် ကျရောက်သော (၂၃)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင် သားသားမီးမီးတို့နှင့်အတူ ကျန်းမာပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**တစ်ဦးတည်းသော ချစ်သား - မိုဟာမက်(ခ)မောင်ပိုင်ဇင်မင်းလတ်**
**တစ်ဦးတည်းသော ချစ်သမီး - အိုက်ရှာ(ခ)မဝင်းသီရိထိုက်**

### ဖခင်အမည်မှန်

မိုးကောင်းမြို့နယ် တောင်နီကျေးရွာအုပ်စု ထီးချိုင့်ကျေးရွာနေ ဦးအောင်ထွန်းစိန်၏ ဖခင်အမည်မှန်မှာ ဦးမောင်ဘော် ဖြစ်ပါကြောင်း။

**ဦးမောင်ဘော်**

### အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ အကွက်အမှတ်(မန်အိုင်အနောက်တိုးချဲ့)၊ ဦးပိုင် (၃၇)၊ ဧရိယာ ၀၁၁၁၃ဧက ရှိ မြေကွက်သည် အမှတ်(၅၀၇) ခြေမြန်တပ်ရင်းနှင့်ရေကန်တောင်အကြားရှိ မြေလွတ်၊မြေလပ်များ နေရာထားရေးအဖွဲ့မှ ဦးညီကာအမည်ဖြင့် ချထားပေးခဲ့ပြီး ၎င်းမှအရပ်စာချုပ်ဖြင့် ဦးတွမ်မီဆီထံသို့ ရောင်းချပေးခဲ့ပြီးဖြစ်ပါသဖြင့် မြေငှားလိုင်စင်အသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း (၃၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### အများသိစေရန်ကြေညာခြင်း

သိန္နီမြို့၊ ရပ်ကွက်(၃)၊ အကွက်အမှတ်(ကွင်းပြင်ပ)၊ ဦးပိုင်(၁)၊ ဧရိယာ ၁၀၁၁၁၀၉၄ဧကအား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)၊ လားရှိုးမြို့၏ ၁၈-၉-၂၀၀၂ ရက်စွဲပါစာအမှတ် ၂၀၂၆/၂-၆/ပယက(ရှမ်း) မပ(၁၃၄၈)ဖြင့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက် အမည်ဖြင့် လ/န(၃၉)ခွင့်ပြုချထားပေးပြီးဖြစ်၍ Oriental Highway Co.,Ltd.မှ စက်မှုစီးပွားမြေငှားဂရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း ၃၀အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ်(၇)၊ ဦးပိုင်အမှတ် (၂၂)၊ မြေဧရိယာ ၀၁၁၁၃၀ ဧကရှိမြေကွက်ကို ဦးခါမီဇာအမည်ဖြင့် ၃၀-၈-၂၀၁၉ ရက်ထိ (၁၅)နှစ်ဂရန်သက်တမ်းရှိပိုင်ဆိုင်ခဲ့ပြီး ဦးပိုင် (၂၂/ခ)၊ မြေဧရိယာ ၀၁၁၁၀၁၅၅ဧကရှိ မြေကွက်အား ၁၂-၇-၂၀၁၁ ရက်တွင် ဦးခါမီဇာထံမှ ဒေါ်လွမ်းနန်းကလည်းကောင်း၊ ၃၀-၁၁-၂၀၁၁ ရက်တွင် ဒေါ်လွမ်းနန်းထံမှ ဒေါ်လွမ်းနန်း ၁/ဝမန(နိုင်)၀၂၀၉၇၉ က နှစ်ဦးသဘောတူ နေအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်လွမ်းနန်း ၁/ဝမန(နိုင်)၀၂၀၉၇၉ အမည်ဖြင့် မြေငှားဂရန်ဦးပိုင်ခွဲ၊ အမည်ပြောင်းရရှိရေးအတွက် ၂၂-၁၁-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၈၆၆/၂၀၁၉)ကို ၂၆-၁၁-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၇၂၅/၂၀၁၉)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ဦးပိုင်ခွဲ၊ အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ (H.S.D)၊ ပရီမီယမ်ဒီဇယ်ဆီ (P.H.S.D) နှင့် ဓာတ်ဆီ (Octane - 92) (၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွက်)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၄-၆-၂၀၂၀ ရက် (၁၄:၀၀) နာရီ နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် (၄-၅-၂၀၂၀)ရက်မှစ၍ (၂-၆-၂၀၂၀)ရက်ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၁-၈၆၁၀၂၃၀ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ်(၇)၊ ဦးပိုင်အမှတ်(၂၂)၊ မြေဧရိယာ (၀၁၁၁၃၀) ဧကရှိ မြေကွက်ကို ဦးခါမီဇာ အမည်ဖြင့် (၃၀-၈-၂၀၁၉) ရက်ထိ (၁၅)နှစ် ဂရန်သက်တမ်း ရှိပိုင်ဆိုင်ခဲ့ပြီး၊ ဦးပိုင်(၂၂/က)၊ မြေဧရိယာ (၀၁၁၁၀၁၅၅)ဧကရှိ မြေကွက်အား (၂၃-၄-၂၀၁၂)ရက်တွင် ဦးခါမီဇာထံမှ ဦးချန်လွန်းက နှစ်ဦးသဘောတူ နေအိမ်ခြံမြေအရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးချန်လွန်း ၁/ရကန(နိုင်)၀၀၅၆၃၉ အမည်ဖြင့် မြေငှားဂရန်ဦးပိုင်ခွဲ၊ အမည်ပြောင်းရရှိရေးအတွက် (၂၂-၁၁-၂၀၁၉)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၈၆၇/၂၀၁၉)ကို (၂၆-၁၁-၂၀၁၉)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၇၂၆/၂၀၁၉)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြေညာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်း ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သန္တာ (၁၂)လမ်း၊ (င) ရပ်ကွက်၊ အမှတ် (၁၃၁)နေ ဒေါ်ခိုင်မိုးမိုးကျော် ၁၂/ဥကမ(နိုင်)၁၁၂၄၄၄ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ခနော်သိဒ္ဓိလမ်း၊ (၉)ရပ်ကွက်၊ အမှတ် (၈၃၃)နေ ဦးဇော်ဇော် ၁၂/ဥကမ(နိုင်)၁၀၁၆၁၉တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိသည့်အပြင် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သည့်အတွက် ၅-၁၂-၂၀၁၄ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြို့နယ်တရားသူကြီး ဦးမိုးဝေ၏ရှေ့မှောက်တွင် မှတ်ပုံတင်အမှတ် (၁၁၂/၁၄) ဖြင့် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြကြောင်း သိရှိရပါသည်။

ထိုသို့ ကွာရှင်းပြတ်စဲပြီးနောက် ၂၄-၇-၂၀၁၈ ရက်တွင် ပစ္စည်းခန်းခွဲဝေခြင်း သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ကြပြီး လက်ထပ်ပေါင်းသင်းခဲ့စဉ်က ဖြစ်ပွားခဲ့သည့် အိမ်နှင့်မြေကို ငွေကျပ်သိန်း (၃၀၀) တိတိ သတ်မှတ်ကာထက်ဝက်စီ ခွဲဝေယူကြရန် သဘောတူညီခဲ့ကြကြောင်း သိရှိရပါသည်။ ထိုအိမ်နှင့်မြေအား ကျွန်ုပ်၏မိတ်ဆွေမှ ရယူခဲ့ပြီး ဦးဇော်ဇော်၏ ခွဲဝေစုဖြစ်သည့် ငွေကျပ်သိန်း (၁၅၀)အား ကျွန်ုပ်၏မိတ်ဆွေမှ စိုက်ထုတ်ပေးအပ်ရန် သဘောတူညီခဲ့ကြပြီးနောက် ၂၄-၇-၂၀၁၈ ရက်တွင်ပင် ကျွန်ုပ်၏မိတ် ဆွေဖြစ်သူမှ ငွေကျပ်သိန်း (၁၀၀)တိတိကို ပေးအပ်ခဲ့ရာ ဦးဇော်ဇော်မှ လက်မှတ်ရေးထိုး၍ လက်ခံရယူခဲ့ကြောင်းနှင့် ကျန်ငွေကျပ်သိန်း (၅၀) ကို ၃၁-၁၂-၂၀၁၉ရက်တွင် နောက်ဆုံးထား၍ ပေးချေကြရန် သဘောတူညီခဲ့ကြကြောင်းကို ညွှန်ကြားချက်အရ သိရှိရပါသည်။

အထက်သဘောတူညီချက်ပါ နောက်ဆုံးပေးရန်ကျန်ရှိသည့် ငွေကျပ် သိန်း (၅၀) နှင့်စပ်လျဉ်း၍ ကျွန်ုပ်၏မိတ်ဆွေမှ ဦးဇော်ဇော်အားပေးအပ်ရန် အကြိမ်ကြိမ်ဆက်သွယ်ဆောင်ရွက်ခဲ့သော်လည်း ဦးဇော်ဇော်မှ ယနေ့ချိန်အထိလက်ခံခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးပြ ငြင်းဆိုနေကြောင်း သိရှိရသည့်အပြင် ဦးဇော်ဇော်မှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူအပေါ် ဖုန်းဖြင့်ဆဲဆိုခြင်း၊ ခြိမ်းခြောက်ကြိမ်းဝါးခြင်း၊ အသရေပျက်စေရန် နှောင့်ယှက်စော်ကားခြင်းနှင့် လူမှုရေးကိစ္စများတွင် ဝင်ရောက်နှောင့်ယှက်ခြင်းများပြုလုပ်နေကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ ဦးဇော်ဇော်အနေဖြင့် ကျွန်ုပ်၏မိတ်ဆွေနှင့်ဆက်သွယ်ကာ ကျန်ရှိသည့် ငွေကျပ်သိန်း (၅၀)နှင့် စာချုပ်တွင်ပါရှိသည့် ရွှေ့ပြောင်းနိုင်သော အိမ်ထောင်ပရိဘောဂများအား ၁၂-၅-၂၀၂၀ရက် နောက်ဆုံးထား၍ ကျွန်ုပ်မိတ်ဆွေထံ မပျက်မကွက် လာရောက်ယူဆောင်ပါရန်နှင့် ပျက်ကွက်ပါက ကျွန်ုပ်၏မိတ်ဆွေထံတွင် ယင်းကိစ္စရပ်နှင့်စပ်လျဉ်းပြီးထပ်မံ၍ တာဝန်မရှိတော့ပါကြောင်း သိစေအပ်သည့်အပြင် ကျွန်ုပ်၏မိတ်ဆွေအပေါ်တွင် နောက်နောင် တစ်နည်းနည်းဖြင့် ဆဲဆိုခြင်း၊ ခြိမ်းခြောက်ကြိမ်းဝါးခြင်း၊ အသရေပျက်စေရန် နှောင့်ယှက်စော်ကားခြင်းနှင့် လူမှုရေးကိစ္စများတွင် ဝင်ရောက်နှောင့်ယှက်ခြင်းများ လုံးဝ(လုံးဝ)မပြုပါရန်နှင့် ပြုလုပ်ပါက ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် သည်းခံနေမည်မဟုတ်ဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဇော်ဇော်အပေါ် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
**ဒေါ်ခိုင်မိုးမိုးကျော်**
**၁၂/ဥကမ(နိုင်)၁၁၂၄၄၄**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးနေဝင်းနိုင် (LL.B)** (စဉ်-၃၈၈၄၁)
**ဒေါ်ဇင်မာမြင့် (LL.B,DBL)** (စဉ်-၁၆၂၉၇)(၅-၁၂-၂၀၁၉)
အထက်တန်းရှေ့နေ တရားလွှတ်တော်ရှေ့နေ
တိုက် (C-1)၊ အခန်း(၀၀၃)၊ နှင်းဆီလမ်း၊ Hi-way complex housing, ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၈၁၂၉၄၉၈၊ ၀၉-၄၂၈၂၁၆၇၀၂

### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) အရ မြန်မာ့တောက်ပသော တောင်ပံဝန်ဆောင်မှု ကုမ္ပဏီ လီမိတက်" "MYANMA BRIGHT WING SERVICES COMPANY LIMITED" အား ကုမ္ပဏီတွင်ပါဝင်သူများက ဆန္ဒအလျောက် ကုမ္ပဏီကို အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးကို တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁-၆-၂၀၂၀
**ကျင်းပမည့် အချိန်** - နံနက် (၁၀:၃၀)နာရီ
**ကျင်းပမည့်နေရာ** - အမှတ်(၁၄၂)၊ အခန်း(၄)၊ သံသုမာလမ်း၊ (၂၉) ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်း ပြီးစီးမှုများကို တင်ပြမည် ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

**DAW SAN KYI**
**B.Com (Q), C.P.A**
**Certified Public Accountant**
**AUDITOR & FINANCIAL CONSULTANT**

### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၃၄၈ အရ "ဒရပ်ဂွမ်ဂိတ်(မြန်မာ) ကုမ္ပဏီလီမိတက်" "DRAGON GATE (MYANMAR) COMPANY LIMITED" ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၉ ရက်တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အရ "ဒရပ်ဂွမ်ဂိတ်(မြန်မာ)ကုမ္ပဏီလီမိတက်" "DRAGON GATE (MYANMAR) COMPANY LIMITED" အား ၂၉-၄-၂၀၂၀ ရက်မှစ၍ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် အတည်ပြု ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် (B.Com (Q) C.P.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ပြည့်နှစ်၊ ဇွန်လ ၁ရက် နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**DAW THAN THAN HTAY @ LIN SWAM HEE**
**Managing Director**
**DRAGON GATE (MYANMAR) COMPANY LIMITED**

**ဒေါ်စန်းကြည်**
**(B.Com (Q) C.P.A)**
**(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)**

သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

## ကျေးဇူးတင်ရှိခြင်း

၂၈-၄-၂၀၂၀ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားသော ဒေါ်ခင်လေးယု (ခ)Ruth Samual ၏ စျာပနကိစ္စအဝဝတွင် ကူညီဆောင်ရွက်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး၊ ဗိုလ်ချုပ်သက်ပုံနှင့် အရာရှိစစ်သည်များ၊ အမှတ် (၂)တပ်မတော်ဆေးရုံမှ တပ်မှူး၊ ဗိုလ်မှူးချုပ်စိန်လင်းနှင့် အရာရှိစစ်သည်များ၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ သန့်ရှင်းသောကားတိုင်အသင်းတော်၊ အင်းစိန်ခရစ်တော်ဘွဲ့နာမခံအသင်းတော်၊ အင်းစိန်နံ့သာကုန်းကရင်နှစ်ခြင်းအသင်းတော်၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား ကျေးဇူးအထူးတင်ရှိပါသည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘ(ငြိမ်း)နှင့်မိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်နွယ်(မြိတ်)

### အထက (၁) ဗဟန်း(အလယ်တန်းပြ-ငြိမ်း)

### အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ် (၂၆)၊ ယုဇနလမ်း၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏမြို့နေ (ဦးနွဲ့အုံ-ဒေါ်ထွန်းမေ)တို့၏ သမီး၊ (ဦးပျိုသိမ်းအုံ-ဒေါ်ချမ်းရွှေ)တို့၏ သမီးချွေးမ၊ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့် (ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးမျိုးသန့် (Famous Group of Co.,Ltd.)-ဒေါ်စန်းစန်းယု၊ ဦးနေစိုး-ဒေါ်စန္ဒာဝင်း၊ (ဦးစိုးသူ)-ဒေါ်နွယ်နှောင်းဝင်း၊ ဦးသန့်စင်-ဒေါက်တာ ခိုင်သီသီဦး၊ ဒေါ်ခင်မျိုးတင့်၊ ဒေါ်ဖြူဖြူသင်းတို့၏ ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၉-၄-၂၀၂၀ရက် ည ၁၁:၃၀ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁-၅-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၂၀ရက် (အင်္ဂါနေ့)တွင် သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဦးခင်ဝင်း

### မန်နေဂျင်း ဒါရိုက်တာ

### အောင်စကြာ ကုမ္ပဏီ

### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်နေ (ဦးဟတ်လျှောင်)-ဒေါ်ကြင်မြတို့၏ သားငယ်၊ ဦးအောင်စိုး-ဒေါ်မြင့်မြင့်ကြည်၊ (ဦးစွမ်)-ဒေါ်ကြင်အေး၊ ဦးအောင်ရွှေ-ဒေါ်တင်လွမ်၊ ဦးကြည်ဝင်း-ဒေါ်ရီရီလွင်၊ (ဦးစိုးမြင့်)-ဒေါ်ခင်မေရီ၊ ဦးကြည်လွင်-ဒေါ်အေးတို့၏ မောင်ငယ်/ ညီငယ်၊ ဒေါ်နုနုစန်း၏ခင်ပွန်း၊ ကိုထွန်းမြတ်အောင်၊ မခင်မေဆင့်တို့၏ ဖခင်သည် ၂၈-၄-၂၀၂၀ရက် (အင်္ဂါနေ့)နံနက်တွင် နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်စုစုထွန်း

### Chief Accountant

### Yangon Metropolitan Development Public Co.,Ltd

### အသက် (၄၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ် (၈၃)၊ (၇)လွှာနေ ဦးထွန်းထွန်း-ဒေါ်ခင်စောဝေတို့၏သမီး၊ ဦးအေးကို-ဒေါ်နုနုမော်တို့၏သမီးချွေးမ၊ ဦးဇင်မင်းကို (M.D, Smart Sky Logistics) ၏ ချစ်လှစွာသောဇနီး၊ မခင်ကြည်စင်သန့်(G-3 ၄ဝါ၊ အထက-၁၊ ဒဂုံ)၊ မသန့်သီရိဇင် (မူကြို-၄ အလုံ)တို့၏ ချစ်လှစွာသောမိခင်သည် ၂၉-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၂၃နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**သင့်သွေးဖြင့်**

**အသက်**

**ကယ်ပါ**

---

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်၊ (၃)လမ်း၊ အိမ်အမှတ်(၂၆၄)နေ ဒေါ်မို့မို့အေး ၁၀/မလမ(နိုင်)၁၃၉၉၄၂ ၏သား မောင်ငြိမ်းခန့်ကို(ခ) ကစ်ကစ် ၁၀/မလမ(နိုင်)၂၄၂၉၆၂ သည် မိခင်အပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး အိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင်- ဒေါ်မို့မို့အေး**

---

ဘုရား၊ ရဟန်း ၊ ကျောင်း၊ လမ်း ဒါယိကာမကြီး

## ဒေါ်ကြည် အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ် ၁၀၇နေ (ဦးတန်ကျိုချူ)၏ဇနီး၊ (ဦးပေါ)-ဒေါ်ရီရီ၊ ဦးတိတ်စိန်-ဒေါ်ခင်ခင်သန်း၊ (ဦးသိန်းဦး)၊ ဦးသန်းမြင့်-ဒေါ်စန်းစန်းမြင့်၊ ဦးတက်တိုး-ဒေါ်စန်းစန်းဝင်း၊ ဦးလျှံကျင့်ဖု-ဒေါ်ထားထားရီ၊ ဦးကျော် ဦး-ဒေါ်အေးအေးခိုင်၊ ဦးကျော်နိုင်-ဒေါ်ယုယုဆွေ၊ ဦးစိုးလွင်-ဒေါ်ယဉ်ယဉ်နွဲ့တို့၏မိခင်၊ မြေး ၂၅ယောက်၊ မြစ် ၁၉ယောက်တို့၏ အဘွားသည် ၂၄-၄-၂၀၂၀ရက် (သောကြာနေ့) နံနက် ၅:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ၁၂:၅၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်လေးယု(ခ)Ruth Samual

### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်ပြည်သာယာရိပ်သာ၊ ပြည်တော်အေးလမ်း၊ အမှတ် ၃နေ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဘ (ငြိမ်း)၏ချစ်ဇနီး ဒေါ်ခင်လေးယု(ခ)Ruth Samualသည် ၂၈-၄-၂၀၂၀ရက် ည ၉:၂၅နာရီတွင်ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မာမီ ကောင်းရာ သုဂတိလားပါစေ။

**ဦးရင်ဟိုင်းနှင့်ဇနီး ဒေါ်အေးရင်**
**မိသားစု**
**Jade City ဟိုတယ်**
**ဖားကန့်မြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်လေးယု(ခ)Ruth Samual

### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်ပြည်သာယာရိပ်သာ၊ ပြည်တော်အေးလမ်း၊ အမှတ် ၃နေ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘ (ငြိမ်း)၏ချစ်ဇနီး ဒေါ်ခင်လေးယု(ခ)Ruth Samualသည် ၂၈-၄-၂၀၂၀ရက် ည ၉:၂၅နာရီတွင်ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မာမီ ကောင်းရာ သုဂတိလားပါစေ။

**(ဦးမြင့်စိုး) ရဲအုပ်(ငြိမ်း)နှင့်ဇနီး ဒေါ်သန်းသန်းအေး**
**မိသားစု(ရန်ကုန်)**

---

## ဦးအေးကျော်(Kenneth Thaung)

### (ထုံးဘိုမြို့) အထက(ပြ)(ငြိမ်း)

### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် ၉၁၈နေ (ဦးကျော်သောင်း-ဒေါ်သန်းရီ)တို့၏သား၊ ဒေါ်မြင့်မြင့်ခင်၏ ခင်ပွန်း၊ ကိုဝင်းနိုင်-ဒေါ်အေးမြတ်မော်၊ ကိုရဲထွန်းကျော်-မအိအိခိုင်၊ ကိုတင်ဝင်းထွန်းတို့၏ ဖခင်၊ မြေးလေးယောက် တို့၏ အဘိုးသည် ၂၈-၄-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၂၀ ရက်တွင် အထက်ပါနေအိမ်မှ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စိန်စိန်သွင်

### အသက် (၇၅)နှစ်

မုဒုံမြို့နေ (ဦးငြိမ်း-ဒေါ်ရှိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ ၈/C၊ ယုဇနလမ်း၊ အေးရိပ်မွန်ရိပ်သာနေ ဦးမြင့်ဦး၏ဇနီး၊ ဦးတင်ထွန်းအောင်-ဒေါ်သွင် သွင်ဟန်၊ ဒေါ်ခတ္တာမြင့်ဦး၊ ဒေါက်တာထင်အောင်ကျော်-ဒေါ်ငုဝါမြင့်ဦးတို့၏မိခင်၊ မြေး သုံးယောက်တို့၏ အဘွားသည် ၂၉-၄-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) ည ၉:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၂၀ရက် (ကြာသပတေးနေ့)နံနက် ၉နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဦးစိုးဝင်း အသက် (၅၉)နှစ်

### ညွှန်ကြားရေးမှူး(လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာန)

### သစ်တောဦးစီးဌာန၊ နေပြည်တော်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ကမာကြည်လမ်း၊ အမှတ် (၁၅၃/၇)နေ (ဦးကြိုင်)-ဒေါ်မြသွယ်တို့၏ သားငယ်၊ ဒေါ်ခင်သီတာစိုး(မသက်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကျော်မြင့်[(ဦးစီးအရာရှိ-ငြိမ်း) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)]-ဒေါ်တင်တင်သိန်း[(လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကုန်သွယ်ရေးဦးစီးဌာန)]၊ ဒေါက်တာစောယုမြင့်(စုစုဝင်းဆေးခန်း)တို့၏ ညီမောင်၊ ကိုစိုးပြည့်ထွန်း BE(EC)-မမေဇင်ဦး၊ မောင်ရဲပြည့်အောင် (Fourth Year Computer) (UCSY)တို့၏ ဖခင်သည် ၂၉-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ည ၈:၁၀နာရီတွင် နေပြည်တော်နေအိမ်၌ ရုတ်တရက်ကွယ်လွန် သွားပါသဖြင့် ၁-၅-၂၀၂၀ရက် နံနက် ၁၁နာရီတွင် ရေးဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်ဒါယကာကြီး

## ဦးဟန်ထွန်း

### မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး(အငြိမ်းစား)

### အသက်(၈၆)နှစ်

ပခုက္ကူမြို့နေ (ဦးစိုး-ဒေါ်လေးချယ်)တို့၏သား၊ (ဦးအုန်းမောင်-ဒေါ်လှ)တို့၏ သားသမက်၊ (ဦးဆင်ပေါက်-ဒေါ်ချစ်စိန်)တို့၏မောင်၊ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးသိန်းမြင့်ထွန်း(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)-ဒေါ်သင်းမြင့်သူ၊ (ဦးကျော်ဇေထွန်း)(WFP)-ဒေါက်တာကေသီအေး(ပြည်ထောင်စုရှေ့နေချုပ်ရုံး)၊ ဦးရန်နိုင်ထွန်း-ဒေါ်ဝေဝေနု(ဖြူစင်စတိုး၊ ပခုက္ကူမြို့)၊ ဗိုလ်ကြီးရဲမြတ်ထွေးအောင်၊ ဒေါ်နုရည်ထွန်း (မြဝတီဘဏ်၊ ရန်ကုန်မြို့)တို့၏ဖခင်၊ မောင်အောင်ဇော်ထွန်း၊ မရင်ဖြူဖြူလှိုင်၊ မဖြူစင်ကို၊ မောင်နေမင်းလွင်တို့၏အဘိုးသည် ၁၈-၄-၂၀၂၀ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ၃မိုင်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာ မြင့်မြင့်မေ

### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ လူမှုဖူလုံရေး

### အသက်(၈၅)နှစ်

ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာအေးထွန်း-ဒုတိယဗိုလ်မှူးကြီး ဒေါ်ယုယုခင်(တပ်မတော်ဆေးတက္ကသိုလ်-ငြိမ်း)တို့၏ မိခင် ဒေါက်တာမြင့်မြင့်မေသည် ၂၆-၄-၂၀၂၀ရက် နံနက် ၉:၅၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်**
**လည်ပင်းခွဲစိတ် အထူးကုဌာန**
**ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိုးနိုင် အသက် (၈၀)

### တောင်တွင်းကြီး

### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုကြွေမြေ

ရန်ကုန်မြို့နေ(ဦးဘမွန်-ဒေါ်လှခင်)တို့၏သား၊ (ဦးဖေညွန့်-ဒေါ်ကြွေ)တို့၏ သားသမက်၊ ဒေါ်ခင်သန်းနွဲ့၏ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်မြတ်သူဇာနိုင်၊ ဦးဇော်မိုးနိုင်-ဒေါ်ချောစုမ၊ ဒေါ်ငြိမ်းငြိမ်းနိုင်-ဦးသောင်းမြင့်၊ ဒေါက်တာ ကျော့ကျော့နိုင်၊ ဦးဝေဖြိုးနိုင်-ဒေါ်ဖြူသွယ်ချိုတို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၃၀-၄-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးစိုးသိန်း(တရားလွှတ်တော်ရှေ့နေ)

### အသက် (၇၅)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဆီမီးကန်ကျေးရွာနေ (ဦးဘစိုး-ဒေါ်ယုလှ)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရိပ်သာ၊ တိုက် ၁၇၊ အခန်း (၁)နေ ဒေါ်တင်တင်အေး(အငြိမ်းစား၊ အမက-၁၇၊ မရမ်းကုန်း)၏ခင်ပွန်း၊ ဦးမျိုးမောင်မောင်စိုး(တရားလွှတ်တော်ရှေ့နေ)-ဒေါက်တာ ဒေါ်ခိုင်ခိုင်ဆု(ပန်းပျိုးအိမ်စာသင်ဝိုင်း)၊ ဦးရဲလွင်ဦး-ဒေါ်ယဉ်ယဉ်စိုး (အမက-၁၇၊ မရမ်းကုန်း)၊ ဦးအောင်ခင်စိုး-ဒေါ်စိမ်းစန္ဒာဖြူ(အလက-၄၊ အင်းစိန်)၊ ဦးညီညီစိုး(တရားလွှတ်တော်ရှေ့နေ) -ဒေါ်စန်းစန်းမြင့်၊ ဦးဖုန်းဟေကို (Photography)- ဒေါ်ပြည့်ပြည့်ပပစိုး(အထက်တန်းရှေ့နေ)တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မောင်ဟိန်းထက်အောင်စိုး၊ မောင်မျိုးချစ်သုစိုး၊ မသဒ္ဒါအောင်တို့၏အဘိုးသည် ၃၀-၄-၂၀၂၀ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁:၅၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဖြူဖြူဝင်း အသက်(၇၄)နှစ်

### B.A(History)B.ED ကျောင်းအုပ်ဆရာမကြီး

### အမက(၃)၊ သင်္ဃန်းကျွန်း(ငြိမ်း)

### အမက(၈)၊ သင်္ဃန်းကျွန်း (ငြိမ်း)

### အမက(၁)၊ဗဟန်း(ငြိမ်း)

### မိုးသောက်ပန်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ သင်္ဃန်းကျွန်း

ရန်ကုန်မြို့နေ (ဦးကြွယ်သိန်း-ဒေါ်လှမြိုင်)တို့၏သမီး၊ မန္တလေးမြို့နေ (ဦးထင်ကျော်-ဒေါ်ဖွားတင်)တို့၏သမီးချွေးမ၊ (ဦးသိန်းစိန်)မြန်မာ့ရေနံ(ငြိမ်း)၏ဇနီး၊ ကိုဝင်းအောင်-မကေသွယ်ဦး၊ ကိုအောင်ဇော်မျိုး(ခ)ဘိုဘို၊ မခင်မမစိုးတို့၏ ချစ်လှစွာသော မိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၂၈-၄-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၂၀ရက်(တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်ဒီး(လဝက-၇၈၆၁)(ဦးစီးအရာရှိ)

### မင်္ဂလာတောင်ညွန့်မြို့နယ်ဦးစီးမှူး

### အသက်(၅၃)နှစ်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မင်္ဂလာတောင်ညွန့်မြို့နယ်ဦးစီးမှူး (လဝက-၇၈၆၁) ဦးစီးအရာရှိ ဦးအောင်ဒီးသည် ၃၀-၄-၂၀၂၀ရက် (ကြာသ ပတေးနေ့) ၀၅:၁၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ အသည်းရောဂါဖြင့် ကွယ်လွန်သွားပါ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ**
**ရန်ကုန်တိုင်းဒေသကြီး တိုင်း/ခရိုင်/ မြို့နယ်ဦးစီးမှူးရုံး**
**ဝန်ထမ်းမိသားစု**

# ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၀) ကျင်းပ



ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၀) တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဧပြီ ၃၀**

ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၀) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ မေ ၁၈ ရက်တွင် စတင်ကျင်းပရန် ကြေညာထားပြီးဖြစ်ပါကြောင်း၊ ယခုခေါ်ယူထားသည့် လွှတ်တော်အစည်းအဝေးတွင် လက်ရှိကာလအတွင်း မဖြစ်မနေဆောင်ရွက်ပေးရမည့် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပါအဝင် လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ထိုလုပ်ငန်းစဉ်များကို အချိန်ကာလတိုအတွင်း အဆင်ပြေချောမွေ့စွာပြီးစီးရေး ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားပါကြောင်း၊

*စာမျက်နှာ ၅ ကော်လံ ၁* ✻

## ကိုရီးယားသမ္မတနိုင်ငံတွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၉၆ ဦးအား ပထမအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဧပြီ ၃၀**

ကိုဗစ်-၁၉ ကူးစက်ရောဂါ အခြေအနေအရ နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ကိုရီးယားသမ္မတနိုင်ငံတွင် အခက်အခဲ ကြုံတွေ့နေကြရသည့် မြန်မာနိုင်ငံသား ၉၆ ဦးအား ယနေ့တွင် အင်ချွန်းလေဆိပ်မှ မြန်မာနိုင်ငံသို့ ရန်ကုန်-အင်ချွန်း-ရန်ကုန် ခရီးစဉ်အတိုင်း မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ဖြင့် ပြန်လည်ခေါ်ဆောင်ပေးခဲ့ရာ ယနေ့ ည ၈ နာရီ ၄၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ အစိုးရအနေဖြင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေပြီး အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အခက်အခဲ ကြုံတွေ့နေရသည့် အခြေအနေ၊ မြန်မာနိုင်ငံတွင် ၎င်းတို့အား အသွားအလာ ကန့်သတ် စောင့်ကြပ်ကြည့်ရှုမှု (Facility Quarantine) ထားရှိနိုင်မှု အခြေအနေ၊ သွားရောက်ခေါ်ဆောင်မည့်နိုင်ငံ၏ စည်းမျဉ်း စည်းကမ်းများနှင့် အဆိုပါ နိုင်ငံတွင်း ခရီးသွားလာနိုင်မှု အခြေအနေ၊ လေယာဉ်ခရီးစဉ် ဆောင်ရွက်နိုင်မှု အခြေအနေများ စသည့်အချက်များအပေါ်အခြေခံလျက် ပျံသန်းပြေးဆွဲနိုင်မည့် ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်အား သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်း၍ စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ◆

## တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်အစိုးရနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အရင်းအနှီးများ ရရှိစေရေးအတွက် နှစ်စဉ်ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေ၊ ကျေးလက်ဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ (JICA, Two Step Loan) နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နှစ်ဆင့်ချေးငွေ (MEB, Two Step Loan) တို့ကို ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်သူ တောင်သူဦးကြီးများ အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ချေးငွေများကို အတိုးနှုန်း သက်သာစွာဖြင့် ရရှိနိုင်စေရေးအတွက် ယခု ဘဏ္ဍာရေးနှစ်အတွင်း ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁) ရက်နေ့တွင် အတိုးနှုန်း (၁) ကြိမ် လျှော့ချပေးခဲ့ပြီးဖြစ်ပါသည်။

၃။ ယခုအခါ ထပ်မံ၍ နိုင်ငံတော်အစိုးရနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ မူဝါဒ၊ လမ်းညွှန်ချက် *စာမျက်နှာ ၉ ကော်လံ ၄* ❍

**ဗြိတိန်တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၆၀၀၀ ကျော်အထိ ရောက်ရှိ** (စာ-၁၂)

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
(၃၀-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ (စာ-၁၅)

## နံပါတ် (၇) ဂျာစီ ဝတ်ဆင်ကစားရန် ဆန်ချိုကို မန်ယူကမ်းလှမ်း




မန်ယူအသင်းသည် ဂန္ထဝင်ကစားသမားများ၏ ခြေရာကို ဆက်ခံနိုင်ရန်အတွက် ဆန်ချိုကို နံပါတ် (၇) ဂျာစီ ဝတ်ဆင်ကစားရန် ကမ်းလှမ်းလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း မန်ယူအသင်းသည် အင်္ဂလန်တောင်ပံ ကစားသမား ဂျာဒန်ဆန်ချို၏ အပြောင်းအရွှေ့နှင့် ပတ်သက်ပြီး သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သတင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားသည်။

ယခုလအစောပိုင်းတွင် ရက်ဖို့ဒ်သည် အိုးထရက်ဖို့ဒ်၌ ဆန်ချိုနှင့် တွဲကစားရန် စိတ်လှုပ်ရှားနေကြောင်း ထုတ်ဖော်ပြောကြားထားသည်။ လက်ရှိတွင် အဆိုပါ နံပါတ် (၇) ဂျာစီကို အင်တာမီလန်အသင်းသို့ အငှားထွက်ကစားနေသော ချီလီတိုက်စစ်ကစားသမား ဆန်းချက်ဇ်က ဝတ်ဆင်ကစားလျက်ရှိနေသည်။ ဆုဖလားပေါင်းများစွာ ရယူပေးနိုင်ခဲ့သော ဂန္ထဝင်နည်းပြ ဖာဂူဆန်လက်ထက်တွင် နံပါတ် (၇) ဂျာစီ ဝတ်ဆင်ကစားပြီး ထင်ရှားကျော်ကြားခဲ့သူ အများအပြား ရှိခဲ့သည်။ ရော့ခ်ဆန်၊ ကန်တိုနာ၊ ဘက်ဟမ်းနှင့် စီရော်နယ်ဒိုတို့မှာ အဆိုပါ နံပါတ်ကို ဝတ်ဆင်ကစားခဲ့ပြီး အောင်မြင်မှုများစွာကို ရယူပေးနိုင်ခဲ့သူများ ဖြစ်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၄* ❖

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုလေးမျက်နှာ ပါရှိ

ဝန်ထမ်းကောင်းများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ စတုတ္ထ (၁) နှစ်တာ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
သောကြာ၊ မေ ၁၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ဝန်ထမ်းကောင်းများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ စတုတ္ထ (၁) နှစ်တာ

ရှင်မင်း၊ ဓာတ်ပုံ- ကေကေ၊ UCSB

**“ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံအတွက် ဝန်ထမ်းကောင်းများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူများအတွက် ဝန်ဆောင်မှုကောင်းများ ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံ့ဝန်ထမ်းကဏ္ဍအတွင်း ရိုးဖြောင့်မှု၊ စိတ်အားတက်ကြွမှု၊ တာဝန်ကျေပွန်မှုနှင့် အရည်အချင်းကို အခြေခံဆောင်ရွက်မှုများ ပွားများလာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။**



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း

နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးပြည့်ဝမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် တစ်ဖက်တစ်လမ်းက အထောက်အကူပြုမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများနှင့် သက်ဆိုင်သည့် အခန်းကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် စတုတ္ထ (၁)နှစ်တာကာလ အပါအဝင် လေးနှစ်တာကာလအတွင်း ဖော်ဆောင်ခဲ့သည်။

နိုင်ငံ့ဝန်ထမ်း လေ့ကျင့်ရေးမူဝါဒ (Civil Service Training Policy) ကို စတုတ္ထ (၁) နှစ်တာကာလအတွင်း ထုတ်ပြန်နိုင်ခြင်းသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများထဲမှ တစ်ခုဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးမူဝါဒကို ဝန်ထမ်းများအား သတ်မှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်း၊ ကျင့်ဝတ်သိက္ခာများနှင့်အညီ စနစ်တကျလေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်ထုတ်ပြန်ခြင်း ဖြစ်သည်။

**“ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ ဌာနတွင်းမှ အမှုထမ်းဝန်ထမ်းများအား ပြန်တမ်းဝင်အရာရှိအဆင့်သို့ ရာထူးတိုးမြှင့်ပေးရေး၊ ထောက်ခံအတည်ပြုပေးရေးလုပ်ငန်းစဉ်များမှ ယခုနှစ်တွင် လုပ်သက်ပြည့် ၇၁၅၈ ဦး၊ သတ်မှတ်လုပ်သက်လျှော့ ဝန်ထမ်း ၁၀ ဦး၊ သတ်မှတ်ပညာအရည်အချင်းလျှော့ ဝန်ထမ်း ၁၅ ဦး စုစုပေါင်းဝန်ထမ်း ၇၁၈၃ ဦးတို့ကို ပြန်တမ်းဝင်အရာရှိ အဆင့်ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ပေးခဲ့သည်။ လေးနှစ်တာကာလအတွင်း စုစုပေါင်း ၃၁၄၄၀ ကို ပြန်တမ်းဝင်အရာရှိအဆင့် ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ပေးခဲ့သည်”**

ထို့အတူ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားတစ်ခုလုံး ကောင်းမွန်စွာ လည်ပတ်နိုင်ရေးနှင့် အစိုးရအဖွဲ့များ ရွေးကောက်ပွဲနှင့်အညီ ပြောင်းလဲနေသော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် တစ်ပြေးညီဖြစ်စေရေးအတွက် “မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းစနစ်” ကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့သည်။



မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှု အကောင်အထည်ဖော်နိုင်ရေးအတွက် မူဝါဒနည်းလမ်းများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးညှိနှိုင်းရေးဖိုရမ်(၂၀၁၉) ကို ၁၃-၁၂-၂၀၁၉ ရက်က နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပစဉ်။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းကမ်းကျနပြီး တညီတညွတ်တည်းဖြစ်စေရေးနှင့် ပိုမိုထိရောက်ထက်မြက်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ရုံးလုပ်ငန်းလက်စွဲစာအုပ်ကို ခေတ်နှင့်အညီ လိုအပ်ချက်အလိုက် ပြင်ဆင်ထုတ်ဝေရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ စီစဉ်လျက်ရှိသည်။

ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ၂၀၂၀ ပြည့်နှစ်ကို နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးနှစ် ၂၀၂၀ (Myanmar Civil Service Training Year 2020) အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးနှစ် ၂၀၂၀ (Myanmar Civil Service Training Year 2020) ကို အကောင်အထည်ဖော်ရာတွင် အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

“အပိုင်း (၁) အနေနဲ့ သင်တန်းပို့ချသူဆရာ၊ ဆရာမတွေ အရည်အသွေး ဖွံ့ဖြိုးတိုးတက်စေဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အပိုင်း (၂) က လက်ရှိသင်ကြားပို့ချလျက်ရှိတဲ့ သုတပညာအခြေပြုသင်ရိုးညွှန်းတမ်း၊ (Knowledge-based Curriculum)မှ ကျွမ်းကျင်မှုအခြေပြု သင်ရိုးညွှန်းတမ်း (Competency-based Curriculum)အဖြစ် ပြင်ဆင်ပြောင်းလဲခြင်းတို့ ဖြစ်ပါတယ်” ဟု ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းသိမ်းက ပြောသည်။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်သည့် အုပ်ချုပ်စီမံခန့်ခွဲမှုများ

*အချပ်ပို (ခ) သို့*



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း ၂၆-၆-၂၀၁၉ ရက်က နယူးဇီလန်နိုင်ငံသံအမတ်ကြီး H.E. Mr.Steve Marshall အား လက်ခံတွေ့ဆုံစဉ်။

*အချပ်ပို (က) မှ*

အားကောင်းလာစေရန် ရည်ရွယ်ပြီး ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေး မဟာဗျူဟာစီမံချက် ၂၀၁၇-၂၀၂၀ ကို ၂၀၁၇ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။ ပြည်ထောင်စု ရာထူးဝန်အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်(၂၀၁၇-၂၀၂၀) ရေးဆွဲနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု အစည်းအဝေးများ၊ အကြံပြုအလုပ်ရုံဆွေးနွေးပွဲများနှင့် အခြားဆက်စပ်အစည်းအဝေးများ စုစုပေါင်း (၁၀) ကြိမ် ကျင်းပခဲ့သည်။

## အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်

မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ထုတ်ပြန်ခဲ့ပြီးသည့်နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အများပြည်သူ သိရှိနိုင်ရန် ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်တစ်ခုကို ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်အရ နိုင်ငံ့ဝန်ထမ်း အဆင့်မြင့်အရာထမ်းများ၏ ကျွမ်းကျင်မှုအခြေပြု လုပ်ငန်းတာဝန် သတ်မှတ်ချက်၊ နိုင်ငံ့ဝန်ထမ်း အဆင့်မြင့်စီမံခန့်ခွဲမှု အရာထမ်းခေါင်းဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် စွမ်းဆောင်ရည်အကဲဖြတ် အမှတ်ပေးသည့်စနစ်တို့ကို UNDP ၏ ပံ့ပိုးမှုဖြင့် ရေးဆွဲထားပြီး ဖြစ်သည်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့အနေဖြင့် "အစိုးရဝန်ထမ်းများအပေါ် ပြည်သူများ၏ သဘောထားအမြင်စစ်တမ်း"ကို အိမ်ထောင်စုပေါင်း ၂၅၂၀ ထံကနေ ကောက်ယူထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

"နိုင်ငံ့ဝန်ထမ်းတွေ လုပ်ငန်းခွင်အတွင်း စိတ်အားထက်သန် တက်ကြွမှုရှိစေရေး လှုံ့ဆော်မြှင့်တင်ပေးခြင်းဆိုင်ရာ စစ်တမ်း (Public Service Motivation Survey) ကို ဌာန ငါးခုက ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးနဲ့ ဒုတိယညွှန်ကြားရေးမှူး ရာထူးအဆင့်ရှိ အရာရှိ ၄၀၉ ဦးကို စစ်တမ်းကောက်ယူခဲ့ပြီး ရလဒ်တွေကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြအတည်ပြုချက်ရယူပြီး ထုတ်ပြန်ကြေညာခြင်းနဲ့ အာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းတွေထံ ဖြန့်ဝေနိုင်ရေးအတွက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းသိမ်းက ပြောသည်။

"အစိုးရဝန်ထမ်းတွေအပေါ် ပြည်သူများ၏ သဘောထားအမြင်စစ်တမ်းကနေ အကျိုးကျေးဇူးအနေနဲ့ ပြည်သူလူထုသို့ ဝန်ဆောင်မှုပေးရာမှာ ပိုမိုထိရောက်မှုရှိစေဖို့နဲ့ မြန်ဆန်စွာတုံ့ပြန်နိုင်စေဖို့၊ ပွင့်လင်းမြင်သာမှုရှိစေဖို့နဲ့ လက်ရှိနိုင်ငံ့ဝန်ထမ်းတွေ တိုးတက်ကောင်းမွန်လာစေဖို့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေနဲ့ ဆက်စပ်ပြီး မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှု အကောင်အထည်ဖော်နိုင်ရေးအတွက် မူဝါဒနည်းလမ်းတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးညှိနှိုင်းရေးဖိုရမ်ကို နေပြည်တော် သင်္ဂဟ ဟိုတယ်မှာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်မှာ ကျင်းပခဲ့ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အတူ အာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ASEAN Cooperation on Civil Service Matters – ACCSM) Work Plan (2016–2020) အစီအစဉ်အောက်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဦးဆောင်ပြီး "နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွမှုရှိစေရေး လှုံ့ဆော်မြှင့်တင်ခြင်းဆိုင်ရာဖိုရမ်" ကို နေပြည်တော် Grand Amara Hotel မှာ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၈ ရက်ကနေ ၁၉ ရက်အထိ နှစ်ရက်တာ ကျင်းပပြုလုပ်ခဲ့သည်။

## နှစ်စဉ်လုပ်ငန်းဆောင်ရွက်ချက်

နိုင်ငံ့ဝန်ထမ်းများ၏ ခေါင်းဆောင်မှု၊ ထိရောက်မှု၊ လိုက်လျောညီထွေဖြစ်စေမှုနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်မှုဆိုင်ရာ နှစ်စဉ်လုပ်ငန်းဆောင်ရွက်ချက် ၂၀၂၀ (Leadership, Effectiveness, Adaptability and Professionalism – LEAP) ANNUAL WORK PLAN (2020) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုမှ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု (Human Resource Management– HRM Policy) အပေါ် မူတည်ကာ ဌာနအဖွဲ့အစည်း၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ သတ်မှတ်စံနှုန်းများ (Standard Operation Procedures – SOPs) ကို ရေးဆွဲရန် စီစဉ်လျက်ရှိသည့်အပြင် ယခုနှစ်အတွင်း နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် (Code of Ethics) မူကြမ်းကို ရေးဆွဲနိုင်ခဲ့သည်။

"မဟာဗျူဟာလုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်ခဲ့တဲ့အတွက် ဝန်ထမ်းတွေရဲ့ အရည်အချင်းအပေါ် မူတည်ပြီး အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားခြင်း၊ ရွေးချယ်ခန့်အပ်ခြင်း၊ ပြောင်းရွှေ့ခန့်ထားခြင်းနဲ့ ရာထူးတိုးမြှင့်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်လာနိုင်မှာဖြစ်သကဲ့သို့ ပိုမိုအားကောင်းတဲ့ သင်ကြားသင်ယူမှု အစီအစဉ်တွေကြောင့် ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်တွေ ပိုမိုတိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်" ဟု ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ပြောသည်။

## ရွေ့ပြေးစမ်းသပ်မှု

အရည်အချင်းကိုအခြေခံပြီး စွမ်းဆောင်ရည်ရှိမှုကို ဦးစားပေးသည့်၊ ကျား မ ကွာဟမှု ကျဉ်းမြောင်းစေသည့် ဝန်ထမ်းသစ်ခန့်အပ်သည့်စနစ်၊ ရာထူးတိုးမြှင့်ရေးစနစ်များကို အထောက်အကူပြုစေရန် ရွေ့ပြေးစမ်းသပ်မှု Pilot Test ဆောင်ရွက်မှုအနေဖြင့် လူ့စွမ်းအား အရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ရန်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ စီမံဆောင်ရွက်နေသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"UNDP, UNAPCICT, EU (GOPA), Hanns Seidel Foundation (HSF), အာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းတွေ၊ တောင်ကိုရီးယားနိုင်ငံက KOICA, တရုတ်ပြည်သူ့သမ္မတနိုင်ငံက China National Academy of Governance – CNAG, ရန်ကုန်မြို့အခြေစိုက် အမေရိကန်သံရုံးမှ အထောက်အပံ့ပေးတဲ့

*အချပ်ပို (ဂ) သို့*



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း ပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူး ရေးဖြေစာမေးပွဲဖြေဆိုမှုကို ကြည့်ရှုစစ်ဆေးစဉ်။

*အချပ်ပို (ခ) မှ*

(Grant) အစီအစဉ်၊ Organization for Economic Cooperation and Development (OECD)၊ နယူးဇီလန်နိုင်ငံက State Services Commission၊ စီမံအုပ်ချုပ်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများနှင့် တက္ကသိုလ်များဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (International Association of Schools and Institutes of Administration – IASIA)၊ အာဆီယံအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီး နိုင်ငံ့ဝန်ထမ်းတွေ စွမ်းရည်တိုးတက်မြင့်မားစေရေး လေ့ကျင့်သင်တန်းပေးခြင်းကိစ္စရပ်တွေကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သလို ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ဖွင့်လှစ်တဲ့ သင်တန်းတွေမှာ ပြင်ပဘာသာရပ်တွေအနေနဲ့ သင်ကြားပို့ချနိုင်ရေး ပြည်ပနိုင်ငံတွေက ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ပြီး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်” ဟု ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းသိမ်းက ပြောသည်။

**စာစစ်ဌာန (၁၅) ခု ဖွင့်လှစ်ကျင်းပ**

ပြန်တမ်းဝင်အရာရှိ ရွေးချယ်ရေးအပိုင်းနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဖော်ဆောင်ခဲ့သည်။ “ဦးစွာ စာစစ်ဌာနပြောင်းလဲခြင်းအနေနဲ့ ဝန်ကြီးဌာနအသီးသီးမှာ လစ်လပ်လျက်ရှိတဲ့ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ဝင်ပေါက် လစ်လပ်ရာထူးနေရာတွေအတွက် ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို အရင်က တိုင်းဒေသကြီး/ ပြည်နယ် အစိုးရရုံးစိုက်ရာမြို့တော်တွေမှာ စာစစ်ဌာန (၁၅) ခုနဲ့ ဖွင့်လှစ်ကျင်းပခဲ့ပါတယ်။ ဒီလိုကျင်းပခဲ့ရာကနေ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနဲ့ မော်လမြိုင်စတဲ့ စာစစ်ဌာန ငါးခုနဲ့ ပြင်ဆင်ကျင်းပခဲ့ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ရေးနှင့်စပ်လျဉ်း၍ ပြည်သူ့ဝန်ကို တာဝန်ထမ်းဆောင်လိုသော အရင်းခံစိတ်(Motivation)ကို အခြေခံသည့် စဉ်းစားတွေးခေါ်နိုင်စွမ်းကို စစ်ဆေးသည့်စနစ်ဖြင့် စစ်ဆေးရွေးချယ်လျက်ရှိသည်။ နိုင်ငံ့ဝန်ထမ်းအရာထမ်းများ ရွေးချယ်ရာတွင် စဉ်းစားတွေးခေါ်နိုင်စွမ်းကို စစ်ဆေးသည့်စနစ်ဖြင့် မြန်မာ၊ အင်္ဂလိပ်၊ သုတရေးရာ ဘာသာရပ်များ စစ်ဆေးမေးမြန်းခြင်းကို ပြည်ထောင်စု ရာထူးဝန်အဖွဲ့အနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

ရေးဖြေစာမေးပွဲများတွင် ဖြေဆိုရသည့်မေးခွန်းများကို ပြည်သူ့ဝန်ထမ်း တာဝန်ထမ်းဆောင်လိုခြင်း အရင်းခံအကြောင်း (Motivation) ကို ဖော်ထုတ်ပြသနိုင်မည့် မေးခွန်းပုံစံများအဖြစ် ပြောင်းလဲအသုံးပြုခဲ့သည့်အတွက် လူမှန်၊ နေရာမှန် အရည်အချင်းပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းများကို ရွေးချယ်လာနိုင်ခဲ့သည်။

ယခင်က ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ဝင်ပေါက် လစ်လပ်ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲစစ်ဆေးခြင်းမတိုင်မီ၊ ကွန်ပျူတာဖြင့် ဆန်ခါတင်စစ်ဆေးခြင်း (Screening Test) ကို ဝင်ရောက်ဖြေဆိုစေပြီး Screening Test အောင်မြင်မှသာ ဒုတိယအဆင့် ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ပြုခြင်း၊ တတိယအဆင့် စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမှု ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထိုသို့ ကွန်ပျူတာဖြင့် ဆန်ခါတင်စစ်ဆေးခြင်း (Screening Test) ကို အသုံးပြုလိုက်သည့်အတွက် ဦးစွာဝင်ရောက်ဖြေဆိုသူများမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် လိုအပ်သည့် အရည်အသွေးနှင့် ပြည့်မီသူများကို ရွေးချယ်စိစစ်လာနိုင်ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သိရသည်။

ထို့အတူ စိတ်အခြေအနေစစ်ဆေးခြင်းအတွက် အသုံးပြုနေသည့် စစ်ဆေးလွှာများကို ခေတ်ကာလနှင့်လျော်ညီပြီး နိုင်ငံတကာအဆင့်မီ စစ်ဆေးလွှာပုံစံများအဖြစ် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ပြုပြင်မွမ်းမံပြောင်းလဲအသုံးပြုစစ်ဆေးလျက်ရှိသည်။

“လေးနှစ်တာကာလအတွင်းမှာ ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်း (၂၈) ခုမှ ပြန်တမ်းဝင်အရာရှိအဆင့် လစ်လပ်ရာထူး ၁၉၅၃ နေရာအတွက် ၁၇၆၀၊ လက်ထောက်ဆရာဝန် လစ်လပ်ရာထူး ၇၄၃၇ နေရာအတွက် လက်ထောက်ဆရာဝန် ၅၁၃၁ ဦးကို ရွေးချယ်ပေးနိုင်ခဲ့ပါတယ်” ဟု ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ပြောသည်။

**ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူ**

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ရာထူးဝင်ခွင့် ဖြေဆိုသူများအား Online မှ လျှောက်လွှာတင်နိုင်ရန် Online Application System – OAS ကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ ဌာနတွင်းမှ အမှုထမ်းဝန်ထမ်းများအား ပြန်တမ်းဝင်အရာရှိအဆင့်သို့ ရာထူးတိုးမြှင့်ပေးရေး၊ ထောက်ခံအတည်ပြုပေးရေးလုပ်ငန်းစဉ်များမှ ယခုနှစ်တွင် လုပ်သက်ပြည့် ၇၁၅၈ ဦး၊ သတ်မှတ်လုပ်သက်လျှော့ ဝန်ထမ်း ၁၀ ဦး၊ သတ်မှတ်ပညာအရည်အချင်းလျှော့ ဝန်ထမ်း ၁၅ ဦး စုစုပေါင်း ဝန်ထမ်း ၇၁၈၃ ဦးတို့ကို ပြန်တမ်းဝင်အရာရှိအဆင့် ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ပေးခဲ့သည်။ လေးနှစ်တာကာလအတွင်း စုစုပေါင်း ၃၁၄၄၀ ကို ပြန်တမ်းဝင်အရာရှိအဆင့် ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ပေးခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတို့အရ ဝန်ကြီးဌာနတစ်ခုမှ အခြားဝန်ကြီးဌာနတစ်ခုသို့ ပြန်တမ်းဝင်အရာရှိများ ပြောင်းရွှေ့ခြင်းများကို သဘောထားမှတ်ချက် တင်ပြပြန်ကြားခြင်းဆောင်ရွက်ချက်များကို လုပ်ဆောင်ရပါသည်။ တပ်မတော်မှ ဆေးအဆင့်နိမ့် အီးအေ (၁/၂) အရာရှိများကို နယ်ဘက်ဝန်ကြီးဌာနအဖွဲ့အစည်းများကို လွှဲပြောင်းတာဝန်ထမ်းဆောင်ရေးအတွက် ၎င်းတို့ ဆန္ဒပြုချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများကို ညှိနှိုင်းပေးခဲ့ပါသည်။ အဖွဲ့အနေဖြင့် လေးနှစ်တာကာလအတွင်း အရပ်ဘက်ဌာနအဖွဲ့အစည်းအချင်းချင်း ပြောင်းရွှေ့ခြင်းနှင့် တပ်ဘက်မှ အရပ်ဘက်သို့ ပြောင်းရွှေ့ခြင်းအတွက် အရာထမ်း ၁၀၆၇ ဦးကို ဆောင်ရွက်ပေးခဲ့သည်။

**ပြင်ဆင်ပြဋ္ဌာန်း**

ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ခေတ်စနစ်နှင့်လျော်ညီမှုရှိစေရန်နှင့် လက်တွေ့ကျင့်သုံးဆောင်ရွက်နေမှုများနှင့် ကိုက်ညီမှုရှိစေရန်အတွက် သုံးသပ်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ပုဒ်မအခု ၂၀ ဖြင့် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေအား ပုဒ်မသုံးခုဖြင့် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေအား ၂၉ ခု၊ ဖြည့်စွက်လေးခုတို့ဖြင့် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများအား နည်းဥပဒေတစ်ခုဖြင့် လည်းကောင်း ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ခန့်ထားရေးကိစ္စရပ်များ၊ ရာထူးတိုးမြှင့်ရေးကိစ္စရပ်များ၊ အထွေထွေကိစ္စရပ်များ၊ အနည်းဆုံး ပညာအရည်အချင်းသတ်မှတ်ချက်များ၊ ပြင်ပဝန်ထမ်း စည်းကမ်းချက်များ၊ စည်းကမ်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်မေးမြန်းလာသည့် ဝန်ထမ်းရေးရာကိစ္စရပ်များမှ အဖွဲ့အနေဖြင့် ၂၀၁၉ ခုနှစ်အတွင်း သဘောထားမှတ်ချက် ၂၄၈ ခု ပြန်ကြားခဲ့ပြီး လေးနှစ်တာကာလအတွင်း စုစုပေါင်း ၇၆၁ ခုကို ပြန်ကြားခဲ့သည်။

**ပုံနှိပ်ထုတ်ဝေ**

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းများ အသိပညာပြန့်ပွားရေးနှင့် လုပ်ငန်းခွင်တွင် လက်တွေ့ပြန်လည်အသုံးပြုနိုင်ရေးအတွက် အဖွဲ့မှထုတ်ပြန်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးမူဝါဒ (Civil Service Training Policy)၊ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းစနစ် (Myanmar Civil Service System)၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းဂျာနယ်၊ ဝန်ထမ်းကျင့်ဝတ်စာစောင်နှင့် ရုံးလုပ်ငန်းလက်စွဲစာအုပ်တို့ကို ပုံနှိပ်ထုတ်ဝေပေးခဲ့သည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အနေဖြင့် မြန်မာနိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) အရ လုပ်ဆောင်သည့် Project Bank တွင် “e–Recruitment and Integrated Civil Service System” Project Proposal ကိုလည်း ရေးဆွဲဆောင်ရွက်ထားရှိပြီး ၂၀၂၀–၂၀၂၁ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ မျှော်မှန်းထားရှိသည်။

**ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းရေးဆွဲ**

မြန်မာနိုင်ငံသားများ နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်ဝင်ရောက်ရန် လျှောက်ထားချိန်မှစ၍ အငြိမ်းစားယူသည်အထိ နိုင်ငံ့ဝန်ထမ်းများ စီမံခန့်ခွဲသည့်စနစ်ကို Automation စနစ်သို့ သွားနိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) အရ လုပ်ဆောင်သော Project Bank တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် “e–Recruitment and Integrated Civil Service System” Project Proposal ကို ရေးဆွဲခဲ့ပြီး ၂၀၂၀–၂၀၂၁ တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မျှော်မှန်းထားသည်။

ထို့ပြင် ICT ကို အသုံးပြုပြီး ပြည်သူများကို e–Service များ ပေးရာတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံ့ဝန်ထမ်းများ၏ ICT ဆိုင်ရာ Awareness ICT Competency ကျွမ်းကျင်မှု တိုးတက်စေရေးတို့အတွက် ရည်ရွယ်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းနှင့် ပူးပေါင်းကာ နယ်လှည့် နည်းပညာဟောပြောပွဲကို တိုင်းဒေသကြီးငါးခုနှင့် ပြည်နယ်ခြောက်ခုတွင် ဆောင်ရွက်ခဲ့သည်။ *အချပ်ပို (ဃ) သို့*



ဗဟိုဝန်ထမ်းတက္ကသိုလ်များ၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy– CSA)၊ တက္ကသိုလ်အကြံပေးအဖွဲ့ (Advisory Group) နှင့် တက္ကသိုလ်ပညာရပ်အဖွဲ့ (Board of Studies) များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။




ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းသိမ်း စင်ကာပူသမ္မတနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၃၀ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ အစိုးရအဖွဲ့အစည်း ခေါင်းဆောင်များဖိုရမ်နှင့် အုပ်ချုပ်မှုဆိုင်ရာ ထိပ်သီးအစည်းအဝေးပွဲတို့ကို တက်ရောက်ခဲ့စဉ်။

*အချပ်ပို (ဂ) မှ*

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အနေဖြင့် နိုင်ငံ့ဝန်ထမ်း အရာထမ်းများ အင်္ဂလိပ်စာ အရည်အသွေးမြှင့်တင်နိုင်ရန် နယူးဇီလန်နိုင်ငံ ဗစ်တိုးရီးယားတက္ကသိုလ်နှင့် ပူးပေါင်းပြီး English Language Training for Government Official သင်တန်းကို ဝန်ကြီးဌာန အဖွဲ့အစည်းများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးအုပ်စု၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးအုပ်စု၊ ဦးစီးအရာရှိများအုပ်စု စသည်ဖြင့် တစ်အုပ်စုကို ၃၅ ဦးစီဖြင့် အုပ်စုသုံးခုခွဲကာ အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်း ဖွင့်လှစ်လျက်ရှိသည်။

**IASIA သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်**

ထို့ပြင် နိုင်ငံ့ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးရာ ဗဟိုဝန်ထမ်းတက္ကသိုလ်များကို နိုင်ငံတကာအသိအမှတ်ပြုသည့် သင်တန်းကျောင်းများဖြစ်လာစေရန် ရည်ရွယ်၍ စီမံအုပ်ချုပ်မှု လေ့ကျင့်ရေးသင်တန်းကျောင်းများနှင့် တက္ကသိုလ်များဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ - IASIA သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။



၈-၁၀-၂၀၁၉ ရက်က ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP မှ ဌာနေကိုယ်စားလှယ် Mr. Peter Batchelor အား လက်ခံတွေ့ဆုံစဉ်။



Inter-Sectoral Dialogue Forum on Public Service Motivation to Support the Realisation of ASEAN Community Vision 2025 and Sustainable Development Goals ကို ၁၈/၁၉-၁၁-၂၀၁၉ ရက်၌ နေပြည်တော် Grand Amara Hotel တွင် ကျင်းပစဉ်။

**နိုင်ငံ့ဝန်ထမ်းအရည်အသွေးမြှင့်တင်**

ဗဟိုဝန်ထမ်း တက္ကသိုလ်များတွင် သင်တန်းပို့ချသည့် ဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရေးအနေဖြင့် "ရာထူးအဆင့်အလိုက် ပြည်တွင်း ပြည်ပမှာ ဖွင့်လှစ်လျက်ရှိတဲ့ Ph.D၊ MPA MBA၊ MPP Diploma တွေ၊ Workshop၊ Seminar၊ Training တွေ စေလွှတ်ခဲ့ပါတယ်။ ဒါ့ပြင် Training of Trainers - ToT သင်တန်းပေးမှုအနေနဲ့ ရန်ကုန်မြို့အခြေစိုက် အမေရိကန်နိုင်ငံ Fulbright Specialist Program ရဲ့ နိုင်ငံ့ဝန်ထမ်း အရည်အသွေးမြှင့်တင်မှု (Capacity Enhancement of Myanmar Civil Service) သင်တန်းတွေ၊ အမေရိကန်နိုင်ငံ၊ English Language Fellow Program (ELFP) အစီအစဉ်နဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) မှာ (ToT) Course for English Faculty သင်တန်းနဲ့ English Language Proficiency သင်တန်းတွေ ပေးခဲ့ပါတယ်" ဟု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ပြောသည်။

UNDP ၏ ပံ့ပိုးကူညီမှုဖြင့် နယူးဇီလန်နိုင်ငံ State Services Commission က ပို့ချသည့် Course Analysis and Curriculum Design ရေးဆွဲခြင်းသင်တန်း၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်တို့ ပူးပေါင်းပြီး Capacity Building and Training of Trainers on Pedagogy သင်တန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ - CNAG အစီအစဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တို့တွင် 2019 Training Course for Myanmar Trainers in Myanmar သင်တန်းများကို ဖွင့်လှစ်ခဲ့သည်။

**တိုးချဲ့ဖွဲ့စည်း**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အနေဖြင့် လက်ရှိအစိုးရအဖွဲ့၏ လေးနှစ်တာကာလအတွင်း ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီတစ်ခုစီ ဖွင့်လှစ်နိုင်ရေးအတွက် တက္ကသိုလ်များ၏ ရည်ရွယ်ချက်နှင့် ဦးတည်ချက်များ၊ အမှတ်တံဆိပ်နှင့် ဆောင်ပုဒ်များ၊ သင်ရိုးဇယားများ၊ ဝန်ထမ်းများနှင့် သင်တန်းသားများ၏ တူညီဝတ်စုံများ ပြင်ဆင်သတ်မှတ်ခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ကို (အောက်မြန်မာပြည်) ဟု ပြင်ဆင်ခြင်း၊ ပညာဌာနတွေအဖြစ် စီမံခန့်ခွဲမှုပညာဌာန၊ စီးပွားရေးပညာဌာန၊ နိုင်ငံရေးသိပ္ပံပညာဌာန၊ လူမှုရေးသိပ္ပံပညာဌာန၊ ဥပဒေပညာဌာန၊ အင်္ဂလိပ်ဘာသာပညာဌာနနှင့် ICT ပညာဌာန စတဲ့ ပညာဌာန ခုနစ်ခုတို့ဖြင့် တိုးချဲ့ဖွဲ့စည်းခြင်း၊ ဖွဲ့စည်းပုံများ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အပြင် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီတစ်ခုစီ ဖွင့်လှစ်နိုင်ခဲ့သည်။

ပြည်သူ့ဝန်ထမ်းအကယ်ဒမီများ ဖွင့်လှစ်ခဲ့ပြီး ပို့ချဘာသာရပ်များကို နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများအဖြစ် ပြင်ဆင်နိုင်ရေးအတွက် တက္ကသိုလ်အကြံပေးအဖွဲ့၊ တက္ကသိုလ်ပညာရပ်အဖွဲ့၊ နည်းပညာရပ်ပိုင်းဆိုင်ရာ လုပ်ငန်းအဖွဲ့များနှင့် သုံးသပ်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။ ဗဟိုဝန်ထမ်းတက္ကသိုလ်များရှိ ပြည်သူ့ဝန်ထမ်းအကယ်ဒမီများမှ အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ ပြီး သုံးနှစ်အတွင်း သင်တန်းသား ၁၇၆၉ ဦးကို ဘွဲ့လွန်ဒီပလိုမာများ ပေးအပ်နိုင်ခဲ့သည်။

**အဆင့်မြင့်ဒီပလိုမာများ ပေးအပ်**

ထို့ပြင် ၂၀၁၈ ခုနှစ် မတ် ၁၂ ရက်တွင် အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာသင်တန်းကို စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်နှစ်အတွင်း သင်တန်းသား ၅၈၅ ဦးကို အဆင့်မြင့်ဒီပလိုမာများ ပေးအပ်နိုင်ခဲ့သည်။

**အကြီးစားမွမ်းမံပြင်ဆင်ပေး**

"ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းနဲ့ အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာသင်တန်းတွေကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။ သင်တန်းသား နေထိုင်ရေး၊ အိပ်ဆောင်များ အသစ်တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်း၊ စာသင်ဆောင်တွေကို အသစ်တည်ဆောက်ပေးခြင်း၊ မွမ်းမံပြင်ဆင်ခြင်း စတာတွေ ဆောင်ရွက်ပေးခဲ့သလို သန္ဓေဝန်ထမ်းတွေအတွက် သင်ကြားစီမံရုံး၊ ဝန်ထမ်းအိမ်ရာတွေ စီစဉ်ပေးခြင်း၊ အဆောက်အဦအဟောင်းတွေ အကြီးစားမွမ်းမံ ပြင်ဆင်ပေးခြင်းကိုလည်း စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်" ဟု ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ပြောသည်။




ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပစဉ်။

ထိုကဲ့သို့ တည်ဆောက်ပေးခဲ့သည့်အတွက် သင်တန်းသားများသည် ယခင်က Hall Type ခန်းမဆောင်ကြီးအတွင်း စုပေါင်းနေထိုင်ရခြင်းမှ ယခုအခါ Single တစ်ဦးချင်းသီးသန့်အခန်းများဖြင့် စိတ်အေးသက်သာစွာ နေထိုင်လေ့လာနိုင်ပြီ ဖြစ်သည်။

"သင်ကြားရေး နည်းစနစ်ပိုင်းကိုလည်း စီမံခန့်ခွဲမှုနဲ့ ခေါင်းဆောင်မှုဆိုင်ရာ သင်တန်းတွေကို စီမံခန့်ခွဲမှုလေ့ကျင့်သင်ကြားရေးဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းနဲ့ ပညာရေးဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းတို့နဲ့ လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေဟာ ရာထူးအဆင့်အလိုက် တက်ရောက်ဖို့ သတ်မှတ်ထားတဲ့ သင်တန်းတွေကို မဖြစ်မနေ တက်ရောက်ပြီးမှသာ ရာထူးတိုးမြှင့်ခံရခြင်း၊ ချီးမြှင့်မြှောက်စားခံရခြင်းတွေ စတဲ့ ခံစားခွင့်ရရှိမှာ ဖြစ်ပါတယ်။ လက်ရှိအစိုးရလက်ထက်မှာ နိုင်ငံ့ဝန်ထမ်းတွေရဲ့ သင်တန်းတက်ရောက်ရန် ကျန်ရှိမှုစာရင်းတွေ ကောက်ခံလိုက်တဲ့အခါမှာ သင်တန်းသားများစွာ ကျန်ရှိနေတာကို သိရပါတယ်" ဟု ဦးဝင်းသိမ်းက ရှင်းပြသည်။

ထိုသို့ ဗဟိုဝန်ထမ်းတက္ကသိုလ်များ တက်ရောက်ရန် ကျန်ရှိနေသည့် နိုင်ငံ့ဝန်ထမ်းများကို ထိရောက်စွာ လေ့ကျင့်ပေးနိုင်ရန် သင်ရိုးဇယားပြင်ဆင်ခြင်း၊ အဓိကဘာသာရပ်များ သင်ကြားခြင်း၊ သင်တန်းကာလ လျှော့ချခြင်းများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် ပြည်သူများ၏ လိုအပ်ချက်များကို မဆိုင်းမတွ ဖြည့်ဆည်းပေးနိုင်မည့်၊ ပြည်သူများကို ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်မည့် ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်စေရေးနှင့် အရည်အချင်းကို အခြေခံ၍ စွမ်းဆောင်ရည်ပြည့်ဝသူများ နိုင်ငံ့ဝန်ထမ်းလောကအတွင်း ရောက်ရှိစေရေးအတွက် နိုင်ငံ့ဝန်ထမ်းများရွေးချယ်ရေး၊ လေ့ကျင့်ရေးနှင့် နိုင်ငံ့ဝန်ထမ်းများနှင့် သက်ဆိုင်သည့် ဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ အနေဖြင့် စတုတ္ထ (၁) နှစ်တာအပါအဝင် လက်ရှိအစိုးရ၏ လေးနှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။